# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၂၅ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၃၇)


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးဟန်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းသည် မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုကို ပိုမိုတိုးမြှင့်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ အန္တိမရည်ရွယ်ချက်မှာ နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်မည်ဆိုသည့် သန္နိဋ္ဌာန်ဖြစ်ပါကြောင်း။

**နိုင်ငံသူနိုင်ငံသားအားလုံးပူးပေါင်း**

မိမိတို့နိုင်ငံကို ဒီမိုကရက်တစ်နိုင်ငံ တည်ဆောက်နိုင်မှ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်မှ ပြည်ထောင်စုနိုင်ငံ၊ ဖက်ဒရယ်နိုင်ငံကို တည်ဆောက်၍ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးနှင့် နိုင်ငံသူ နိုင်ငံသား အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ပါကြောင်း။

လောကနိယာမသဘောတရားအရ ပြုပြင်ပြောင်းလဲမှုသည် အချိန်နှင့်အမျှ ပြောင်းလဲနေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုရေစီးကြောင်းတွင် လိုက်ပါနိုင်မှ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်ကြီးလည်း ငြိမ်းချမ်းသာယာဝပြောလာမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❒



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီထံ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့**

စာ » ၄

**ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် တည်ငြိမ်မှုတို့ကို အခြေခံ၍ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် မောင်းနှင်ပေးခဲ့သော လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် အဖွဲ့အား ရွေးချယ်**

စာ » ၄




မြန်မာ့အလင်း

# ခေတ်ပြောင်း စနစ်ပြောင်းချိန်

ယနေ့ကာလသည် မိမိတို့နိုင်ငံတွင် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ပြောင်းလဲတည်ဆောက်နေချိန်ဖြစ်သည်။ စင်စစ်အားဖြင့် ခေတ်ပြောင်း စနစ်ပြောင်းခြင်းဟုဆိုသော အပြောင်းအလဲများကို မဝေးကွာလှသေးသည့် အတိတ်ကာလဆယ်စုနှစ်များထဲတွင် မိမိတို့ တွေ့ကြုံခံစားခဲ့ကြရပြီးဖြစ်သည်။ ဥပမာအားဖြင့် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးဟူသည်ကို ဆယ်စုနှစ်များနှင့်ချီ၍ ဆင်နွှဲခဲ့ကြရဖူးသည်။ ဆိုရှယ်လစ်ပန်းတိုင်ကိုသော်လည်းကောင်း၊ ဆိုရှယ်လစ်စနစ်၏ အသီးအပွင့်များဟူသည်တို့ကို သော်လည်းကောင်း မတွေ့ရ၊ မမြင်ရ၊ မခံစားကြရဘဲ ခေတ်စနစ်တစ်ခု ပြိုကျပျက်စီးကာ နောက်ထပ်ခေတ်စနစ်တစ်ခုနှင့် တွေ့ကြုံကြရ၏။ ဤသို့လျှင် ခေတ်ပြောင်းစနစ်ပြောင်းများကို ပိတ်ကားပေါ်မှ အရိပ်ပြဇာတ်များသဖွယ် တစ်ခုပြီးတစ်ခု ပြောင်းလဲသွားခဲ့ကြသည်ကို ပြည်သူတို့က ကြည့်ငေးရုံမျှသာ ပါဝင်ခဲ့ကြရပြီး ခေတ်စနစ်၏ အမှားအယွင်းများနှင့် ဒဏ်ရာဒဏ်ချက်များကိုမူ နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသည့် အတွေ့အကြုံများက ရှိနှင့်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် . . .

သည်တစ်ခါ ခေတ်ပြောင်းစနစ်ပြောင်းခြင်းက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးဖြစ်သည်။ ဒီမိုကရေစီစနစ်သည် နိုင်ငံသူနိုင်ငံသားများအတွင်း၊ မိမိတို့၏ လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တရားမျှတမှုရှိရေးအတွက်ဖြစ်ပြီး တိုင်းရင်းသားအားလုံး တန်းတူရည်တူ၊ အခွင့်အရေးတူညီမှုကို အခြေပြု၍ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားကြရမှာ ဖြစ်သည်။

"မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ခြင်းသည် ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ်ကို ပြောင်းလဲလာခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် လမ်းရိုးလမ်းဟောင်းမှ ခေတ်စနစ်နှင့်အညီ လမ်းသစ်ကိုထွင်ပြီး လုပ်ရမည်ဖြစ်ပါကြောင်း၊ ယခင်ကအတိုင်း အတွေးအခေါ် အပြုအမူများနှင့် ဆောင်ရွက်မည်ဆိုလျှင် ပြုပြင်ပြောင်းလဲမှု ခရီးမရောက်နိုင်ပါကြောင်း" နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား မေ ၂၄ ရက်က တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ကျော်ကာလအတွင်း ခေတ်စနစ်အပြောင်းအလဲများ မည်ကဲ့သို့ ကြုံခဲ့ကြရသည်ဟု ဆိုစေကာမူ စင်စစ်အားဖြင့် အဆိုပါ အပြောင်းအလဲများအားလုံးသည် ပြည်သူကို ဗဟိုပြုခဲ့သည် မဟုတ်။ နိုင်ငံတော်ကို ဖန်တီးပုံဖော်ရာတွင် ပြည်သူများ ပါဝင်ခွင့်ရခဲ့သည်မဟုတ်။ ပုံစံအမျိုးမျိုးသော ဗဟိုဦးစီးစနစ်များ၏အောက်တွင် အုပ်ချုပ်ခံ လူတန်းစားများအဖြစ်သာ နေထိုင်ခဲ့ကြရခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများဟူသည်မှာလည်း ထိုခေတ် ထိုစနစ်များကို အကောင်အထည်ဖော်ခဲ့ကြရခြင်းဖြစ်သည့်အလျောက် ပြည်သူတို့နှင့် ကင်းကွာခဲ့ကြသည်။ နိုင်ငံ့ဝန်ထမ်းဟူသည် ပြည်သူထဲမှ ပြည်သူများသာလျှင် ဖြစ်သည့်တိုင်အောင် ပြည်သူ့ဘဝနှင့် ကင်းကွာကာ ပြည်သူကို ဖိစီးခြင်း၊ အာဏာပြခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း စသည့် အမူအကျင့်ဆိုးများဖြင့် ရုံးပြင်ကနားတို့ကို ပြည်သူများ မဝင်ရဲ၊ မသွားရဲလောက်အောင်ပင် အကျင့်ပျက်ခဲ့ကြသည်။

မည်သို့ပင်ဆိုစေ ခေတ်ပြောင်းစနစ်ပြောင်း အစိုးရအဖွဲ့အပြောင်းအလဲတို့တွင် နိုင်ငံဝန်ထမ်းဟူသည် ခေတ်စနစ်နှင့်ညီအောင် ပြောင်းလဲကြရစမြဲ။ ပြည်သူတို့က ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရခေတ်တွင် နိုင်ငံ့ဝန်ထမ်းသည်လည်း ပြည်သူ့အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်သည့်၊ ပြည်သူ့တာဝန်ကျေပွန်သည့် ဝန်ထမ်းများ၊ စည်းကမ်းလိုက်နာ၊ ကျင့်ဝတ်စောင့်ထိန်းသည့် ဝန်ထမ်းများအဖြစ် ခေတ်သမိုင်းကို ရေးထိုး ကြစေလိုပါကြောင်း။ ။

## ဥတုရာသီ၊ တောကိုမှီ၏

## စလင်း၌ လူနာများကို အခမဲ့ ဆေးကုသပေး

**စလင်း မေ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ယမန်နေ့က ဒို့မေတ္တာပရဟိတ လူမှုကူညီမှုအသင်းမှ စလင်းမြို့နယ်အတွင်းရှိ ဆေးဝါးကုသလိုသူများကို အခမဲ့ဆေးကုသပေးသည်။ယင်းသို့အခမဲ့ဆေးကုသပေးရာတွင် စလင်းမြို့မြင်တင်ရပ်မှ ဒေါက်တာစိုးမြင့်အောင်က အခမဲ့စမ်းသပ်ပေးပြီး လူနာ များအတွက် ကျသင့်သည့်ဆေးဖိုးကုန်ကျစရိတ်ကို ဒို့မေတ္တာ ပရဟိတလူမှုကူညီမှုအသင်းကကျခံပြီး လူနာ ၁၀၀ ကျော်ခန့်ကို အခမဲ့ကုသပေးခဲ့သည့်အပြင် ဆေးကုသလိုသူများကို လစဉ်တစ်လတွင်တစ်ရက် အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ပညာရေးဝန်ကြီးဌာန

၂၀၁၉-၂၀၂၀ ပညာသင်နှစ်

"မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၉ ခုနှစ်၊ မေလ (၂၅) ရက်မှ (၃၁) ရက်အထိ

ပညာရေးဝန်ကြီးဌာန

"၂၀၁၉-၂၀၂၀ ပညာသင်နှစ်"

အသိပေးကြေညာချက်

- ❖ ၅ နှစ်အရွယ် ကလေးများကိုသူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကိုပထမတန်း (Grade-1) သို့ အပ်နှံရန်။

## ကျောက်တန်း၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိ

**ကျောက်တန်း မေ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရေကျော်ကျေးရွာအုပ်စု ချောင်းစောက်ကျေးရွာတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို မေ ၂၂ ရက်က တွေ့ရသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်များတွေ့ရှိရာ ဒေသခံပြည်သူတစ်ဦးက ပရိယတ္တိဘူမိကျောင်းအတွင်း ဆွမ်းချက်ဆောင်ဆောက်လုပ်နေသည့်အတွက် လိုအပ်သော အုတ်ခဲများကို လွန်ခဲ့သောနှစ်ပေါင်း ၁၃၂ နှစ်ခန့်က တည်ထားခဲ့သော ပြိုကျနေသည့်ဘုရားငုတ်တို စေတီတော်မြတ်ကြီးရှိ အသုံးပြုနိုင်မည့် အုတ်အနည်းငယ်ကို သွားရောက်ယူရာတွင် ငွေဖြင့်သွန်းထုထားသော ၁၂၄၉ ပြာသိုလဆန်းဟု စာများပါရှိသည့် နဂါးရုံဘုရားဆင်းတုတော်တစ်ဆူနှင့် စေတီတစ်ဆူတွေ့ရှိရကြောင်း၊ ထပ်မံ၍ ငွေဖြင့်သွန်းထုထားသော ထိုင်တော်မူရုပ်ပွားတော်ရှစ်ဆူ၊ မတ်တတ်ရုပ်ပွားတော် နှစ်ဆူတွေ့ရှိရ၍ ပရိယတ္တိဘူမိကျောင်းတိုက်အပေါ်ထပ်သို့ ပင့်ဆောင်ပူဇော်ထားရှိကြောင်း၊ ယင်းရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တွေ့ရှိမှုကို သက်ဆိုင်ရာသို့လည်း အကြောင်းကြားထားကြောင်း သိရသည်။ **နန်းအေးခိုင်(ကျောက်တန်း)**



ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို တွေ့ရစဉ်။

## တမူးမြို့တွင် ဒုတိယမြောက် မီးပွိုင့်တပ်ဆင်မည်

**တမူး မေ ၂၄**

တမူးမြို့တွင် လူစည်ကားသည့် ဗိုလ်ချုပ်လမ်းနှင့် အလောင်းဘုရားလမ်းဆုံတို့တွင် ဒုတိယမြောက် မီးပွိုင့်တပ်ဆင်တော့မည်ဖြစ်ကြောင်း မီးပွိုင့်တပ်ဆင်နိုင်ရေးကော်မတီမှ သိရသည်။

ယခင်က တမူးမြို့တွင် မဟူရာလမ်းနှင့်ဗိုလ်ချုပ်လမ်းဆုံ မီးသတ်စခန်းအနီးရှိ ၂၀၁၇ ခုနှစ်က တပ်ဆင်ခဲ့သော မီးပွိုင့်တစ်ခုသာရှိပြီးယခုတပ်ဆင်မည့် ဒုတိယမြောက်မီးပွိုင့်သည်မြို့၏ အချက်အချာကျရာ အများပြည်သူများ နေ့စဉ်ဖြတ်သန်း သွားလာနေသောနေရာဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများ အများဆုံးဖြတ် သန်းသွားလာမှုရှိသည့်အတွက် ယာဉ်အန္တရာယ် ကင်းရှင်းစေရန် တပ်ဆင်ခြင်းဖြစ်ကြောင်း၊ အများပြည်သူများ စုပေါင်းလှူဒါန်းမှုနှင့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီတို့ ထည့်ဝင်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ခန့်မှန်းကုန်ကျငွေကျပ် သိန်း၁၀၀ခန့် ကုန်ကျမည်ဖြစ်ပြီး မီးပွိုင့်အပြင် CCTVနှင့် ယာဉ်ထိန်းကြီးကြပ်ရေးရုံးပါ တည်ဆောက်မည်ဖြစ်ကြောင်း မီးပွိုင့်တပ်ဆင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးဆုသန်းက ပြောကြားသည်။

တမူးမြို့သည် နယ်စပ်မြို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့်အတွက် နေ့စဉ် ယာဉ်ကြီးယာဉ်ငယ်များဖြတ်သန်းလျက်ရှိရာ ယခုလို လူစည်ကားသည့် လမ်းဆုံတွင် မီးပွိုင့်တပ်ဆင်ခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းလာတော့မည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူရ(ပြန်/ဆက်)**

## ပညာရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး
## သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း၊ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး၊ လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်းမပြုရ။
- ❖ အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ အသက် ၅ နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် ၆ နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ဇွန်လမှ မတ်လအထိ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်းပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံး စစ်ဆေးခြင်းများကို ၂၀၁၉-ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၀ ခုနှစ် မတ်လတွင်တစ်ကြိမ် စုစုပေါင်း (၄)ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education) ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထားဆောင်ရွက်ပြီး၊ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေးမိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

❒ *ရှေ့ဖုံးမှ*

တချို့က ပြုပြင်ပြောင်းလဲမှုကို စိုးရိမ်နေကြပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာမဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် မိတ်ကောင်းဆွေကောင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ခြိမ်းခြောက်မှုမဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသူ နိုင်ငံသားများ၏ သားစဉ်မြေးဆက် ပျော်ရွှင်ချမ်းမြေ့မှုအတွက် အခွင့်ကောင်းအခါကောင်း ဖြစ်ပါကြောင်း။

**ရှင်သန်လာမည်ဖြစ်**

မည်သည့်နိုင်ငံ၊ မည်သည့်ခေတ်၊ မည်သည့်စနစ်တွင်မဆို ပြုပြင်ပြောင်းလဲမှုမရှိဘဲနှင့် ဖွံ့ဖြိုးတိုးတက်မှု မရနိုင်ပါကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် အခြေအနေအချိန်အခါအရ ဖြစ်ပေါ်နေသည့် ရေစီးကြောင်းတွင် လိုက်ပါနိုင်မှ အမျိုးသားအကျိုးစီးပွား ရေရှည်တည်တံ့မှု ရှင်သန်လာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်သည် ဖက်ဒရယ်ပြည်ထောင်စုအတွက် အထောက်အပံ့ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုသည် ဒီမိုကရေစီ ခိုင်မြဲရေးကို အားပေးပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည်ဟု သန္နိဋ္ဌာန်ချထားခြင်း ဖြစ်ပါကြောင်း။

မိမိတို့လိုချင်သည့် အုပ်ချုပ်ရေးသည် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် အုပ်ချုပ်ရေးပုံစံမျိုးဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ တရားမျှတမှုရှိရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအသီးသီးတွင် တရားမျှတမှုရှိမှ ဒီမိုကရေစီ အခြေခံအုတ်မြစ် ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ တရားမျှတမှုမရှိ၍ ဒီမိုကရေစီ အခြေခံအုတ်မြစ် မခိုင်မြဲပါက နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံကို တည်ဆောက်ရန် မလွယ်ပါကြောင်း။

နိုင်ငံရေးအရ၊ စီးပွားရေးအရ၊လူမှုရေးအရ တရားမျှတမှုဆိုသည်မှာ အားလုံးတန်းတူ ညီတူအခွင့်အရေးရရှိခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး၊ အဖွဲ့အစည်းများအားလုံး အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ ဥပဒေအရာတွင် ညီမျှမှုဖြစ်စေလိုပါကြောင်း၊ အားလုံးသည် ဥပဒေ၏ ရှေ့မှောက်တွင် အညီအမျှဖြစ်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဥပဒေ၏ အထက်တွင် မည်သူမျှမရှိရပါကြောင်း။

မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ခြင်းသည် ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ်ကို ပြောင်းလဲလာခြင်းဖြစ်ပါကြောင်း၊ ထိုသို့ပြောင်းလဲရာတွင် လမ်းရိုးလမ်းဟောင်းမှ ခေတ်စနစ်နှင့်အညီ လမ်းသစ်ကိုထွင်ပြီး လုပ်ရမည်ဖြစ်ပါကြောင်း၊ ယခင်ကအတိုင်း အတွေးအခေါ် အပြုအမူများနှင့် ဆောင်ရွက်မည်ဆိုလျှင် ပြုပြင်ပြောင်းလဲမှု ခရီးမရောက်နိုင်ပါကြောင်း။

ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကိုယ်တိုင် မပြုပြင်မပြောင်းလဲဘဲ တခြားသူကို ပြုပြင်ပြောင်းလဲနိုင်မည် မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်တာဝန်ထမ်းဆောင်ရာတွင် အနာဂတ်မျိုးဆက်အတွက် တာဝန်ကျေအောင်ထမ်းဆောင်ရန်လိုကြောင်း၊ သမိုင်းကပေးသည့် တာဝန်၊ နိုင်ငံတော်ကပေးသည့် တာဝန်ကို မိမိတို့မည်မျှ စွမ်းဆောင်နိုင်ခဲ့သည်ဆိုသည့်အပေါ် မူတည်ပြီး နောင်မျိုးဆက်က အဆုံးအဖြတ်ပေးကြမည် ဖြစ်ပါကြောင်း၊ မိမိကျရာတာဝန်ကို အကောင်းဆုံး၊ အသေသပ်ဆုံး ဥပဒေနှင့်အညီ စည်းကမ်းနည်းလမ်းတကျ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

မိမိတို့ တာဝန်ထမ်းဆောင်ရာတွင် အတိတ်ကို သင်ခန်းစာယူပြီး အနာဂတ်ကို အကောင်းဆုံးဖန်တီးစေချင်ပါကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလတွင် ပြုပြင်ပြောင်းလဲပြီး ဒီမိုကရေစီမျိုးစေ့ကို ချသွားနိုင်မှ နိုင်ငံတော် ငြိမ်းချမ်းသာယာဝပြောပြီး နိုင်ငံသားများ ညီတူညီမျှအခွင့်အရေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ စားဝတ်နေရေးအခက်အခဲ၊ အကျပ်အတည်းရှိသည်ကို နားလည်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိအခက်အခဲအတွက် ပြည်သူ ပြည်သားများကို ဖိစီးခြင်း၊ နှိပ်စက်ခြင်း၊ အာဏာပါဝါပြခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းများကို မဖြစ်စေလိုပါကြောင်း။

ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ဗဟိုဦးစီးစနစ်ကို ဖြေလျှော့ပြီး ဒီမိုကရေစီထွန်းကားရေး ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ဆောင်နေပါကြောင်း။

ဒီမိုကရေစီစနစ်တွင် အပြန်အလှန်ထိန်းကျောင်းခြင်းရှိပါကြောင်း၊ ချစ်ခြင်း၊ မုန်းခြင်းအပေါ်မူမတည်ဘဲ အပြန်အလှန်ထိန်းကျောင်းမှုပေးခြင်းသည် ဒီမိုကရေစီ၏ အားသာချက်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းက ဆောင်ရွက်ချက်များကို ဥပဒေပြုရေးအပိုင်းမှ ကိုယ်စားလှယ်များက ထိန်းကျောင်းရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အုပ်ချုပ်ရေးအပိုင်းကို ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်ရန် လိုပါကြောင်း၊ ထို့အတူ အုပ်ချုပ်ရေးအပိုင်းမှလည်း တရားစီရင်ရေးအပိုင်းကို ဝင်ရောက်စွက်ဖက်၍ မရပါကြောင်း၊ တရားစီရင်ရေးအပိုင်းမှလည်း ဥပဒေပြုရေးအပိုင်းကို ဝင်ရောက်စွက်ဖက်၍ မရပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းနှင့်အဆိုများ တင်သည့်အခါတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မေးခွန်း၊ အဆိုနှင့် ပတ်သက်သည့် ကန့်သတ်ချက်၊ စည်းကမ်းချက်များနှင့်အညီသာ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုနှင့် မေးခွန်းများသည် နိုင်ငံတော်အတွက် နောင်အကျိုးဆက်ကို ကြည့်ရမည်ဖြစ်ပါကြောင်း။

မေးခွန်းများ မေးမြန်းရာတွင် မေးသင့်မေးထိုက်သည်ကို မေးရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းကလည်း သေသေချာချာကျကျနန ဖြေပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသည် အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်လေးစားမှုပင်ဖြစ်ပါကြောင်း၊ လွှတ်တော်နှင့် အုပ်ချုပ်ရေးအပိုင်း အပြန်အလှန်ယုံကြည်မှုပေး၍ အပြန်အလှန် ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း။

**အာဏာပိုင်များနှင့် ညှိနှိုင်းသင့်**

လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ဒေသဖွံ့ဖြိုးရေးနှင့် စီမံကိန်းများတွင် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းက အလေးထားတိုင်ပင်ရမည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း ကိုယ့်ဒေသ၊ ကိုယ့်မဲဆန္ဒနယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ညှိနှိုင်းသင့်ပါကြောင်း။

ဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့်လည်း မိမိအဖွဲ့အစည်း၊ မိမိလုပ်ပိုင်ခွင့်နှင့် မိမိလုပ်ရမည့်ကိစ္စကို မှန်မှန်ကန်ကန် နားလည်ကျေညက်အောင် လေ့လာသုံးသပ်ပြီး လုပ်စေလိုပါကြောင်း၊ တရားစီရင်ရေးသည် လွတ်လပ်သည့် တရားစီရင်ရေး ဖြစ်စေလိုပါကြောင်း၊ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တရားစီရင်စေလိုပါကြောင်း၊ ပြောလိုသည်မှာ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ တရားရုံးလက်စွဲ၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ စသည်ဖြင့် တရားစီရင်ရေးနှင့် ပတ်သက်သည့် ဥပဒေများအတိုင်းသာ ဆောင်ရွက်စေလိုပါကြောင်း။

မိမိတို့သည် တရားဥပဒေစိုးမိုးရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားဖြစ်မြောက်မည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးယန္တရားမရှိပါက ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် လုပ်၍မရပါကြောင်း၊ ထို့ကြောင့် မိမိတို့လိုလားသည့် တရားစီရင်ရေးသည် ဘက်မလိုက်သော တရားစီရင်ရေးဖြစ်ပါကြောင်း။

**ကိုယ့်အတ္တကိုမကြည့်ဘဲလုပ်**

ထို့ပြင် မိမိတို့လိုချင်သည့် အုပ်ချုပ်ရေးယန္တရားသည် တရားဥပဒေစိုးမိုးရေးကို အထောက်အပံ့ဖြစ်သည့် အုပ်ချုပ်ရေးယန္တရားသာ ဖြစ်စေလိုပါကြောင်း၊ ပြည်သူကို လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှုပေးသည့် အုပ်ချုပ်ရေးစနစ်သာဖြစ်စေလိုပါကြောင်း၊ သို့မှသာ တရားဥပဒေစိုးမိုးမှုကို တည်ဆောက်၍ ရမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံးက ပြုပြင်ပြောင်းလဲရေးအတွက် ကိုယ့်အတ္တကိုမကြည့်ဘဲ လုပ်ရမည်ဖြစ်ပါကြောင်း၊ ကိုယ့်အတ္တကို ဗဟိုပြုပြီး လုပ်မည်ဆိုပါက အောင်မြင်နိုင်မည်မဟုတ်ပါကြောင်း၊ ပရဟိတကို ဗဟိုပြုပြီး လုပ်မည်ဆိုပါက ကိုယ်လုပ်သည့်အလုပ်အောင်မြင်ပြီး ကိုယ်လည်းသိက္ခာရှိ၊ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသူနိုင်ငံသားများအားလုံးနှင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဝပြောရန်အတွက် ကြွရောက်လာကြသူအားလုံးက ယခုအချိန်ကစပြီး စိတ်အားထက်သန်စွာဖြင့် တက်ညီလက်ညီ ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်ကို ယခုထက် တိုးမြှင့်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက နေပြည်တော်ကောင်စီအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် လုပ်ငန်းများ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း။

နေပြည်တော်ကောင်စီ အနေဖြင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရာတွင် အရည်အသွေးပြည့်မီမှု ရှိမရှိကို သေချာစွာ စိစစ်ဆောင်ရွက်ရန် လိုအပ်ပြီး ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် မိမိတာဝန်ကို သေချာစွာကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စနှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများအနေဖြင့် မျက်ကွယ်မပြုကြစေလိုကြောင်း၊ သတင်းရရှိလျှင် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ဆက်လက်ဖွဲ့စည်းဆောင်ရွက်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နေပါကြောင်း၊ ဝန်ကြီးဌာနများတွင်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ မန္တလေးနှင့် ရန်ကုန်မြို့ကြီးများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံးခွဲများကို ဖွင့်လှစ်ထားရှိပြီးဖြစ်သကဲ့သို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီပေးကြစေလိုပါကြောင်း။

စီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် သေချာစိစစ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း စီမံကိန်းတန်ဖိုးများ မှန်၊ မမှန်နှင့် ဒေသလိုအပ်ချက်ရှိ၊ မရှိကို ဝိုင်းဝန်းစိစစ်ပေးကြရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲရာတွင် ပြည်သူ့အကျိုးငှာ အရည်အချင်းရှိသည့် ဘဏ္ဍာစိုးသဖွယ် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုကြရန် လိုအပ်ကြောင်း။

လယ်ယာမြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရန် မူဝါဒကို မျှမျှတတ ချမှတ်ထားပါကြောင်း၊ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၊ လယ်ယာမြေစိစစ်ရေးအဖွဲ့များအနေဖြင့် အမှုတွဲများကို ဆောလျင်စွာပြီးပြတ်စေရေး စနစ်တကျ စိစစ်ဆောင်ရွက်ကြစေလိုကြောင်း။

**သည်းခံခွင့်လွှတ်ခြင်းတို့ ရှိရမည်**

ဒီမိုကရေစီကို လိုလားပါက မိမိတို့ကိုယ်တိုင် ဥပဒေလေးစားလိုက်နာခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ တရားမျှတခြင်း၊ သဘောထားကြီးခြင်း၊ သည်းခံခွင့်လွှတ်ခြင်းတို့ ရှိရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရက်တစ် အုပ်ချုပ်ရေးစနစ်ကောင်း ဖြစ်အောင်ဆောင်ရွက်မည်ဆိုလျှင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ ကြိုတင်မျှော်မှန်းနိုင်မှု အားလုံးပူးပေါင်းပါဝင်နိုင်မှုတို့ ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေး အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရက ချမှတ်သော လုပ်ငန်းစဉ်များ မူဝါဒများကို နေပြည်တော်ကောင်စီက လက်တွေ့အကောင်အထည်ဖော်ကြရမည် ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များမှန်ကန်မှု၊ မြန်ဆန်မှုရှိမှသာ လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများ အားလုံးက နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးခရီးတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ မိမိတို့ တတ်ကျွမ်းသည့်ပညာဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလို ပါကြောင်း၊ နေပြည်တော်ကောင်စီ နယ်မြေတွင်ရှိသည့် ဒေသခံပြည်သူများ အေးချမ်းသာယာပြီး စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်နိုင်သည့် မြို့တော်ဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် သီးခြားတွေ့ဆုံပြီး နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးလမ်းညွှန်မှာကြားသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်သူသို့ ကျေးဇူးတင်လွှာ

## ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် တည်ငြိမ်မှုတို့ကို အခြေခံ၍ ဆုံးဖြတ်ချက်မှန်ကန်စွာဖြင့် မောင်းနှင်ပေးခဲ့သော လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့်အဖွဲ့အား ရွေးချယ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**
**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို တစ်စိုက်မတ်မတ် ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။

၂။ ဤသို့သော အခြေအနေ၊ ဤသို့သော အချိန်အခါမျိုးတွင် နိုင်ငံသူနိုင်ငံသားအားလုံးအနေဖြင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို မဖြစ်မနေလေ့ကျင့်လိုက်နာကြိုးစားကြရန်လည်း အထူးပင်လိုအပ်ပါသည်။ ထို့အပြင် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာဟူသည့် အောင်မြင်ခြင်းတရား ၄ ပါးနှင့်အညီ ပြည်ထောင်စု၏ သားသမီးများအားလုံး အားထုတ်ကြိုးပမ်းလျက် တစ်ဦးချင်းအောင်မြင်ရေး၊ မိသားစုဘဝတိုးတက်မြင့်မားရေး၊ မိမိရပ်ရွာနှင့် မိမိတိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးတို့ကို တတ်စွမ်းသမျှ ကျရာကဏ္ဍများမှ ကြိုးပမ်းဆောင်ရွက်ကြရန် အထူးပဲအရေးကြီးလှပါသည်။

၃။ ၂၀၁၉ ခုနှစ်၊ မေ ၁၂ ရက်နေ့တွင် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်အမှတ်၊ XY- AGQ(Embraer-190) လေယာဉ်ဖြင့် ခရီးသည် ၈၂ ဦးကို တင်ဆောင်၍ ခရီးစဉ်အမှတ် UB-103 ရန်ကုန်-မန္တလေးခရီးစဉ်ပျံသန်းခဲ့ရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်၏ ရှေ့ဘီးမကျသဖြင့် လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့ရပါသည်။ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် အရေးပေါ်အခြေအနေ(မေဒေး)ကြေညာ၍ တွဲဖက်လေယာဉ်မှူးများနှင့် လေယာဉ်အဖွဲ့သားများအား အေးစိတ်လမ်းညွှန်လိုက်နာဆောင်ရွက်စေခြင်း၊ ခရီးသည်များအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်စေခြင်းတို့ကို စနစ်တကျဆောင်ရွက်ပြီး လုံခြုံဘေးကင်းစွာ ဆင်းသက်နိုင်ရန်အတွက် လေယာဉ်ကို လှည့်ပတ်ပျံသန်းကာ ပေါင်သုံးထောင်ခန့်ရှိသော လက်ကျန်လေယာဉ်ဆီများအား လျှော့ချခဲ့ပါသည်။ ထို့အပြင် အရေးပေါ်ဆင်းသက်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ၊ ဆက်သွယ်မှုများ မှန်မှန်ကန်ကန်ဆောင်ရွက်ခဲ့ပြီး ခရီးသည်များအားလုံး ဘေးအန္တရာယ်ကင်းရုံသာမက လေယာဉ်ထိခိုက်ပျက်စီးမှုလည်း အနည်းဆုံးဖြစ်အောင် တည်တည်ငြိမ်ငြိမ်ဖြင့် ဆင်းသက်ပေးနိုင်ခဲ့ပါသည်။


၄။ သို့ဖြစ်၍ ယခုနှစ်မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မိမိတို့၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် တည်ငြိမ်မှုတို့ကို အခြေခံ၍ ဆုံးဖြတ်ချက် မှန်ကန်စွာဖြင့် မောင်းနှင်ပေးခဲ့သော လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၊ တွဲဖက်လေယာဉ်မှူး ဦးကောင်းဆက်လင်းနှင့် ဦးမျိုးသီဟအောင်တို့အား လည်းကောင်း၊ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သော အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်၊ လေယာဉ်မယ် ဒေါ်ကေဂျာဆန်အောင်၊ ဒေါ်ခိုင်ဇာလင်းနှင့် ဒေါ်ဥမ္မာအောင်တို့အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ ဖြစ်စဉ်သည် မိမိတို့ ကျွမ်းကျင်တတ်မြောက်သည့် ပညာရပ်များ၊ လေ့ကျင့်ခဲ့ရသည့် ကြိုတင်ပြင်ဆင်မှုများကို တည်တည်ငြိမ်ငြိမ်၊ ညီညီညွတ်ညွတ်၊ ယုံကြည်မှုရှိရှိဖြင့် စုပေါင်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သောအခက်အခဲမျိုး ကြုံတွေ့ရစေကာမူ ကျော်လွှားအောင်မြင်နိုင်ကြောင်း အထင်အရှားသက်သေပြဆိုနေပြီဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံးတို့ကလည်း နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းမည့် ခရီးလမ်းတစ်လျှောက် စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့် တိုးတက်ပြောင်းလဲမှုများကို ဝိုင်းဝန်းကူညီပံ့ပိုးကာ မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအနာဂတ်ကို လက်ဆင့်ကမ်းဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်





လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၏ လေယာဉ်အရေးပေါ်ဆင်းသက်ခြင်း ဖြစ်စဉ်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ Embraer-190, XY-AGQ သည် ခရီးစဉ်အမှတ် (UB-103) ရန်ကုန်- မန္တလေး-ရန်ကုန်ခရီးစဉ်ကို လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၊ တွဲဖက်လေယာဉ်မှူးများဖြစ်သည့် ဦးကောင်းဆက်လင်းနှင့် ဦးမျိုးသီဟအောင်၊ အကြီးတန်းလေယာဉ်မယ် ဒေါ်ချယ်ရီမြင့်၊ လေယာဉ်မယ်များဖြစ်ကြသော ဒေါ်ကေဂျာဆန်အောင်၊ ဒေါ်ခိုင်ဇာလင်း၊ ဒေါ်ဥမ္မာအောင် တို့မှ ပျံသန်းမှု တာဝန်ထမ်းဆောင်လျက် နိုင်ငံခြားသားခရီးသည် (၇) ဦး၊ နိုင်ငံသားခရီးသည် (၇၃) ဦး၊ လေယာဉ် လုံခြုံရေး (၂) ဦးနှင့် လေယာဉ် အမှုထမ်း (၇) ဦး၊ စုစုပေါင်း (၈၉) ဦးကို တင်ဆောင်၍ (၁၂.၅.၂၀၁၉) ရက်နေ့ (၈၇:၁၅) နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာခဲ့ရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်၏ ရှေ့ဘီး (Nose Landing Gear) မကျသည့် အခြေအနေဖြင့် ဆင်းသက်မှုပြုလုပ်ခဲ့ရပါသည်။

၂။ အဆိုပါ Embraer-190, XY-AGQ သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ရန် (၀၈:၁၇) နာရီအချိန်တွင် ရောက်ရှိပြီး လေယာဉ်ဘီးချရာ လေယာဉ်၏ရှေ့ဘီး (Nose Landing Gear) မကျသည်ကို တွေ့ရှိရသဖြင့် လေယာဉ်မှူးမှ အရေးပေါ်လေယာဉ် ဆင်းသက်မှုလုပ်ငန်းစဉ် (Emergency Procedure) အတိုင်း ဆောင်ရွက်သော်လည်း လေယာဉ်ရှေ့ဘီးမကျသည့်အတွက်ကြောင့် လေကြောင်းထိန်းမျှော်စင်သို့ လေယာဉ်ဘီး ကျ- မကျ ကြည့်ရှုစစ်ဆေးပေးပါရန် နှစ်ကြိမ် ဝဲပတ်ပျံသန်းပြခဲ့ပါသည်။ မျက်မြင်စစ်ဆေးအတည်ပြုပြီး လေယာဉ်ဘီး မကျသည့်အတွက် လေယာဉ်တွင် ပါရှိလာသည့်ဆီများ လျှော့နည်းသွားစေရန် ဝဲပတ်ပျံသန်းပြီးနောက် (၀၉:၀၉) နာရီအချိန်တွင် Runway 17 အတိုင်း Emergency Landing ပြုလုပ်ခဲ့ရာ ပြေးလမ်း (၄၅၀၀)ပေတွင် လေယာဉ် ဦးစိုက် အနေအထားဖြင့် ရပ်တန့်သွားခဲ့ပါသည်။

၃။ အဆိုပါလေယာဉ် Emergency Landing ဆင်းသက်ရပ်တန့်ပြီးနောက် လေယာဉ်အမှုထမ်းများမှ ခရီးသည်များကို Emergency Evacuation Procedures အတိုင်း သတ်မှတ်ချိန်အတွင်း ဘေးအန္တရာယ် ကင်းရှင်းစွာ လေယာဉ်ပေါ်မှ ဆင်းသက်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါဖြစ်စဉ်တွင် လေယာဉ်ပေါ်တွင် ပါရှိလာသော လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအားလုံး တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ပါ။ လေယာဉ်ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီထံ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီထံ ဝမ်းမြောက်ဂုဏ်ယူကြောင်း မေ ၂၄ ရက်က သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ အိန္ဒိယနိုင်ငံ၏ (၁၇)ကြိမ်မြောက် လော့ဆဘာ (အောက်လွှတ်တော်) ရွေးကောက်ပွဲတွင် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် ဘာရာတီယာ ဂျာနာတာပါတီ (ဘီဂျေပီ) ပါတီ အနိုင်ရရှိခဲ့သည့်အတွက် မိမိအနေဖြင့်သာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ ကိုယ်စား ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာပေးပို့လိုက်သည်ဟု ဖော်ပြထားသည်။

အိန္ဒိယဝန်ကြီးချုပ်အဖြစ် ပထမသက်တမ်း တာဝန်ထမ်းဆောင်နေစဉ်အတွင်း အဆွေတော်၏ ဦးဆောင်မှုအောက်တွင် အိန္ဒိယပြည်သူများသည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများကို ရရှိခံစားရလိမ့်မည်ဟု ယုံကြည်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင်လည်း ကြာရှည်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုနှင့်အတူ နီးကပ်စွာလက်တွဲသွားနိုင်ရန်နှင့် နှစ်နိုင်ငံကြားပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုများ အစွန့်ရှည်တည်တံ့ခိုင်မြဲမည်ဟု မျှော်လင့်ပါကြောင်း၊ ဝန်ကြီးချုပ်အနေဖြင့် ကျန်းမာစွာဖြင့် နောက်ထပ်အောင်မြင်မှုများရရှိစေရန် ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ ထို့အပြင် အိန္ဒိယပြည်သူများ အောင်မြင်တိုးတက်ပြီး ကြွယ်ဝချမ်းသာစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း အဆိုပါသဝဏ်လွှာတွင် ဆက်လက်ဖော်ပြထားပါသည်။

**မြန်မာ့အလင်း**

*❀ ကျောဖုံးမှ*

**အသိပေးပြောကြား**

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် ပြန်လည်လက်ခံရေးဆိုင်ရာ အစီအစဉ်နှင့် လက်တွေ့အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးရလဒ်များကိုလည်း အသိပေးပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အမြဲတမ်းအတွင်းဝန်တို့က သံတမန်များနှင့် ကုလသမဂ္ဂအေဂျင်စီများမှ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်မြို့အခြေစိုက် သံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ  ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံရှိနှင့်ပြီးဖြစ်သော ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Myanmar Investment Seminar for Korean SMEs နှင့် Korean Fintech Week 2019 သို့ တက်ရောက်

**နေပြည်တော်  မေ  ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မေ ၂၂ မှ ၂၄ ရက်အထိကျင်းပသည့် Myanmar Investment Seminar for Korean SMEs နှင့် Korean Fintech Week 2019 သို့ တက်ရောက်ခဲ့သည်။




အဆိုပါဆွေးနွေးပွဲကို ကိုရီးယားနိုင်ငံ ဘဏ္ဍာရေးဝန်ဆောင်မှုကော်မရှင်နှင့် Industrial Bank of Korea တို့က ကိုရီးယားနိုင်ငံရှိ SMEs လုပ်ငန်းများအတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မျှဝေဆွေးနွေးပေးနိုင်ပါရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၂၃ ရက် နံနက်ပိုင်း၌ Seoul Dongdaemun Design Plaza (DDP) တွင်ကျင်းပသည့် Korea Fintech Week 2019 သို့ တက်ရောက်သည်။ ယင်းနောက် Korea Chamber of Commerce and Industry-KCCI တွင် ပြုလုပ်သည့် Myanmar Investment Seminar for Korean SMEs ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် Industrial Bank of Korea ဥက္ကဋ္ဌ Mr. Kim, Do-Jin တို့က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ကိုရီးယားနိုင်ငံရှိ ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ SMEs လုပ်ငန်းရှင် ၂၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ပွင့်လင်းမြင်သာသည့် ပြဋ္ဌာန်းချက်၊ လုပ်ထုံးလုပ်နည်းမူဝါဒများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံချက်(MIPP) နှင့် မြန်မာ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)ပါ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ကြိုဆိုအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၌ ကိုရီးယား SMEs ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် Industrial Bank of Korea ဥက္ကဋ္ဌ Mr. Kim, Do-Jin ၊ Posco C&C ဥက္ကဋ္ဌ Mr. Daeryong Ha နှင့် ASEAN Korea Frienship Association မှ မန်နေဂျင်းဒါရိုက်တာ Mr. BaekSungki တို့နှင့်တွေ့ဆုံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆိုးလ်မြို့ရှိ IBK Changgong Financial Center နှင့် Guro Digital Industrial Complex သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဌာနတို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားကြပြီး ယနေ့ညပိုင်းတွင် ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ကချင်ဒေသစစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ(KHCC)တို့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  မေ  ၂၄**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ(KHCC)တို့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာ ချထားမှုအကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းထွန်း၊ လူမှုရေးဝန်ကြီး ဦးနေဝင်း၊ မြောက်ပိုင်းစစ်ဌာနချုပ်တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး ထွန်းနေလင်း၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ကချင်ဒေသ စစ်ဘေးရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC) မှ ဒုတိယဥက္ကဋ္ဌ (၁) ဖာသာရ်ပေါလ်အောင်ဒန့် ဦးဆောင်သောအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးအောင်က NRPC နှင့် KHCC တို့ ၂၀၁၉ ဧပြီလအတွင်း တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) အနေဖြင့် ၎င်းတို့နေရပ်သို့ ဂုဏ်သိက္ခာရှိစွာဖြင့် ဘေးကင်းလုံခြုံစွာ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေး၊ လိုအပ်နေသော လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် မိမိတို့လုပ်ငန်းအဖွဲ့ကို ၂၀၁၉ ခုနှစ် မေ ၈ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၉)ဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ မိမိတို့အဖွဲ့အတွက် လုပ်ငန်းတာဝန် (၉) ချက်ကိုလည်း သတ်မှတ်ပေးထားပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် NRPC ၏လမ်းညွှန်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် NRPC နှင့် KHCC သဘောတူညီချက်များနှင့်အညီ ကဏ္ဍအလိုက် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ၏ လူမှုစီးပွားဘဝ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာစေနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်KHCC မှ ဒုတိယဥက္ကဋ္ဌ(၁) ဖာသာရ်ပေါလ်အောင်ဒန့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ တက်ရောက်လာသူအဖွဲ့ဝင်များက ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



ဆွေးနွေးပွဲမှ IDPs များ နေရပ်ပြန်ရာတွင် လိုအပ်သော Initial Need Assessment ပြုလုပ်ရေး၊ Action Plan ရေးဆွဲနိုင်ရေးအတွက် အကြံပြုချက်များရယူရေး၊ လုပ်ငန်းအဖွဲ့နှင့် KHCC တို့တွင် Focal Person များ သတ်မှတ်ရေးနှင့် ဆက်လက်ပြုလုပ်မည့် အစည်းအဝေး အချိန်ဇယားသတ်မှတ်ခြင်းတို့ကို အတည်ပြုနိုင်ခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့(ပလန) ကျေးရွာအုပ်စု၊ ငွေပျော်စံပြကျေးရွာသို့ သွားရောက်ကာ ကျေးရွာပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ အလုပ်အကိုင်ရရှိရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီး ကျေးရွာရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်း ကြို / ပို့ အသုံးပြုရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ ငွေကျပ် ၃၁ သိန်းတန်ဖိုးရှိ သုံးဘီးမော်တော်ဆိုင်ကယ်တစ်စီးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီကို ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party(SSP)] အမည်သို့ ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၇၈ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၅ ရက်**
**( ၂၀၁၉ ခုနှစ် ၊ မေလ ၂၃ ရက် )**

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီကို ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party (SSP)] အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၈၄)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**သည် ယင်းပါတီ၏အမည်ကို **ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party(SSP)]** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**ကို ၂၃-၅-၂၀၁၉ ရက်နေ့မှစ၍ **ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party(SSP)]** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မြန်မာတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာတက္ကသိုလ်များ သုတေသနညီလာခံ( ၂၀၁၉ ) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၄**

မြန်မာတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉) Myanmar Universities' Research Conference 2019 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းအရ တက္ကသိုလ်များကို ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များဖြစ်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တက္ကသိုလ်များကို ယခုထက်ပို၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့် ဦးစားပေးလုပ်ငန်းနှင့်အညီ ပါမောက္ခချုပ်များ ကော်မတီတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီကို တာဝန်(၁၁)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

**နှစ်စဉ်ကျင်းပစေလို**

သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက Standard Operating Procedure (SOP) များကိုလည်း ရေးဆွဲထားပါကြောင်း၊ ယခုကဲ့သို့ သုတေသနညီလာခံကို နှစ်စဉ်ကျင်းပကြစေလိုပါကြောင်း၊ တက္ကသိုလ်များလည်း သုတေသနစာတမ်း ရေးသားလိုသည့် ဆရာ ဆရာမများ၊ ပညာရှင်များ များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် တစ်နှစ်လုံး မအားလပ်သည့်ကြားမှ သုတေသနဝါသနာပါပြီး နိုင်ငံအတွက် အကျိုးပြုသည့် အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် ဆရာ ဆရာမများ၊ ပညာရှင်များ ရှိကြသည်ကို အားရဖွယ် တွေ့ရှိရပါကြောင်း။

**ရလဒ်များကို မျှဝေ**

သို့ဖြစ်၍ သုတေသနညီလာခံကို ကျင်းပသည့်အခါတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကျင်းပပြီး သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီမှ ကျင်းပရေးစီမံချက်များရေးဆွဲပြီး တက္ကသိုလ်အသီးသီးတွင်ရှိသည့် သုတေသီများ၏ သုတေသနစာတမ်းများကို ဖတ်ကြားဆောင်ရွက်ရန်အတွက် သုတေသနရလဒ်များကို မျှဝေပြီး သုတေသီများအချင်းချင်း အတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် အရည်အသွေး ပိုမိုကောင်းမွန်သော အသုံးချသုတေသနများကို တိုးတက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် သုတေသနဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ဖြစ်လာစေပြီး တက္ကသိုလ်များ၏ Ranking များ မြင့်မားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး ရည်မှန်းချက်များဖြင့် သုတေသနညီလာခံ စီမံချက်ကို အကြိမ်ပေါင်းများစွာ အစည်းအဝေးများထိုင်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သည်ဟု သိရှိရပါကြောင်း။

**စာတမ်းများဖိတ်ခေါ်ခဲ့**

သုတေသနညီလာခံ ကျင်းပနိုင်ရန်အတွက် စာတမ်းများကို ဖိတ်ခေါ်ခဲ့ပြီး စာတမ်းဖတ်ရန် တက္ကသိုလ်အသီးသီးမှ ပညာရှင်များက စာတမ်းစုစုပေါင်း ၆၉၃ စောင်ကို လက်ခံရရှိခဲ့ပါကြောင်း၊ ဘာသာရပ်နယ်ပယ် ကိုးခုမှ Review များပြုလုပ်ပြီး ဘာသာရပ်နယ်ပယ် တစ်ခုလျှင် စာတမ်း ၂၀ ခန့် စုစုပေါင်း Presentation ပြုလုပ်ရန် သုတေသနစာတမ်း ၁၈၂ စောင် ရွေးချယ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ဘာသာရပ်တစ်ခုလျှင် အကောင်းဆုံး သုတေသနစာတမ်း ပထမဆု၊ အကောင်းဆုံးသုတေသနစာတမ်း ဒုတိယဆုများ ချီးမြှင့်မည်ဟု သိရှိရပြီး စာတမ်းများကို ဆုပေးရာတွင် ပထမဆုအတွက် လက်မှတ်နှင့် ငွေကျပ် သုံးသိန်း ဆုချီးမြှင့်မည်ဖြစ်ပြီး ဒုတိယဆုအတွက် လက်မှတ်နှင့် ငွေကျပ် နှစ်သိန်း ဆုချီးမြှင့်မည်ဟု သိရှိရပါကြောင်း၊ ညီလာခံပြီးဆုံးပါက ဖတ်ကြားတင်သွင်းသည့် စာတမ်းများကို ထုတ်ဝေသွားမည်ဖြစ်ပြီး ညီလာခံကျင်းပခြင်းဖြင့် သုတေသနရလဒ်များကို မျှဝေကာ အမြင်ခြင်း ဖလှယ်ခြင်း၊ တိုးတက်ကောင်းမွန်သည့် အသုံးချသုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ သုတေသနပညာရှင်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေခြင်း၊ မျိုးဆက်သစ် သုတေသနပညာရှင်များ ပိုမိုတက်ကြွစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်များကို ယခုထက်ပိုမိုပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ လူငယ်များကို ပြုစုပျိုးထောင်ရာတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်း ကောင်းမွန်လာစေရန် အဆင့်ဆင့်တိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်နှင့် ပါမောက္ခချုပ်များ၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးတို့က အမှာစကား ပြောကြားသည်။

ယင်းနောက် University of Cambridge မှ Director Dr. Hanan Khalifa နှင့် အမေရိကန်သံရုံးမှ Public Affairs Officer Dr. John R.Groch တို့က ပညာရေးစနစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြသည်။

ထို့နောက် စာတမ်းရှင်များက သတ်မှတ်ထားသည့် ဘာသာရပ်အလိုက် စာတမ်းများကို ဖတ်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၂၃ ရက်တွင် **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ၂၂ လမ်း၊ အမှတ် (၃၂၄) တွင် ပါတီရုံးချုပ် တည်ရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၅-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ၏ အလံပုံစံ**



**မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် အခွန်လျာထားချက်ပြည့်မီကျော်လွန်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ မေ ၂၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အခွန်လျာထားချက် ပြည့်မီကျော်လွန်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ - ၁ ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် အခွန်ကောက်ခံရရှိမှု အခြေအနေများနှင့် ဆက်လက်ကောက်ခံမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းကြသည်။

ထို့နောက် ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးကျော်မင်းက ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းထံ အခွန်ကောက်ခံရရှိငွေများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် မေ ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၏ **ပညာရေးဝန်ကြီးဌာနပိုင် ကျောင်းမြေနေရာများတွင် အဆောက်အဦနှင့် ဆိုင်ခန်းဆောက်လုပ်ထားပြီး ငှားရမ်းခရယူထားသော ငွေကြေးများအပေါ် မည်သို့စီမံခန့်ခွဲနေသည်နှင့် ကျောင်းများကို ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပါလုပ်ငန်းများကို ဖျက်သိမ်းပြီး ပြန်လည်ရယူခြင်းကို ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ကျောင်းမြေနေရာများတွင် ယခင်က ငှားရမ်းသည့် လုပ်ငန်းများရှိပါက ထိုလုပ်ငန်းမှရရှိသည့် ငွေကြေးအား ကျောင်းများမှ အသုံးပြုခွင့်ပေးမထားဘဲ ရငွေများအားလုံးကို နိုင်ငံတော်ဘဏ္ဍာသို့ အားလုံးပေးသွင်းရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခင်ငှားရမ်းထားသည့် လုပ်ငန်းများအားလုံးကို စာချုပ်သက်တမ်းစေ့ပါက စာချုပ်သက်တမ်းအသစ်တိုးပေးခြင်း၊ စာချုပ်သက်တမ်း ထပ်မံပြင်ဆင်ခြင်း၊ စာချုပ်အသစ်ချုပ်ဆိုခြင်းများကို လုံးဝခွင့်မပြုတော့ဘဲ သက်တမ်းပြည့်သည်နှင့် ဆက်လက်ငှားရမ်းခြင်းမပြုရန် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ထားသော်လည်း သက်တမ်းပြည့်၍ လက်ဝယ်ပြန်လည်မရရှိသေးသည့် မြေနေရာနှင့် အဆောက်အဦများကို ဌာနလက်ဝယ်ရရှိရေးအတွက် တရားစွဲဆိုခြင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် စီမံခန့်ခွဲမှုနည်းလမ်းများအရ ညှိနှိုင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **တရားမဝင် ကျောက်စိမ်းခိုးထုတ်သယ်ယူမှုများမှ ဖမ်းဆီးရမိသော ကျောက်စိမ်းရတနာများအား မည်ကဲ့သို့ ထိန်းသိမ်းထားပြီး စီမံခန့်ခွဲသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံအနှံ့အပြားရှိ တပ်ရင်းတပ်ဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများက ဖမ်းဆီးရမိအပ်နှံသည့် ကျောက်စိမ်းရိုင်းများကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ၅ ဧက အကျယ်ခြံဝင်းရှိ သိုလှောင်ရုံ(၁)(၂)တွင် လည်းကောင်း၊ နေပြည်တော် ကျောက်မျက်ရတနာပြတိုက်ရှိ မီးလုံအာမခံခန်းတို့တွင် လည်းကောင်း သက်ဆိုင်ရာ အမှုတွဲအလိုက် သီးခြားစီ ထုပ်ပိုးထိန်းသိမ်းထားရှိပါကြောင်း။

### ဖမ်းဆီးရမိကျောက်စိမ်းရိုင်းများကို အမှုစီရင်စဉ် ခေတ္တအပ်နှံခြင်းအတွက် ယာယီလက်ခံသိမ်းဆည်းခြင်းနှင့် အမှုပြီးပြတ်၍ နိုင်ငံပိုင်ပြည်သူ့ဘဏ္ဍာအဖြစ် အပ်နှံခြင်းအတွက် အပြီးသတ်သိမ်းဆည်းခြင်းဟူ၍ ဆောင်ရွက်နည်း နှစ်မျိုးဖြင့် လက်ခံထိန်းသိမ်း

ဖမ်းဆီးရမိကျောက်စိမ်းရိုင်းများကို အမှုစီရင်စဉ် ခေတ္တအပ်နှံခြင်းအတွက် ယာယီလက်ခံသိမ်းဆည်းခြင်းနှင့် အမှုပြီးပြတ်၍ နိုင်ငံပိုင်ပြည်သူ့ဘဏ္ဍာအဖြစ် အပ်နှံခြင်းအတွက် အပြီးသတ်သိမ်းဆည်းခြင်းဟူ၍ ဆောင်ရွက်နည်း နှစ်မျိုးဖြင့် လက်ခံထိန်းသိမ်းထားရှိပါကြောင်း၊ ထိန်းသိမ်းထားရှိသော ကျောက်စိမ်းရိုင်းများအနက် အမှုပြီးပြတ်ပြီး နိုင်ငံပိုင်ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ကျောက်စိမ်းရိုင်းများကို အရွယ်အစား၊ အလေးချိန်၊ အရည်အသွေး၊ အမျိုးအစားအပေါ် မူတည်၍ တူညီရာများ စုစည်းအတွဲဖွဲ့ကာ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချလျက် ရောင်းချရငွေအား နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းခြင်းဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ဖမ်းဆီးရမိအပ်နှံသော ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပစ္စည်းများအနက် အကြမ်းထည်များပါရှိပါက မိမိဌာနအချောထည်စက်ရုံတွင် ပုံကြမ်းလောင်းခြင်း၊ အချောကိုင်ခြင်းနှင့် အရောင်တင်ခြင်းများဆောင်ရွက်၍ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ ကျောက်မျက်ရတနာပြတိုက်တွင်ရှိသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အရောင်းဆိုင်များတွင် လာရောက်ကြည့်ရှုသူအများပြည်သူနှင့် နိုင်ငံခြားသားများအား ရောင်းချပေးလျက်ရှိသည့်အပြင် ကျောက်မျက်ရတနာပြပွဲတွင်လည်း ပြပွဲတစ်ပွဲ၌ အတွဲအရေအတွက် ၂၀ မှ ၅၀ အထိ အတွဲဖွဲ့တင်ပြရောင်းချလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **ရသေ့တောင်မြို့နယ်၊ ရေမျက်အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ **ရာထူးပြောင်းလဲမှုကြောင့် လစာလျော့နည်းသွားသည့် ဆရာ၊ ဆရာမများ မနစ်နာရေးအတွက် ဆောင်ရွက်ပေးရန်** တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၏ **မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်အသင်းမှ လွှဲပြောင်းပေးအပ်ခဲ့သော CSR ရန်ပုံငွေအား မော်လူးရတနာမြေဒေသခံများထံ မည်သည့်နေ့ရက်တွင် ပေးအပ်မည်၊ လွှဲပြောင်းပေးအပ်ခဲ့သည့် CSR ရန်ပုံငွေ၏ (အရင်း၊ ဘဏ်တိုး) ပမာဏနှင့် ရန်ပုံငွေပေးအပ်ရန် ကြန့်ကြာနေခြင်းအတွက် တွေ့ကြုံနေရသည့် အခက်အခဲများကို မဲဆန္ဒရှင်များထံ ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **Fortuna metals limited မှ အဆိုပြုလျှောက်ထားသောလုပ်ကွက်(၁)မှ ၁၅၂၄၇၇ ဒသမ ၁၉၁ ဧကနှင့် လုပ်ကွက်(၂)မှ ၁၅၂၁၈၉ ဒသမ ၂၃၉ ဧကအား ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပေးနေမှုကို သိလိုခြင်း**တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြေကြားစဉ်။



ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြေကြားစဉ်။



စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းစဉ်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပညာရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းသည့်ကိုယ်စားလှယ်တစ်ဦးမျှ မရှိသောကြောင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်းက **မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏ အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းသည်။ ယင်းအဆိုတင်သွင်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံအဝန်း သင့်လျော်သည့်ဒေသများ၌ သစ်အချောထည်စက်ရုံများ တည်ထောင်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများကိုယ်တိုင် သစ်တောသယံဇာတစီမံခွဲဝေသုံးစွဲမှု အကျိုးဖြစ်ထွန်းလာမည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာစေရေး၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်စိုက်ပျိုးခြင်းအပေါ် စိတ်ပါဝင်စားလာကာ သစ်တောကို အမှီပြုနေထိုင်ကြသော ပြည်သူလူထု နှင့် ဒေသခံတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာများတိုးပွားပြီး ရပိုင်ခွင့်နှင့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊ ကမ္ဘာ့အဆင့် ရောင်းတန်းဝင် မြန်မာကျွန်းသစ်နှင့် အခြားဈေးကွက်ဝင်သစ်မာများ ကုန်ကြမ်းအဖြစ် သစ်အလုံးလိုက်တင်ပို့ခြင်းမှရပ်ဆိုင်းပြီး ကုန်ချောသစ်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခြင်းကြောင့် သစ်ကိုအခြေခံသည့် ပြည်ပပို့ကုန် တန်ဖိုးမြှင့်တင်ရာမှတစ်ဆင့် နိုင်ငံတော်မှ ပြည်ပဝင်ငွေအခွင့်အလမ်း ပိုမိုတိုးတက်လာစေရန်တို့ ဖြစ်ပြီး သင့်လျော်သည့် ဒေသများအလိုက် သစ်အချောထည်စက်ရုံများ ပေါ်ပေါက်လာခြင်းဖြင့် ဒေသတွင်း အလုပ်လက်မဲ့အခြေခံလူတန်းစားများ သစ်အချောထည်စက်ရုံများမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်၊ နိုင်ငံအဝန်းရှိ ပြည်သူများ၏ သစ်အခြေခံလိုအပ်ချက်များကို တရားမဝင်ရောင်းဝယ်ဖောက်ကားရခြင်းမှ လွတ်ကင်းပြီး သစ်အချောထည်စက်ရုံများ ပေါ်ပေါက်လာခြင်းအားဖြင့် တရားဝင်အရောင်းအဝယ်ပြုလုပ်နိုင်ခြင်းနှင့် တရားမဝင်သစ် အရောင်းအဝယ်ပြုလုပ်ခြင်းများမှ တားဆီးကာကွယ်နိုင်ရန်၊ နိုင်ငံအတွက် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာများ ခုတ်ယူထုတ်လုပ်ရာတွင် ခက်ခဲသည့်ဒေသများ၌ နှစ်စဉ်လေလွင့်လျက်ရှိသော ကိုင်းအဖျားများနှင့် သစ်အလေအလွင့် ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိစွာအသုံးပြုနိုင်ပြီး အဖိုးတန်သစ်များ လေလွင့် ဆုံးရှုံးခြင်းမှ ကာကွယ်ရန် စသည်တို့ကြောင့် အဆိုအား တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထီးလင်းမဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်တင်သွင်းသည့် **ပေးအပ်သောဘွဲ့နှင့် လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများ ဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများ ပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးက မြန်မာနိုင်ငံသည် နည်းပညာတက္ကသိုလ်တစ်ခုတွင် စာတွေ့ ၇၀ နှင့် လက်တွေ့ ၃၀ ရာခိုင်နှုန်း ရှိပါကြောင်း၊ တစ်နှစ်ခြား တစ်ကြိမ်စီနှင့် သုံးကြိမ် Field Trip သွားရပါကြောင်း၊ ကျောင်းသားများသည် Field တွင် လက်တွေ့လုပ်ခွင့်ရရန် ဖြစ်ပါကြောင်း၊ သင်တန်းနှစ်အလိုက် ၁ ပတ်၊ ၁၀ ရက်၊ ၂ ပတ်ဖြင့် လက်တွေ့လုပ်ခွင့် စီစဉ်ပေးစေလိုကြပါကြောင်း၊ လက်ရှိတွင် နောက်ဆုံးနှစ်ရောက်မှသာ လက်တွေ့အလုပ်သင် နှစ်လဆင်းခွင့်ရသည်ဟု သိရပါကြောင်း၊ နည်းပညာတက္ကသိုလ်အချို့တွင် ကိုးကားစာရင်း သင်ထောက်ကူပစ္စည်းနှင့် လက်တွေ့လုပ်ရသည်မှာ မလုံလောက်ခြင်းနှင့် ခေတ်မမီခြင်းများရှိကြောင်းကို မှတ်ချက်ပြုကြပါကြောင်း။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် သတ်မှတ်ထားသည့် ကဏ္ဍ ၉ ခုထဲတွင် အဆင့်မြင့်ကဏ္ဍ၌ ကမ္ဘာ့အဆင့်မီပညာရေးဆည်းပူးခွင့်ရရှိစေမည်ဟု ဖော်ပြထားသည့်အတွက် တက္ကသိုလ်များတွင် ကမ္ဘာ့တက္ကသိုလ်များနည်းတူ ဆောင်ရွက်နိုင်ရန် ရည်မှန်းထားရမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ ဘတ်ဂျက်အခြေအနေ၊ ဆရာနှင့် ကျောင်းသားများ၏ အခြေအနေပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုးကားစာအုပ်နှင့် စာကြည့်တိုက်များအပါအဝင် သင်ထောက်ကူများအတွက် ဘဏ္ဍာငွေခွဲဝေလျာထားမှု၊ စာမေးပွဲစနစ်၊ စာတွေ့နှင့် လက်တွေ့ပါဝင်မှုရာခိုင်နှုန်း၊ သင်တန်းနှစ် အောင်ရှုံးဆုံးဖြတ်ရာတွင် စာတမ်းရမှတ်ကို ရာခိုင်နှုန်းတိုးမြှင့်ရန် သင့်၊ မသင့်၊ လက်တွေ့လေ့ကျင့်ခန်းများကို လက်တွေ့ခန်းမှာသာမက လုပ်ငန်းခွင်များတွင် ကွင်းဆင်းလုပ်ဆောင်နိုင်ရန်တို့ကို အောက်ခြေမှစ၍ အားလုံးပါဝင်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ဆန်းစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ကာ သင့်တော်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

### အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀)အရ အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) အရ အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍ၊ စက်မှုလုပ်ငန်းစသည်တို့တွင် လိုအပ်လျက်ရှိသော အရည်အချင်းပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိသည်နှင့်အညီ မဟာဗျူဟာ ၃ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဟာဗျူဟာနှစ်တွင် အဆင့်မြင့်ပညာရေး၏ဆက်စပ်ဆီလျော်မှုနှင့် အရည်အသွေးမြင့်မားလာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မဟာဗျူဟာနှစ်၏ လုပ်ငန်းအစီအစဉ် ၃ တွင် အဆင့်မြင့်ပညာကျောင်းများရှိ အထောက်အပံ့ အသုံးအဆောင်ပစ္စည်း(သင်ထောက်ကူပစ္စည်း၊ လက်တွေ့ပစ္စည်း) များကို အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းအစီအစဉ်(၄) အီလက်ထရွန်နစ် သင်ယူမှုဗဟိုဌာနများ၏ အဆင့်အတန်းကို မြှင့်တင်ခြင်း၊ လုပ်ငန်းအစီအစဉ်(၆) အဆင့်မြင့်ပညာကဏ္ဍမှ ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်း ကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးခြင်းတို့ကို မဟာဗျူဟာပါ လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များတွင် ဘာသာရပ်၏ သဘောသဘာဝအလျောက် စာတွေ့လက်တွေ့သင်ကြားမှု ကွာခြားမှုများရှိပါကြောင်း၊ ဥပမာအားဖြင့် ပထဝီဝင်၊ Environmental Studies၊ ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒဘာသာရပ်များသည် သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ မဖြစ်မနေကွင်းဆင်းလေ့လာရေး ဆောင်ရွက်ရပါကြောင်း၊ သမိုင်း၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ မနုဿဗေဒဘာသာရပ်များသည် ကွင်းဆင်းလိုပါက ကွင်းဆင်းလေ့လာမှုရှိပါကြောင်း၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေးသိပ္ပံပညာ၊ သင်္ချာဘာသာရပ်များသည် စာတွေ့သက်သက်သာဖြစ်သော်လည်း သက်ဆိုင်ရာဌာနမှူးအစီအစဉ်ဖြင့် ဘာသာရပ်အထောက်အကူပြု ကွင်းဆင်းလေ့လာရေးများကို အခါအားလျော်စွာ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းရပ်များအတိုင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရေတို၊ ရေရှည်မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ဆဲရှိသော လုပ်ငန်းများဖြစ်သောကြောင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိပေးပါရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က မှတ်တမ်းစောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို မေ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တရားစီရင်ရေးဆိုင်ရာ သင်တန်းများ စနစ်တကျပို့ချနိုင်ရန်အတွက် တရားစီရင်ရေးကောလိပ် ထူထောင်ရန် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ  ၂၄**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အခြားနိုင်ငံအများစုကဲ့သို့ တရားစီရင်ရေးဆိုင်ရာ သင်တန်းများ စနစ်တကျပို့ချနိုင်ရန်အတွက် တရားစီရင်ရေး ကောလိပ် (Judicial Collage) ထူထောင်ရန် စီမံဆောင်ရွက်လျက်

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးဖေချစ်၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အခြားနိုင်ငံအများစုကဲ့သို့ တရားစီရင်ရေးဆိုင်ရာ သင်တန်းများ စနစ်တကျပို့ချနိုင်ရန် တရားရေးကောလိပ် (Judicial Collage) သို့မဟုတ် တရားရေးအကယ်ဒမီ (Judicial Academy) တည်ထောင်ပေးရန် အစီ အစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အခြားနိုင်ငံအများစုကဲ့သို့ တရားစီရင်ရေးဆိုင်ရာ သင်တန်းများ စနစ်တကျပို့ချနိုင်ရန်အတွက် တရားစီရင်ရေး ကောလိပ် (Judicial Collage) ထူထောင်ရန် စီမံဆောင်ရွက်လျက်



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်
ဖြေကြားစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၉)မှ
ဦးမောင်မောင်လတ် မေးမြန်းစဉ်။

ရှိပါကြောင်း၊ တရားစီရင်ရေးကောလိပ်၏ ရေရှည်အခြေအနေများကို ချင့်ချိန်ပြီး နေပြည်တော်တွင် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကောလိပ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အဆောက်အဦတည်ဆောက်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းရေးဆွဲတောင်းခံထားပြီးဖြစ်ပါကြောင်း၊ ခွဲဝေချထားသည့် ဘတ်ဂျက်အပေါ်မူတည်၍ ကောလိပ်အဆောက်အဦကို ၂၀၁၉ - ၂၀၂၀ဘဏ္ဍာရေးနှစ်တွင် စတင်၍ ဆောက်လုပ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် တရားစီရင်ရေးဆိုင်ရာသင်တန်းများတွင် စနစ်တကျ သင်ကြားနိုင်ရေးအတွက် လိုအပ်သည့် ကောလိပ်၏ဝန်ထမ်းအင်အား ဖွဲ့စည်းပုံကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ဝက်ရှုကျေးရွာအတွက် ဓာတ်အားပေးစက်၊ ဓာတ်အားလိုင်းကြိုး၊ မီးတိုင်များနှင့် စက်သုံးဆီ (ဒီဇယ်)ခွဲတမ်းများ တပ်ဆင်ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က တမူးမြို့နယ် ဝက်ရှုကျေးရွာအား ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၅ ကေဗွီအေ မီးစက်တစ်လုံးနှင့် ထပ်မံလိုအပ်သည့် ၄၀၀ ဗို့ဓာတ်အားလိုင်း (၁) မိုင်စာအတွက် ပစ္စည်းများအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စက်မောင်းရန်အတွက်လိုအပ်သည့် လောင်စာဆီအား ဒေသ၏အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ် တစ်ဝန်း လမ်းမကြီးများ ဖြတ်သန်းရာ ကျေးရွာများအား လျှပ်စစ်စွမ်းအင် လုံလောက်စွာနှင့် လျင်မြန်စွာ ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ချင်းပြည်နယ်တစ်ဝန်း လမ်းမကြီးများ ဖြတ်သန်းရာ ကျေးရွာများကိုသာမက လက်ရှိတည်ရှိပြီး ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများနှင့် ထပ်မံတည်ဆောက်ပြီးစီးလာမည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို အခြေခံ၍ ၎င်းဓာတ်အားပေးရေယာအတွင်းရှိ မြို့နယ်၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာချေးငွေ အထောက်အပံ့များဖြင့် လည်းကောင်း၊ ပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့်လည်းကောင်း နှစ်အလိုက်၊ အဆင့်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိမ်းဆည်းထားခဲ့သော တောင်သူ ၁၅ ဦး ပိုင်ဆိုင်သည့် မြေ ၁၁ ဒသမ ၇၄ ဧကအား ပြန်လည်စိစစ်၍ စွန့်လွှတ် သို့မဟုတ် လျော်ကြေး၊ နစ်နာကြေးပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်မျိုး၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မင်းကျောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၈၁၀) တပ်မြို့တောင်ကွင်း အောင်ဇေယျကလပ်နှင့် မျက်နှာချင်းဆိုင်ရှိ မြေပေးစလစ်များ၊ နှစ် (၃၀) မြေငှားဂရန်များ ထုတ်ပေးထားသော မြေကွက်များနှင့် ပတ်သက်၍ မြေကွက်ပိုင်ရှင် ပြည်သူများ နစ်နာမှုမရှိစေရေးနှင့် တရားဝင်နေထိုင်ပိုင်ခွင့်ရှိအောင် မည်သို့ကူညီဖြေရှင်းပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်ကြီးရှိ အလင်းရောင်(၂) ရပ်ကွက်တွင် အများပြည်သူသုံးရန်ထားသောမြေကို ပုဂ္ဂလိကသို့ မမှန်မကန် ဖော်ပြမြေပေးမိန့်ထုတ်ပေးခဲ့သည့်ကိစ္စအား တိုင်ကြားခဲ့သည့်အပေါ် မည်ကဲ့သို့အရေးယူဆောင်ရွက်ခဲ့သည်ကို သိရှိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညီညီထွေး(ခ) ဦးကိုကိုလေး၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် ပြည်သူများ လျှပ်စစ်မီတာခ နှုန်းထားများ အဆမတန်ကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုအပေါ် သက်သာမှုရှိစေရန်အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၏ **မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့ဆောင်ရွက်မည်၊ မည်သည့်နှစ်တွင် အပြီးဆောင်ရွက်မည်ကို သိရှိလိုခြင်း**မေးခွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်နီနိုင်၏ **ကရင်ပြည်နယ် ဝတ်ကြီးဒေသတွင် ဆောင်ရွက်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုသည့်** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန(၂)ခု ညှိနှိုင်း၍ နိုင်ငံတကာတွင် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံမြို့အားလုံး၏ မြို့တွင်းရှိကွန်ကရစ်တိုင်များ၌ ကွန်ကရစ်တိုင်တစ်တိုင်ထဲတွင် လျှပ်စစ်ကေဘယ်ကြိုးနှင့် ဆက်သွယ်ရေး ဖိုင်ဘာကေဘယ်ကြိုးများ သွယ်တန်းပေးရန် အစီအစဉ်ရှိ၊မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က



ဒုတိယဝန်ကြီး
ဦးတင်မြင့်
ဖြေကြားစဉ်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ
ဒေါက်တာဇော်လင်းထွဋ်
မေးမြန်းစဉ်။

ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက **အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို** တင်သွင်းရာတွင်

*စာမျက်နှာ ၉ သို့*

# အဆင့်မြင့်ပညာရေးကို အလွှာစုံမှ ကျောင်းသား ကျောင်းသူများ ပိုမိုလက်လှမ်းမီရေးအတွက် ပညာရေးဆိုင်ရာချေးငွေတစ်ရပ် အကောင်အထည်ဖော်ပေးရန် အဆိုတင်သွင်း

**နေပြည်တော်  မေ  ၂၄**
အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ်အသီးသီးတွင် အဆင့်မြင့်ပညာရပ်များ တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက် အတိုးနည်းပါးသည့် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက တင်သွင်းခဲ့သည်။



ရခိုင်ပြည်နယ်
မဲဆန္ဒနယ်
အမှတ်(၁၁)မှ
ဒေါ်ထုမေ
အဆို
တင်သွင်းစဉ်။

ဒေါ်ထုမေက မိမိတို့နိုင်ငံတွင် အခြေခံပညာအထက်တန်းအောင်မြင်ပြီးဆုံးချိန်တွင် မိသားစုစီးပွားရေးအခြေအနေအရ အဆင့်မြင့်တက္ကသိုလ်များကို ဆက်လက်တက်ရောက်ရန် အခက်အခဲရှိသည့် ကျောင်းသားများသည် ခေတ်အဆက်ဆက်တွင်ရှိခဲ့ပြီး အလုပ်ခွင်သို့ ဆောလျင်စွာ ဝင်ရောက်သွားရခြင်းသည်လည်း လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပါကြောင်း အဆိုတွင် ထည့်သွင်းပြောကြားသည်။

“ အထူးသဖြင့် ရခိုင်ပြည်နယ်အပါအဝင် ဆင်းရဲပြီး ဖွံ့ဖြိုးမှုနည်းတဲ့ ဒေသက ကျောင်းသားတွေဟာ ငွေကြေးမတတ်နိုင်တဲ့အတွက်ကြောင့် ဒေသအတွက် ပြန်လည် အကျိုးပြုနိုင်မယ့် ပညာရေးတွေရယူဖို့ထက် အလုပ်လုပ်ရင်း ဘွဲ့တစ်ခုရဖို့ကို ဦးစားပေးလိုက်ရတာ တွေ့ရပါတယ်။ နောက်ပြီး ပညာရေးကို စွန့်ခွာပြီး တိုင်းတစ်ပါးမှာ အောက်ခြေသိမ်းအလုပ်တွေကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရပါတယ်။ ငယ်ရွယ်နုပျိုတဲ့ ဦးနှောက်နဲ့ တက်ကြွတဲ့ အင်အားပိုင်ရှင်လူငယ်များရဲ့ ခိုင်မာတဲ့ပညာရေး ရည်မှန်းချက်တွေ ပြည့်ဝဖို့ ငွေကြေးဟာ အခက်အခဲ မဖြစ်သင့်ပါဘူး”ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် ထူးချွန်ကျောင်းသားများ၊ ရည်မှန်းချက်ရှိသည့် ကျောင်းသားများ အဆင့်မြင့်ပညာရေးကို ပိုမိုလက်လှမ်းမီရန် နိုင်ငံတော်အနေဖြင့် လိုအပ်သည့် ကူညီပံ့ပိုးမှု အစီအစဉ်ကောင်းများရှိသင့်ပြီး အဆင့်မြင့်ပညာရေးကို ကျောင်းသား အများစုလက်လှမ်းမီ သင်ကြားနိုင်ရန်အတွက် ချေးငွေအစီအစဉ်သည် အဓိကကျသည့်နေရာတွင် ပါဝင်လျက်ရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံအပါအဝင် စီးပွားရေးကောင်းမွန်တဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာပါ ကျောင်းသားတွေအတွက် ချေးငွေအစီအစဉ်တွေ ထားရှိပေးကြတာ တွေ့ရပါတယ်”ဟု ၎င်းကပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာလိုအပ်လျက်ရှိနေသော ကဏ္ဍကြီးဖြစ်သည့် သုတေသနလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးကို ဦးတည်ပြီး ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအတွက် သုတေသနများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မဟာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများ ပြုစုရာတွင်လည်းကောင်း အသေးစားချေးငွေများ ရရှိနိုင်မည်ဆိုပါက ပိုမိုအရည်အသွေးကောင်းမွန်သည့် ဘွဲ့ယူစာတမ်းများကို အချိန်ယူပြုစုနိုင်မည်ဖြစ်ပါကြောင်းကိုလည်း အကြံပြုပြောကြားခဲ့သည်။

ထို့ကြောင့် ချေးငွေအတွက် ရန်ပုံငွေတစ်ရပ်ကို နိုင်ငံတော်မှ သတ်မှတ်ပေးခြင်း သို့မဟုတ် နိုင်ငံတော်ဘဏ်တစ်ခု၏ ချေးငွေအစီအစဉ် သို့မဟုတ် ပုဂ္ဂလိကဘဏ်များ၏ ချေးငွေအစီအစဉ်ဖြင့် သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ချေးငွေပုံစံ အမျိုးမျိုးရှိသော်လည်း ကျောင်းသားများအတွက် အတတ်နိုင်ဆုံး ရေရှည်ချေးငွေများဖြစ်သင့်ပြီး ၎င်းတို့လုပ်ငန်းခွင်ဝင်ပြီး ဝင်ငွေများ ရရှိမှသာလျှင် အရစ်ကျပြန်ဆပ်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်မည်ဟု ယူဆမိပါကြောင်းကိုလည်း ဒေါ်ထုမေက ပြောကြားသည်။

“ ထူးချွန်ကျောင်းသားတွေ ပညာသင်ပြီးစီးချိန်မှာ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများအတွက် ချေးငွေလျှော်ပေးတဲ့အစီအစဉ်၊ အတိုးနှုန်းပယ်ဖျက်ပေးတဲ့ အစီအစဉ်၊ တချို့တစ်ဝက်သာ ပြန်ဆပ်စေတဲ့ အစီအစဉ်တွေကိုပါ ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်သင့်ပါတယ်”ဟု ၎င်းကတိုက်တွန်းပြောကြားခဲ့သည်။

လက်ရှိမြန်မာနိုင်ငံတွင် ပညာရေးဆိုင်ရာ ထောက်ပံ့ကြေးများ၊ ပညာသင်ဆု အစီအစဉ်များသည် အလွန်နည်းပါးနေသည့်အတွက် ပညာရေးဆိုင်ရာ ချေးငွေများ ထုတ်ပေးနိုင်မည်ဆိုပါက အဆင့်မြင့်ပညာများ သင်ယူလေ့လာရေးတွင် ဝင်ငွေ နည်းပါးသည့် မိသားစုမှ ကျောင်းသားများ ပိုမိုပါဝင်သင်ယူလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

“အထူးသဖြင့် ဝန်ထမ်းမိသားစုက ကျောင်းသားကျောင်းသူတွေကို ချေးငွေ အစီအစဉ်မှာပါဝင်စေပြီး ဝန်ထမ်းတွေရဲ့ပညာရေးဆိုင်ရာအသုံးစရိတ်အခက်အခဲကို လျှော့ချပေးနိုင်တဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာလည်း ပိုမိုထိရောက်မှုရှိမှာဖြစ်ပါတယ်”ဟု ဒေါ်ထုမေက ထောက်ပြပြောဆိုသည်။

ဒေါ်ထုမေ၏ အဆိုကို ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ထောက်ခံခဲ့ပြီး လွှတ်တော်ကလည်း လက်ခံဆွေးနွေးရန်သင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။

**အောင်ရဲသွင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mrs. Suphatra Srimaitreephithak အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များ၊ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံရှိ စာပေ၊ ယဉ်ကျေးမှုနှင့် သုတေသန အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ နှစ်နိုင်ငံအကြား အဆိုပါ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး **Mrs. Suphatra Srimaitreephithak** အား လက်ခံ တွေ့ဆုံစဉ်။

သတင်းစဉ်

# သုတေသနညီလာခံကအဆင့်အတန်းမြင့်မြင့် အရည်အသွေးရှိရှိ၊ သိက္ခာရှိရှိ သုတေသနစာတမ်းတွေ ထွက်ဖို့အတွက် ရည်ရွယ်ပါတယ်

**ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး**

ရန်ကုန် မေ ၂၄

**အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် ပါမောက္ခချုပ်များကော်မတီတို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသန ညီလာခံအခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ယနေ့မှ မေ ၂၅ ရက်အထိ နှစ်ရက်တာကျင်းပမည်ဖြစ်သည်။**

သုတေသန ညီလာခံအခမ်းအနားတွင် မြန်မာနိုင်ငံတက္ကသိုလ်များရှိ ဆရာဆရာမများက ဘာသာရပ်အလိုက် သုတေသနစာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။

အဆိုပါ သုတေသနညီလာခံ ကျင်းပရေးအခမ်းအနားမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး**
**ဆေးတက္ကသိုလ်(၁)**
**ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ**

တက္ကသိုလ်တွေရဲ့ သုတေသနစာတမ်းဖတ်ပွဲနဲ့ တွဲပြီးပြုလုပ်တဲ့ ညီလာခံကို ပထမဆုံး ကျင်းပတာဖြစ်ပါတယ်။ အခု သုတေသနစာတမ်းဖတ်ပွဲကျင်းပနိုင်ဖို့ စီစဉ်မှုတွေလုပ်နေတာ ၆ လ ရှိပါပြီ။ စီစဉ်မှုတွေလုပ်တဲ့အခါ အဓိက ဘာသာရပ် ၉ ခုခွဲလိုက်ပါတယ်။ ပါမောက္ခချုပ်များ ကော်မတီမှာလည်း ဘာသာရပ်ဆိုင်ရာနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ ၉ ဖွဲ့ရှိတယ်။ အဲဒါကိုအခြေခံပြီး သုတေသနစာတမ်း ၉ မျိုးခွဲပြီး ဖတ်မှာဖြစ်တာကြောင့် အခန်း ၉ ခန်းစီစဉ်ထားပါတယ်။

ပြီးခဲ့တဲ့ ၄ လ လောက်က ဘာသာရပ် ၉ ခုအတွက် တက္ကသိုလ် ၁၆၃ ခုကို ကြေညာပြီး စာတမ်းတွေခေါ်ခဲ့ပါတယ်။ စာတမ်းပေါင်း ၉၀၀ ကျော်ရောက်လာပြီး သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ စာတမ်းပေါင်း ၆၉၃ စောင်ရှိတဲ့အထဲက ရွေးချယ်လိုက်တာ ၁၈၀ စောင် ရပါတယ်။ ဒီထဲကမှ ပြီးပြည့်စုံတဲ့ စာတမ်း ၁၈၂ စောင်ရပါတယ်။ ၂ ရက်ခွဲပြီး ဖတ်ရမှာဖြစ်ပြီး စာတမ်းတစ်စောင်ကို စာဖတ်တင်သွင်းချိန် ၁၅ မိနစ်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုးအဖွဲ့ ၉ ဖွဲ့ ဖွဲ့ထားတယ်။ စာတမ်းတွေကို သုံးသပ်စစ်ဆေးသူတွေ ထားရှိတယ်။ အဲဒါကြောင့် ဒီညီလာခံဟာ အဆင့်အတန်းမြင့်မြင့် အရည်အသွေးရှိရှိ၊ သိက္ခာရှိရှိသုတေသန စာတမ်းတွေ ထွက်ဖို့အတွက် ရည်ရွယ်ပါတယ်။

မြန်မာပြည်မှာ တက္ကသိုလ်အားလုံး ပါဝင်တဲ့ သုတေသနနဲ့ ပညာရေးကွန်ရက်တစ်ခုတည်ထောင်ဖို့ စီစဉ်နေပါတယ်။ အဲဒီကနေ နိုင်ငံတကာကိုချိတ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ တက္ကသိုလ်တွေရဲ့ အဆင့်အတန်းကို ဖော်ပြရာရောက်သလို နိုင်ငံတကာနဲ့ မျှဝေဖလှယ်တဲ့ နေရာတစ်ခုဖြစ်မှာ ဖြစ်ပါတယ်။ ဒီက စာတမ်းတွေကို နိုင်ငံတကာက သိရုံသာမက တက္ကသိုလ်တွေရဲ့ အဆင့်အတန်း၊ တက္ကသိုလ်တွေရဲ့ ဝင်ငွေတစ်ခုလည်း ဖြစ်လာနိုင်တယ်။ မြန်မာပြည်ရဲ့ ဝင်ငွေတစ်ခုလည်း ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးနဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ အပါအဝင် ဆရာတွေအားလုံး၊ ကျောင်းသားတွေနဲ့ စာတမ်းတင်ပြမယ့်သူတွေ၊ လူငယ်သုတေသနအဖွဲ့တွေရဲ့ တက်ကြွမှုတွေကို မြင်ရတော့ ဒီအပေါ်မှာ အများကြီးမျှော်လင့်ပါတယ်။

**ပါမောက္ခ ဒေါက်တာမျိုးကြွယ်**
**အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ**

တက္ကသိုလ်တွေ စုစည်းပြီး ဒီလိုပွဲမျိုးတွေ မကျင်းပဖြစ်တာကြာပါပြီ၊ ရည်ရွယ်ချက်က တက္ကသိုလ်အသီးသီးက သုတေသီတွေအချင်းချင်း တွေ့ဆုံကြပြီး အသိပညာ အပြန်အလှန်ဖလှယ်ကြဖို့ နိုင်ငံရဲ့ လိုအပ်ချက်တွေကို တစ်ထောင့်တစ်နေရာက စွမ်းဆောင်ပေးနိုင်ဖို့ သုတေသနစာတမ်းတွေ၊ ဆွေးနွေးပွဲတွေ လုပ်ဆောင်တာဖြစ်ပါတယ်။ နိုင်ငံတကာ တက္ကသိုလ်တွေက ပညာရေးအရည်အသွေးကောင်းဖို့ သုတေသနပြုလုပ်တာကို စိတ်ဝင်စားကြတယ်။ ချိတ်ဆက်မှုတွေလုပ်တယ်။ အချို့တက္ကသိုလ်တွေက ချိတ်ဆက်နေပြီ၊ အချို့တက္ကသိုလ်တွေမှာတော့ သုတေသနစင်တာတွေ ရှိနေပေမယ့် တချို့ကမရှိသေးဘူး။ ဒါတွေကို လမ်းပွင့်စေဖို့ သုတေသနဘက်ကို ဦးတည်ကျင်းပခြင်းဖြစ်ပါတယ်။ သုတေသန နယ်ပယ်တွေကို ဆွေးနွေးရာမှာ ဝိဇ္ဇာ/သိပ္ပံ ပညာရပ်၊ အင်ဂျင်နီယာနဲ့ နည်းပညာရပ်များ၊ ကွန်ပျူတာနည်းပညာရပ်များ၊ စီးပွားရေးပညာရပ်များ၊ ဆေးနှင့် ဆေးနီးနွယ်ပညာရပ်များ၊ ဘာသာယဉ်ကျေးမှုနှင့် အနုပညာရပ်များ၊ သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ၊ ဆရာအတတ်ပညာစတဲ့ သုတေသန နယ်ပယ်တွေ ပါဝင်ပါတယ်။ စာတမ်းတင်တာကတော့ ၆၀၀ ကျော်၊ ၇၀၀ နီးပါးရှိပါတယ်။ ပါမောက္ခချုပ် ကော်မတီမှာ ဆပ်ကော်မတီတွေက အဆင့်ဆင့်စိစစ်ရွေးချယ်ပြီး အဖွဲ့တစ်ဖွဲ့စီကို စာတမ်းပေါင်း ၂၀ ရွေးချယ်ခဲ့ပါတယ်။ ဘာသာရပ် ၉ ခုစီမှာ ပထမနဲ့ ဒုတိယဆုနှစ်ဆု ပေးပါမယ်။ ပိုစတာတွေကိုလည်း သက်ဆိုင်ရာ ဘာသာရပ်အလိုက် အကောင်းဆုံးရွေးချယ်ပြီး ဆုတစ်ဆုပေးသွားမှာပါ။ ဒါကြောင့် စုစုပေါင်း ၁၉ ဆု ပေးမှာဖြစ်ပါတယ်။

**ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီ**
**သန်လျင်နည်းပညာတက္ကသိုလ်**
**စာတမ်းစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ**

မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်အားလုံးကိုစုစည်းပြီး ဝန်ကြီးဌာန အမြောက်အမြားပါဝင်တဲ့ တက္ကသိုလ်တွေက စုပေါင်းကျင်းပတဲ့ ပထမဆုံးညီလာခံဖြစ်ပါတယ်။ စာတမ်းဖတ်တာတွေကတော့ နှစ်ရက်အတွင်းမှာ အခန်း ၉ ခန်းစလုံးမှာ စာတမ်းတွေ ဘာသာရပ်အလိုက် ခွဲပြီးဖတ်ကြားသွားမှာပါ။ တက္ကသိုလ် ဆရာ ဆရာမတွေအားလုံးက သုတေသနပြုလုပ်ဖို့ဆိုတာ တော်တော်ကို အချိန်ယူရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တက္ကသိုလ်ရဲ့အသက်က သုတေသနဖြစ်တာကြောင့် ဆရာ ဆရာမတိုင်းသာမက ကျောင်းသား ကျောင်းသူတွေပါ သုတေသနပြုလုပ်ခြင်းအလေ့အထကို ရရှိသွားစေချင်ပါတယ်။ သုတေသနဆိုတာ ထွန်းကားမှ နိုင်ငံတော်လည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ နောက်နှစ်တွေမှာလည်း ဆက်လက်ကျင်းပဖို့ အစီအစဉ်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - မြတ်စန္ဒီ၊ မီမီဖြိုး**
**ဓာတ်ပုံ - လှမိုး**



ဆေးတက္ကသိုလ်(၁)
ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ
ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး



အမျိုးသားပညာရေး
မူဝါဒကော်မရှင်
ပါမောက္ခ ဒေါက်တာမျိုးကြွယ်




သန်လျင်နည်းပညာတက္ကသိုလ်
စာတမ်းစိစစ်ရွေးချယ်ရေးကော်မတီ
ဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီ

*စာမျက်နှာ ၈ မှ*

အဆိုတင်သွင်းရသည့် အဓိကအကြောင်းအရင်းမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသားလူငယ်များနှင့် နိုင်ငံသားလူငယ်များ အဆင့်မြင့်ပညာရေးကို ပိုမိုသင်ကြားခွင့်ရရှိရန်ဖြစ်ပြီး မြန်မာနိုင်ငံအနာဂတ်လူသားစွမ်းအား အရင်းအမြစ်ကို မြှင့်တင်စေရန် ရည်ရွယ်ပါကြောင်း၊ အဆင့်မြင့်ပညာရေးကို ကျောင်းသားအများစု လက်လှမ်းမီသင်ကြားနိုင်ရန်အတွက် ချေးငွေအစီအစဉ်သည် အဓိကကျသည့်နေရာတွင် ပါဝင်လျက်ရှိပါကြောင်း၊ ကျောင်းသားများအတွက် ချေးငွေအစီအစဉ်များ ရှိနေမည်ဆိုပါက ကျောင်းသားသည် ၎င်း၏ ပညာရေးစရိတ်နှင့်အတူ ကိုယ့်တာဝန်ကိုယ်ယူနိုင်မည်ဖြစ်ပါကြောင်း၊ မိဘများ၏ ပညာရေးဆိုင်ရာ အသုံးစရိတ်ဝန်ထုပ်ဝန်ပိုးကိုလည်း သက်သာစေမည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့်လည်း ပညာရေးအပေါ် အထူး အာရုံစိုက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာလိုအပ်လျက်ရှိနေသော ကဏ္ဍကြီးဖြစ်သည့် သုတေသနလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေးကို ဦးတည်ပြီး ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအတွက် သုတေသနများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မဟာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများ ပြုစုရာတွင်လည်းကောင်း အသေးစားချေးငွေများ ရရှိနိုင်မည်ဆိုပါက ပိုမိုအရည်အသွေးကောင်းမွန်သည့် ဘွဲ့ယူစာတမ်းများကို အချိန်ယူပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ ချေးငွေအတွက် ရန်ပုံငွေတစ်ရပ်ကို နိုင်ငံတော်မှ သတ်မှတ်ပေးခြင်း သို့မဟုတ် နိုင်ငံတော်ဘဏ်တစ်ခု၏ ချေးငွေအစီအစဉ် သို့မဟုတ် ပုဂ္ဂလိကဘဏ်များ၏ ချေးငွေအစီအစဉ်ဖြင့် သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ချေးငွေပုံစံ အမျိုးမျိုးရှိသော်လည်း ကျောင်းသားများအတွက် အတတ်နိုင်ဆုံး ရေရှည်ချေးငွေများဖြစ်သင့်ပြီး ၎င်းတို့လုပ်ငန်းခွင်ဝင်ပြီး ဝင်ငွေများရရှိမှသာလျှင် အရစ်ကျပြန်ဆပ်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်မည်ဟု ယူဆမိပါကြောင်း။

ထို့ကြောင့် ပညာသင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေးများ၊ ပညာရေးဆိုင်ရာ ချေးငွေများသည် ကောင်းမွန်သည့် ပညာရေးစနစ်တစ်ခုတွင် ရှိသင့်ရှိထိုက်သည့် အရာများဖြစ်ပါကြောင်း၊ နိုင်ငံတွင် ပညာအရည်အသွေးတိုးတက်အောင် အဘက်ဘက်က ဆောင်ရွက်နေကြသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပညာရည်အရည်အသွေး ကောင်းလာသော်လည်း နိုင်ငံ၏ လူများစုဖြစ်သည့် ဝင်ငွေနည်းမိသားစုများက အဆင့်မြင့်ပညာရေးကို လက်လှမ်းမမီနိုင်ပါက အဓိပ္ပာယ်ရှိမည်မဟုတ်ပါကြောင်း၊ ထို့ ကြောင့် အဆင့်မြင့်ပညာရေးကို အလွှာစုံမှ ကျောင်းသားများ ပိုမိုလက်လှမ်းမီရေးအတွက် ပညာရေးဆိုင်ရာ ချေးငွေအစီအစဉ် တစ်ရပ်ကို စဉ်းစားကြံဆ အကောင်အထည်ဖော်ပေးပါရန် တိုက်တွန်းကြောင်း အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို မေ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်း

**စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေ**
**(၂၀၁၉ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)**
**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။

(ဈ) **စာပေနှင့် အနုပညာမူပိုင်ခွင့်** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိသော စာပေနှင့် အနုပညာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဆိုသည်။

(ည) **ဆက်နွှယ်သည့်အခွင့်အရေး** ဆိုသည်မှာ ဤဥပဒေပါ အခန်း(၁၄)တွင် ပြဋ္ဌာန်းထားသည့် ဖျော်ဖြေသူများ၊ ဖိုနိုဂရမ်ထုတ်လုပ်သူများနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ သီးသန့်အခွင့်အရေးများကို ဆိုသည်။

(ဋ) **စာပေ သို့မဟုတ် အနုပညာလက်ရာ** ဆိုသည်မှာ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၅ တို့တွင် ဖော်ပြထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့် ဆင့်ပွားလက်ရာများကို ဆိုသည်။

(ဌ) **မူလလက်ရာရှင်** ဆိုသည်မှာ ဤဥပဒေအရ အကာအကွယ်ပေးခြင်းခံရသော စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ရပ်ရပ်ကို မိမိ၏ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပြုလုပ်သည့် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ဍ) **စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏အမွေဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည် -

(၁) မူလလက်ရာရှင်၊

(၂) စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသောလူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း။

(ဎ) **ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်** ဆိုသည်မှာ အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏ အမွေဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-

(၁) ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်း၊

(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း။

(ဏ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်ကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်း ပါဝင်သည်။

(တ) **ဖျော်ဖြေသူ** ဆိုသည်မှာ ဂီတပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ အကပညာရှင် သို့မဟုတ် စာပေ သို့မဟုတ် အနုပညာလက်ရာများကို ဖြစ်စေ၊ ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကိုဖြစ်စေ သရုပ်ဆောင်ခြင်း၊ တီးမှုတ်ခြင်း၊ သီဆိုခြင်း၊ ကပြခြင်း၊ ဘာသာစကားပြန်ဆိုခြင်း၊ ဇာတ်ကြောင်းပြောခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ဖျော်ဖြေသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ထ) **ဖျော်ဖြေတင်ဆက်မှု** ဆိုသည်မှာ -

(၁) အရုပ်အသံလက်ရာနှင့် ရုပ်ရှင်ဖန်တီးမှုလက်ရာမဟုတ်သော အခြားစာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက ယင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ ကြားခံကိရိယာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ၊ လုပ်ငန်းစဉ်တစ်ရပ်ရပ်မှတစ်ဆင့်ဖြစ်စေ ရွတ်ဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ကပြခြင်း၊ သရုပ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊

(၂) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက ပုံရိပ်တို့ကို အစီအစဉ်တကျ ပြသခြင်းနှင့် ယင်းနှင့်အတူပါဝင်သော အသံတို့ကို ကြားနိုင်အောင်ပြုလုပ်ခြင်း၊

(၃) ဖိုနိုဂရမ်ဖြစ်ပါက ဖမ်းယူထားသောအသံကို ကြားနိုင်အောင် ပြုလုပ်ခြင်းတို့ကို ဆိုသည်။

(ဒ) **ထုတ်လုပ်သူ** ဆိုသည်မှာ အရုပ်အသံလက်ရာကိုဖြစ်စေ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာကိုဖြစ်စေ ပြုလုပ်သည့် သို့မဟုတ် ဖိုနိုဂရမ်ကို ဦးစွာအသံထည့်သွင်းသည့် သို့မဟုတ် ဦးစွာအသံထည့်သွင်းရန် ဦးဆောင်ပြုလုပ်သည့် လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်းကိုသော်လည်းကောင်း ဆိုသည်။

(ဓ) **လက်ရာများကိုစုပေါင်းခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာများကို ရွေးချယ်ခြင်းနှင့် စီစဉ်ခြင်းဖြင့် စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ဖန်တီးမှုပါရှိသည့် စုပေါင်းခြင်းကို ဆိုသည်။

(န) **ပူးတွဲမူလလက်ရာရှင်များ၏လက်ရာ** ဆိုသည်မှာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် မူလလက်ရာရှင်များက လက်ရာတစ်ခုဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင် ဖန်တီးဆောင်ရွက်ထားသည့် စာပေ အနုပညာလက်ရာကို ဆိုသည်။

(ပ) **အရုပ်အသံလက်ရာ** ဆိုသည်မှာ အသံပူးတွဲပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ရုပ်ပုံများကိုမြင်နိုင်သည့်အပြင် အသံပူးတွဲပါဝင်ပါက ကြားနိုင်သည့် ဆက်စပ်လှုပ်ရှားနေသော ရုပ်ပုံများပါဝင်သည့် လက်ရာကို ဆိုသည်။

(ဖ) **ရုပ်ရှင်ဖန်တီးမှုလက်ရာ** ဆိုသည်မှာ မြင်နိုင်သော ရုပ်ပုံများ အစီအစဉ်တကျပါဝင်ပြီး လှုပ်ရှားမှုရုပ်ပုံများအဖြစ် အဆက်မပြတ်ပြသနိုင်သော သို့မဟုတ် ယင်းကဲ့သို့ပြသနိုင်ရန် အခြားသော ကြားခံပစ္စည်းတွင် မှတ်တမ်းတင်ထားသော အသံပေါင်းစပ်ပါဝင်သည့် အရုပ်အသံဖန်တီးမှုလက်ရာကို ဆိုသည်။

(ဗ) **အသုံးချအနုပညာလက်ရာ** ဆိုသည်မှာ လက်မှုပညာဖြင့်ပြုလုပ်၍ဖြစ်စေ၊ စက်မှုနည်းပညာဖြင့်ထုတ်လုပ်၍ဖြစ်စေ အသုံးဝင်စေရန် ဆောင်ရွက်ထားသော သို့မဟုတ် အသုံးဝင်သည့် ပစ္စည်းတစ်ခုခုတွင် ပါဝင်ပေါင်းစပ်ထားသော အနုပညာဖန်တီးမှုလက်ရာကို ဆိုသည်။

(ဘ) **ဖိုနိုဂရမ် (Phonogram)** ဆိုသည်မှာ အရုပ် အသံ လက်ရာ ပေါင်းစပ်ထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မှု အသံ၊ အခြားအသံ သို့မဟုတ် အလားတူအသံတို့ကို ဖိုနိုဂရမ်ဓာတ်ပြား၊ အသံသွင်းတိပ်ခွေနှင့် အခြားကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားခြင်းကို ဆိုသည်။

(မ) **ဓာတ်ပုံလက်ရာ** ဆိုသည်မှာ ပုံရိပ်ကိုဖမ်းယူပေးနိုင်သော သို့မဟုတ် ပုံရိပ်ထုတ်ပေးနိုင်သော မည်သည့်ကြားခံနယ်ပေါ်တွင်မဆို ဓာတုဗေဒနည်းပညာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာဖြင့်ဖြစ်စေ အလင်းကိုဖမ်းယူခြင်းဖြင့်လည်းကောင်း၊ အလင်းထုတ်လွှတ်ခြင်းဖြင့်လည်းကောင်း ပြုလုပ်ထားသည့် မူလဖန်တီးမှုလက်ရာကို ဆိုသည်။

(ယ) **အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း** ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၏ ရုပ်ပုံသက်သက်ကိုဖြစ်စေ၊ အသံသက်သက်ကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံနှစ်ခုလုံးကိုဖြစ်စေ၊ သဏ္ဌာန်တူရုပ်ပုံနှင့် အသံတို့ကိုဖြစ်စေ၊ အခြားအသံ သို့မဟုတ် လှုပ်ရှားနေသောပုံရိပ်များ သို့မဟုတ် ထုတ်လွှင့်ချက်တို့ကိုဖြစ်စေ မြင်နိုင်ကြားနိုင်ရန်သော်လည်းကောင်း၊ မူပွားခြင်းပြုနိုင်ရန်သော်လည်းကောင်း၊ ဆက်သွယ်ပို့လွှင့်နိုင်ရန်သော် လည်းကောင်း တိပ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် ပထမဦးဆုံးပေါင်းစပ်ထည့်သွင်းပြီး မှတ်တမ်းပြုသွင်းယူခြင်းကို ဆိုသည်။

(ရ) **ထုတ်လွှင့်ခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖြစ်စေ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်ကိုဖြစ်စေ ဂြိုဟ်တုမှ တစ်ဆင့်ပို့လွှင့်ခြင်းအပါအဝင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းကဲ့သို့သော ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့် ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(လ) **ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကို ဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါဖော်ပြချက် တစ်ခုခု သို့မဟုတ် ယင်းတို့၏ ပေါင်းစပ်ဖော်ပြချက်များပါဝင်သော အသွင်ပုံစံတစ်ခုခုကို ဆိုသည် -

(၁) နှုတ်ရေးနှုတ်ရာ ဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊

(၂) ဂီတဆိုင်ရာ ဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများ)ဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်းအပါအဝင် ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့်ပြုလုပ်သည့် လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖန်မှန် သို့မဟုတ် ကျောက်မျက်ရတနာ စသည်တို့ဖြင့်စီခြယ်ခြင်း၊ သစ်သားဖြင့် ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့် လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့် ပြုလုပ်သည့် လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရှေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ် လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။

(ဝ) **ကွန်ပျူတာပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာဖြင့် သီးသန့်လုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရလဒ်ကိုရရှိစေရန် ကွန်ပျူတာမှဖတ်ရှုနိုင်သည့် ကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားသော စာလုံး၊ သင်္ကေတ၊ အစီအစဉ် သို့မဟုတ် အခြားပုံစံတစ်မျိုးမျိုးဖြင့် ဖော်ပြထားသော ညွှန်ကြားမှုအစီအစဉ် တစ်ရပ်ကို ဆိုသည်။

(သ) **စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးများ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များ** ဆိုသည်မှာ အောက်ဖော်ပြပါအချက်အလက်များကို ဆိုလိုသည်-

(၁) စာပေ သို့မဟုတ် အနုပညာလက်ရာ၊ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်၊ လက်ရာ၏အခွင့်အရေး တစ်ခုခုကို ပိုင်ဆိုင်သူတို့အား ဖော်ပြသည့် သတင်းအချက်အလက်များ၊

(၂) စာပေ သို့မဟုတ် အနုပညာလက်ရာအား အသုံးပြုမှုနှင့် စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ချက်များဆိုင်ရာ သတင်းအချက်အလက်များ၊

(၃) ဖျော်ဖြေသူ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ဖိုနိုဂရမ်ကိုသော်လည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တွင်ပါရှိသည့် အခွင့်အရေးတစ်ခုခု၏ ပိုင်ရှင်ကိုသော်လည်းကောင်း ဖော်ပြသည့် သတင်းအချက်အလက်များ၊

(၄) ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်အား အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ သတင်းအချက်အလက်များ၊

(၅) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)နှင့် (၄) တို့ပါ သတင်းအချက်အလက် တစ်ခုခုကို လက်ရာတစ်ခု၏ မိတ္တူတွင် ထည့်သွင်းရာတွင်ဖြစ်စေ သို့မဟုတ် လက်ရာတစ်ခုကို အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ရာတွင်ဖြစ်စေ အဆိုပါ သတင်းအချက်အလက်များကို ကိုယ်စားပြုသည့် နံပါတ် သို့မဟုတ် သင်္ကေတ။

*(ဆက်လက်ဖော်ပြပါမည်)*

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး နှုတ်ဆက်ဧည့်ခံပွဲကျင်းပ

**ရန်ကုန် မေ ၂၄**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၏ နှုတ်ဆက်ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Wyndham Grand Royal Lake Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ဆက်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် သံအမတ်ကြီးနှင့် ဇနီးတို့သည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ **(ယာပုံ)** ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**




# တာချီလိတ်မြို့တွင် ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**တာချီလိတ် မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကလေးစာပေပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်းက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က တာချီလိတ်မြို့တွင် ကလေးစာပေပွဲတော် ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ကလေးစာပေပွဲတော်များ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် နိုင်ငံတစ်ဝန်းတွင် ကလေးစာပေပွဲတော်များ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေတို့က တာချီလိတ်မြို့တွင် ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပွဲတော်ကျင်းပရေးဦးစီး ကော်မတီနာယကနှင့် ကော်မတီဝင်များ၊ လုပ်ငန်းဆပ်ကော်မတီဝင်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာ အသင်းဝင်များ၊ ပန်းချီ ပန်းပုပညာရှင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ပွဲတော်ကို စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ စေတနာအလှူရှင်များက ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ တာချီလိတ်မြို့တွင် ပထမအကြိမ်အဖြစ် ကျင်းပမည့် ကလေးစာပေပွဲတော်ကို ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မကာဟိုခမ်းရှိ အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် ကျင်းပပြီးစီးခဲ့သော ကလေးစာပေပွဲတော်များမှ စာပေဆိုင်ရာ ပြိုင်ပွဲများနှင့် လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ ပြိုင်ပွဲများနှင့် ဖျော်ဖြေရေးဆိုင်ရာများကို အလားတူ ထည့်သွင်းကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်မှုအပြင် ဒေသခံတိုင်းရင်းသားများ၏ စာပေဆိုင်ရာများနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ဖျော်ဖြေမှုများကိုလည်း ထည့်သွင်းကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

**ရန်ကုန် မေ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဒေါက်တာကျော်ဝင်း (မြန်မာသမိုင်းအဖွဲ့) က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့မှ ပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်ကြီးများ တက်ရောက်ကြသည်။



မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ဘာသာပြန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန် သုတရသစာပေများ ထွက်ပေါ်လာစေရန်နှင့် ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် စာတမ်းဖတ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် စာတမ်းဖတ်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ စာတမ်းအကြောင်းအရာ နယ်ပယ် ရွေးချယ်ခြင်း၊ စာတမ်းဖတ်ပွဲကျင်းပမည့် နေ့ရက်လျာထားသတ်မှတ်ခြင်း၊ စာတမ်းရှင်များ ဖိတ်ခေါ်ရွေးချယ်နိုင်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၂၃ ရက်တွင် **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် (၁၀၉၇) တွင် ပါတီရုံးချုပ်တည်ရှိသော **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၅-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party) ၏ အလံပုံစံ**



**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party) ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လူကုန်ကူးမှု ၁၉ မှုရှိပြီး အမျိုးသမီးငယ် ၃၀ လူကုန်ကူးခံခဲ့ရ




လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**မူဆယ် မေ ၂၄**

နယ်စပ်ဒေသ မူဆယ်မြို့တွင် လူကုန်ကူးခြင်းခံရမှုအများဆုံးသည် မိန်းကလေးငယ်များဖြစ်ကြောင်း အမှတ်(၁၇) ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ ယာယီရဲမှူး မြင့်သိန်းထံမှ သိရသည်။

၂၀၁၉ခုနှစ် ဇန်နဝါရီလမှ မေလအထိ မူဆယ်မြို့တွင် လူကုန်ကူးမှု ၁၉ မှုမှ မိန်းကလေး ၃၀ နှင့် ၂၀၁၈ ခုနှစ်အတွင်း လူကုန်ကူးအမှု ၄၀မှ မိန်းကလေး ၅၆ ဦး လူကုန်ကူးခံရကြောင်း ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်) ၏ မှတ်တမ်းအရ သိရသည်။

လူကုန်ကူးခံရမှု အများစုသည် ပွဲစားများမှတစ်ဆင့် မူဆယ်မြို့မှ တရုတ်နိုင်ငံဘက်သို့ တရုတ်အမျိုးသားများနှင့် အတင်းအဓမ္မထိမ်းမြား လက်ထပ်စေခိုင်းခြင်း၊ ကလေးသူငယ်များကို မွေးစားရန် ရောင်းစားခံရခြင်း၊ အနှိပ်ခန်းများ၌ အဓမ္မစေခိုင်းခြင်း၊ ပြည့်တန်ဆာအဖြစ်စေခိုင်းခြင်းများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထုတ်ယူရောင်းချခြင်းများ ရှိနေပြီး နယ်စပ်ဒေသ မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လူကုန်ကူးသည့်အမှု ၁၉ မှုမှ လူကုန်ကူးခံရသူအများဆုံးသည် မိန်းကလေးများဖြစ်ကြောင်း သိရသည်။

"လူကုန်ကူးအမှု ၁၉ မှုထဲမှာ အဖြစ်အများဆုံးကတော့ အမျိုးသမီးငယ်တွေကို တရုတ်အမျိုးသားတွေနဲ့ အတင်းအဓမ္မ ထိမ်းမြားလက်ထပ်ခိုင်းတဲ့ ဖြစ်စဉ်တွေများပါတယ်။ တချို့ကသူ့အဒေါ်ကနေတစ်ဆင့် ရောင်းစားနေတာလည်းရှိတယ်။ သူငယ်ချင်းအချင်းချင်း ရောင်းစားခံရတာတွေလည်း ရှိတယ်။ သမီးရည်းစားစုံတွဲ အတူနေထိုင်ရင်း ကောင်မလေးကို သူ့ကောင်လေးက တရုတ်အမျိုးသားနဲ့ လက်ထပ်ဖို့ဆိုပြီး ရောင်းစားခံရတဲ့အဖြစ်တွေလည်း ရှိပါတယ်"ဟု မိန်းကလေးအများစု လူကုန်ကူးခံရသည့်ပုံစံများကို ယာယီရဲမှူး မြင့်သိန်းက ပြောကြားသည်။

လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးနှင့် ပြည်ပသို့ တရားမဝင်အလုပ်သမားများ သွားရောက်မှုကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ မေ ၂၄ ရက် နံနက် ၈ နာရီက မြန်မာ-တရုတ် နှစ်နိုင်ငံဝင်၊ ထွက်ဂိတ် နန်းတော်ဂိတ်၌ လူကုန်ကူးမှုအသိပညာပေး (Bill Board) စိုက်ထူဖွင့်လှစ်ခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်) နှင့် YMCA , DCA-NCA Myanmar တို့ ပူးပေါင်း၍ ကျင်းပသည်။

အခမ်းအနားကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထိန်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစန်းဝေနှင့် YMCA, DCA-NCA Myanmar အတွင်းရေးမှူး ဦးမောင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ကချင်နှစ်ခြင်း လူမှုရေးခန်းမဆောင်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လူထုအသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ သင်းအုပ်ဆရာတော် ဇော်အောင်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး YMCA, DCA-NCA Myanmar လူငယ်အဖွဲ့များက "ချစ်ခြင်းမေတ္တာနဲ့" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ဆရာမဒေါ်ယူနစ်နှင့် ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်)မှ ဒုတပ်ဖွဲ့စုမှူး ရဲမှူးမြင့်သိန်းတို့က လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးနှင့် သိကောင်းစရာများ၊ လက်ရှိဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံများနှင့် ရွှေ့ပြောင်းသွားလာခြင်းမှ လူမှောင်ခို၊ လူကုန်ကူးမှုဖြစ်ပွားခြင်းများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းကာကွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများကို အသီးသီးဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရှိုးထန်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နှစ်(၃၀)မြောက် တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၏ နှစ်(၃၀)မြောက် အထိမ်းအမှတ်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား နွေရာသီသင်တန်းဆင်း တိုက်ကွမ်ဒိုပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ အားကစားသမား ၁၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြကာ ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ ယင်းပြိုင်ပွဲတွင် သက်တမ်းအလိုက် ကကွက်ပြိုင်ပွဲ၊ နွေရာသီ သင်တန်း အသက် ၁၀ နှစ်အောက်၊ ၁၈ နှစ်အောက်ပြိုင်ပွဲများ၊ ကာလာခါးစည်း အသက် ၁၄ နှစ်အောက် ၁၈ နှစ်အောက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နှစ်(၃၀)မြောက်အထိမ်းအမှတ် တိုက်ကွမ်ဒိုပြိုင်ပွဲဝင်အသင်းများအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်စဉ်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်က ဇွန် ၁၂ ရက်နေ့မှာ နှစ် ၃၀ ပြည့် ရောက်ရှိမှာဖြစ်တဲ့အတွက် အထိမ်းအမှတ်ပွဲလည်းဖြစ်တယ်။ အဖွဲ့ချုပ်အနေနဲ့ နှစ်စဉ်နှစ်တိုင်း နွေရာသီသင်တန်းပြိုင်ပွဲကို ကလေးတွေ ကျောင်းမဖွင့်ခင် စုံစုံလင်လင်နဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ကျင်းပခြင်းဖြစ်တယ်။ အဖွဲ့ချုပ်အနေနဲ့ နှစ် ၃၀ အတွင်း ကမ္ဘာ့အာရှ၊ အရှေ့တောင်အာရှ အဆင့်ပြိုင်ပွဲများမှာ ရွှေ ၆၀ ကျော်၊ ငွေ ၇၀ ကျော်၊ ကြေး ၃၀၀ ကျော်ရရှိခဲ့ပါတယ်"ဟု အဖွဲ့ချုပ်မှ နည်းပြချုပ် ဦးကျော်သန်းဦးက ပြောသည်။

အဆိုပါပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလပ်အသင်း ၂၁ သင်း၊ ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်း၊ နေပြည်တော်အသင်း၊ တောင်ငူအသင်း စုစုပေါင်း အသင်း ၂၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အာကာစိုး**

# ထိပ်ဆုံးနေရာပြောင်းလဲခဲ့သည့် အမျိုးသမီးလိဂ်

**ရန်ကုန် မေ ၂၄**

မေ ၂၂၊ ၂၃ ရက်က ကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁)အပြီးတွင် ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး လက်ရှိချန်ပီယံမြဝတီအသင်းကို အနိုင်ရသည့် အား/ကာသိပ္ပံအသင်းက ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။

လက်ရှိချန်ပီယံ မြဝတီအသင်းသည် ချန်ပီယံဆုကို သုံးရာသီဆက်တိုက် ရယူနိုင်ရန် အခြေအနေကောင်းခဲ့သော်လည်း အား/ကာသိပ္ပံကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာရောက်သွားပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် ဖိအားများသွားခဲ့သည်။ ပွဲစဉ်(၁၁) အပြီးတွင် အား/ကာသိပ္ပံနှင့် မြဝတီအသင်းက ၂၈ မှတ်စီ၊ သစ္စာအားမာန်အသင်းက ၂၅ မှတ်ရထားပြီး ယင်းသုံးသင်းသာ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိကာ လက်ကျန်ပွဲအနေအထားအရ အား/ကာသိပ္ပံအသင်းက အခြေအနေကောင်းနေခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ဒုတိယအကျော့တွင် ချန်ပီယံဆုအတွက် အဓိကပြိုင်ဘက်များဖြစ်သည့် သစ္စာအားမာန်နှင့် မြဝတီနှစ်သင်းစလုံးကို အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂိုးကွာခြားချက်ကြောင့် ထိပ်ဆုံးရောက်လာခြင်းဖြစ်သည်။ လက်ကျန်ပွဲများအဖြစ် အား/ကာသိပ္ပံက ဂန္ဓမာ၊ အား/ကာဦးစီးဌာန၊ YREO အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြဝတီအသင်းက အား/ကာဦးစီးဌာန၊ တက္ကသိုလ်၊ သစ္စာအားမာန်၊ သစ္စာအားမာန်အသင်းက ဖွဲ့ကပင်၊ ဂန္ဓမာ၊ မြဝတီတို့နှင့် ကစားရမည်ဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို သုံးရာသီမြောက် ကျင်းပနေခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ရာသီတွင် မြဝတီအသင်းက ဗိုလ်စွဲခဲ့သည်။

**ရဲရင့်ရှိုင်း**

● *ကျောဖုံးမှ*

မြန်မာအသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ကျင်းပသည့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများအနက် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ကြိမ်သာယှဉ်ပြိုင်ဖူးပြီး ယင်းပြိုင်ပွဲကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၄ ခုနှစ်က ကျင်းပသည့် အာရှ ယူ-၁၉ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သောကြောင့် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရလဒ်မကောင်းသော်လည်း ကမ္ဘာ့နိုင်ငံများကို မြန်မာအသင်းအကြောင်းကို တစ်ကျော့ပြန် သိရှိစေခဲ့သည့် ပြိုင်ပွဲလည်း ဖြစ်ခဲ့သည်။ မြန်မာ ယူ-၂၀ အသင်းသည် ယင်းပြိုင်ပွဲတွင် အမေရိကန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ယူကရိန်းအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ နယူးဇီလန်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းရခဲ့သည့်နှစ်ဂိုးကို ရန်နိုင်ဦးနှင့် အောင်သူတို့ကသွင်းယူခဲ့ပြီး အမေရိကန်နှင့်ကစားသည့် အုပ်စုအဖွင့်ပွဲတွင် သွင်းယူခဲ့သည့် ရန်နိုင်ဦး၏ဂိုးမှာ ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ပူးတွဲအိမ်ရှင် ကြိုးပမ်းမှုအပါအဝင် ၂၀၂၁ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် လျှောက်ထားသည့်နိုင်ငံများကို ဖီဖာနှင့် အာရှဘောလုံးအဖွဲ့ချုပ် ဝက်ဘ်ဆိုက်တို့တွင် ဖော်ပြခဲ့ပြီး အဆင့်ဆင့်ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ဘောလုံးကွင်းများ၊ လေ့ကျင့်ရေးကွင်းများအား အဆင့်မြှင့်တင်ရမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲ ကျင်းပနိုင်သည်အထိ ပြုပြင်ရဖွယ်ရှိနေသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပရိသတ် ၃၀၀၀၀ ဝန်းကျင်ဆံ့ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းများအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၊ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် ဇေယျာသီရိကွင်းတို့ရှိသော်လည်း ကမ္ဘာ့အဆင့်ပြိုင်ပွဲ ကျင်းပနိုင်သည့်အနေအထားမရှိဘဲ ပြင်ဆင် မှုများ ပြုလုပ်ရမည်ဖြစ်သည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အရှေ့တောင်အာရှ နိုင်ငံများအနက် မလေးရှားတစ်သင်းသာ အိမ်ရှင်အဖြစ် ၁၉၉၇ ခုနှစ်က လက်ခံကျင်းပဖူးကြောင်း သိရသည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကမ္ဘာကျော်ဘောလုံးသမားများ၏ ပေါ်ထွက်ရာပြိုင်ပွဲတစ်ခုဖြစ်ပြီး မက်ဆီ၊ အဂူရို၊ ပေါ့ဘာ စသည့်ကစားသမားများ ပါဝင်ကစားခဲ့သည်။

**ညီမြတ်သော်တာ**

❖ *ကျောဖုံးမှ*

တည်ဆောက်ထားသည့် ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားရုံသာ နိုင်ငံတကာအဆင့်မီကွင်းအဖြစ် ရှိသော်လည်း ပြိုင်ပွဲများကျင်းပရာတွင် ရန်ကုန်မြို့သာ အဆင်ပြေမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ရုံသစ်စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖူဆယ်ပြိုင်ပွဲများ ကျင်းပလာသည်မှာ ဆယ်စုနှစ်တစ်ခုကျော်ရှိပြီဖြစ်ပြီး နိုင်ငံတကာဖူဆယ်ပြိုင်ပွဲများတွင်လည်း ထိုက်သင့်သည့် အောင်မြင်မှုများရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်

**နေပြည်တော် မေ ၂၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

မံဝိန်းကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် နံနက် ၈ နာရီခွဲက မံစီမြို့နယ် မံဝိန်းကြီးကျေးရွာအနီးရှိ လယ်ကွင်းအစပ်တွင်တွေ့ရှိသူ ဆန်းထွန်းနှင့် မခါးရာတို့ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၅၃ ဒသမ ၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၈ ပြားတို့ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့နံနက် ၃ နာရီ မိနစ် ၅၀ က မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မောင်ဆန်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၇၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ညနေ ၆ နာရီ ၄၅ မိနစ်က မြောက်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ည-ရပ်ကွက်၊ ဘုမ္မာ(၁၃)လမ်း၊ အမှတ်(၅၂၄/က)နေ မောင်သိန်း(ခ)သိန်းဇော်ဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ချိုညီညီ(ခ)ဖိုးချိုကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၊ အိုက်စ် ၄၀ ဂရမ်၊ ဆေးခြောက် ၆၇ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နောင်ဖော့ကျေးရွာအုပ်စု နောင်ဖော့ကျေးရွာအနီးရှိ အိုက်လှ၏ တောင်ယာတဲကို ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဦး၊ စံညွန့်၊ ရန်ကိန်ချင်း၊ ရန်ကျင်းကွေ့၊ ရန်ကျင်းဟိုက်တို့ကို တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၆၂ ပြား၊ တူမီးသေနတ်နှစ်လက်၊ ယမ်းစိမ်းမှုန့် ၇၀ ဂရမ်၊ ခဲသီး ၁၀ လုံးနှင့် ငွေကျပ် ၅၀၀၀၀ တို့ကို လည်းကောင်း။



ဆန်းထွန်း၊ မခါးရာတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ နံနက် ၁၀ နာရီက တပ်မတော်မှ မိုးမိတ်မြို့နယ် မိုးလိုကျေးရွာအုပ်စု နားယုတ်ကျေးရွာနေ မနန်းအွန်(ခ)ညိုညိုလင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ထပ် အိပ်ရာဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၀နှင့် ဘိန်းစိမ်း ၂၁၃ ဂရမ်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မေ ၂၄**

မောင်တောမြို့နယ် နယ်မြေ(၆) အမှတ်(၄)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ပြင်ဖြူနယ်မြေရုံးမှ ရဲမှူးမြင့်အောင် ဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု (မောင်တော) မှ ငါးမန်းအမြန် သွားတိုက်ခိုက်ရေးရေယာဉ် အမှတ် (၀၀၃) ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Taknaf Bop ကင်းစခန်းမှ Subedar Md. Humyon Kabir ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်းလေးစင်းတို့ဖြင့် ကညင်ချောင်းဝနတ်မြစ် အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင် အမှတ်(၅)မှ မင်္ဂလာကြီး ချောင်းဝအနီး ရေမိုင် အမှတ်(၈)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခြင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ရေယာဉ်အမှတ်(၀၀၃)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# နေပြည်တော်ကောင်စီနယ်မြေ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်နှင့် ချင်းပြည်နယ်တို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား-မိုးကောင်းကားလမ်းတွင် သုံးဘီးဆိုင်ကယ်၊ ကား၊ သရီးကရောင်းကားပေါ်မှ တရားမဝင် ကညင်၊ ခလောင်ခွဲ ၄ ဒသမ ၉၂၄၆ တန်၊ ချင်းပြည်နယ် ဆီးယင်းကြိုးဝိုင်းအကွက် (၁၃၆) ခိုင်ကမ်း - ဒေါ်လွင်ကားလမ်းတွင် တရားမဝင်ကျွန်း၊ ပျဉ်းကတိုး၊ အင်ခွဲသားဆိုက်စုံ ၁ ဒသမ ၅၁၅၀တန်၊ ကျွန်းပကာခြမ်း ၁ ဒသမ ၂၆၇၂တန်၊ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ညောင်လူးကျေးရွာ အရှေ့မြောက် ဘက် သိမ်ချောင်းတစ်လျှောက်တွင် တရားမဝင် သစ်အယ်၊ သပြေ၊ တောင်ပရုတ်၊ သင်္ဂန္ဒူ၊ မျောက်ငို ၈ ဒသမ ၆၉၂၀ တန်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် လေးမျက်နှာကြိုးဝိုင်း အကွက်(၄၇)၊(၅၀)အတွင်း တရားမဝင် တောင်သရက်ခွဲသား ၁၆ ဒသမ ၂၄၅၂ တန်တို့ကို မေ ၂၀ ရက်မှ ၂၃ ရက်အတွင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ဟိုပင်-မိုးညှင်းသွားလမ်းမပေါ်တွင် ယာဉ်တစ်စီးတိမ်းမှောက်၍ ယာဉ်မောင်းသေဆုံး

**မိုးညှင်း မေ ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်ဒေသ အာလံဗိုလ်ကျေးရွာအနီး ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးလယ်ကွင်းအတွင်း ထိုးကျတိမ်းမှောက်ရာ ယာဉ်မောင်းဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

မိုးညှင်းမြို့နှင့် ဟိုပင်မြို့ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပိုင်း မိုင်တိုင်အမှတ် (24/KM) အနီး အာလံဗိုလ်ကျေးရွာတွင် မေ ၂၃ ရက် နံနက် ၅ နာရီခွဲက မြို့သစ်ကလေးကျေးရွာဘက်မှ ဟိုပင်မြို့ဘက်သို့ ယာဉ်မောင်း စိုင်းကျော်မျိုးဝင်း(ခ)စိုးပေါင် မောင်းနှင်ပြီး ဒေါ်ယဉ်ယဉ်ခိုင်လိုက်ပါလာသော ယာဉ်အမှတ် KCN-2C/------ ပါဂျဲရိုးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ပေ ၆၀ ခန့်အကွာရှိ လယ်ကွင်းအတွင်း ထိုးကျတိမ်းမှောက်ခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် စိုင်းကျော်မျိုးဝင်း(ခ)စိုးပေါင်နှင့် ဒေါ်ယဉ်ယဉ်ခိုင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဟိုပင်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် စိုင်းကျော်မျိုးဝင်း(ခ)စိုးပေါင်သည် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူအား ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **၀၇၈**

# မိုးကောင်းမြို့နယ်၌ ကားနှင့်ဆိုင်ကယ်တိုက်မိ၍ သုံးဦးသေဆုံး

**မိုးကောင်း မေ ၂၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာ၌ မေ ၂၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က တုန်ဖုန်းယာဉ်နှင့်ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်စီးနင်းလာသူသုံးဦး သေဆုံးကြောင်း သိရသည်။

မိုးကောင်းမြို့နယ် ဆားမော်-ကညင်မြိုင် ကျေးရွာချင်းဆက်လမ်းရှိ ကညင်မြိုင်ကျေးရွာဈေးအနီး၌ ကညင်မြိုင်ကျေးရွာနေ ကျော်လွင်ဦး(၃၄ နှစ်) မောင်းနှင်လာသည့် တုန်ဖုန်းခြောက်ဘီးယာဉ်သည် ဝဲဘက်ရှိဈေးလမ်းသို့ ချိုးကွေ့စဉ် လားရာတူမောင်းနှင်လာသည့် ထီးချိုင့်မြို့နယ် ချွန်းထောင်ကျေးရွာနေ ဦးမျိုးမြင့်(၄၅ နှစ်) မောင်းနှင်ပြီး ဒေါ်မအေး (၄၆နှစ်)နှင့် လေးနှစ်အရွယ် မိန်းကလေး လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်ဖြင့်တိုက်မိခဲ့၍ ဆိုင်ကယ်စီးနင်းသူ သုံးဦးစလုံး သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်လွင်ဦးကို မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၅-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၇း၄၀ - Weekly Sport Info
- ၉း၁၀ - သတ်မှတ်အမြန်နှုန်း
- ၉း၃၅ - မြစ်မခမီဒီယာ (ပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
- ၁၀း၃၀ - လျှော်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့ (ရပ်ကွက်)
- ၁၂း၃၀ - နွေရာသီကာလ အပူရှိန်ပြင်းထန်မှု
- ၁၃း၅၀ - ဟိုတုန်းက... ကက်ဆက်ဇာတ်လမ်းများ "လင်တစ်ယောက်လုံး အသုံးချနည်း"

**ညပိုင်း**

- ၁၆း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၁၀၄)
- ၁၇း၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (မိုးကြိုးအန္တရာယ်)
- ၁၈း၃၀ - Tasty Trip
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ "ရတနာပုံနန်းမြို့ မတည်မီကတည်းက တည်ရှိခဲ့သောဘုရားများ" (ထွန်တုံးနှင့် အောင်ပင်လယ်ရွာမှ ဘုရားများ)
- ဂီတသမား၊ ဂီတစကား "နန်းတော်ရှေ့ဆရာတင်၏ သံတူကြောင်းကွဲ တေးသီချင်း"
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း "တစ်ခိုင်လုံးရွှေအငြိမ့်"

# ရွှေပြည်သာမြို့နယ်အတွင်း ရတနာပစ္စည်းများ ခိုးယူသွားသူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၄**

ရွှေပြည်သာမြို့နယ် ဘုံရှည်ကုန်းကျေးရွာ ညောင်ပင်သာ လမ်းနေ ကို------ သည် မေ ၈ ရက် ညပိုင်းက အမှတ်(၁)ရပ်ကွက်ရှိ Smart Palace Hotel အခန်းအမှတ်(၃၀၃) ၌ အမျိုးသမီးအဖော်ဖြစ်သူက ဘီယာခွက်အတွင်း အိပ်ဆေးခတ်ကာ ၎င်းပိုင်ပစ္စည်း ရွှေဟန်းချိန်းတစ်ခု၊ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေကြုတ်တစ်ခု၊ နဝရတ်ကိုးသွယ် လက်စွပ်တစ်ကွင်း၊ ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၂၅၀၀၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၃၆၄၀၀၀ တို့အား ယူဆောင်သွားသဖြင့် ရွှေပြည်သာမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူးကြီးကြပ်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရပ်ပတ်ဝန်းကျင်ကို စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူသည် မချိုမင်းသူဖြစ်ကြောင်း၊ ၎င်းသည် မြဝတီမြို့သို့ တိမ်းရှောင်သွားကြောင်း စုံစမ်းသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေးအတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူ မချိုမင်းသူအား မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ သူငယ်ချင်းဖြစ်သူ သန္တာဗိုလ်က နေအိမ်သို့ လာရောက်၍ ဖုန်းနံပါတ်တစ်လုံးပေးပြီး အဆိုပါဖုန်းသို့ဆက်ကာ ငွေချေးရန်ပြောဆိုသဖြင့် ဖုန်းဆက်ချိန်းဆိုကာ ကားလေးဂိတ်မှတ်တိုင်ရှိ လက်ဖက်ရည်ဆိုင်တွင် သန္တာဗိုလ်နှင့်အတူ သုံးဦးတွေ့ဆုံခဲ့ကြကြောင်း၊ အဆိုပါဖုန်းပိုင်ရှင်က မုန့်ဖိုး ငွေကျပ် ၈၀၀၀၀ ပေးမည်ဟုဆိုကာ လိုက်ခဲ့ရန်ပြောဆိုကြောင်း၊ ယင်းနောက် ၎င်းအမျိုးသားနှင့်အတူ ဆိုင်ကယ်ဖြင့် လိုက်သွားခဲ့ရာ Smart Palace Hotel အခန်းအမှတ် (၃၀၃) သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ၎င်းအမျိုးသားက ဘီယာသောက်ချင်ကြောင်း ပြောဆိုရာ ဘီယာခွက်အတွင်း သန္တာဗိုလ်ပေးလိုက်သော အိပ်ဆေးမှုန့်ခတ်တိုက်ကာ ၎င်းအမျိုးသားကိုယ်၌ ဝတ်ဆင်ထားသော ရတနာပစ္စည်းများ၊ ငွေကျပ် ၂၅၀၀၀၀နှင့် ဖုန်းနှစ်လုံးတို့အား ယူဆောင်လာခဲ့ကြောင်း၊ ထို့နောက် ခင်ပွန်းဖြစ်သူ သောမတ်(စ်)နှင့် သန္တာဗိုလ်တို့အား ဆိုင်ကယ်ဖြင့် လာကြိုခိုင်းခဲ့ပြီး ရတနာပစ္စည်းများအား ထုခွဲရောင်းချ၍ သန္တာဗိုလ်နှင့် ခွဲဝေယူခဲ့ကြကြောင်း၊ မချိုမင်းသူနှင့် ခင်ပွန်းဖြစ်သူ သောမတ်(စ်)တို့သည် မြဝတီမြို့တွင် အိမ်ငှား၍ရှောင်ပုန်းနေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ သန္တာဗိုလ်အား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သူ မချိုမင်းသူနှင့် ခင်ပွန်းဖြစ်သူ သောမတ်(စ်)တို့ကို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ပြည်ဝင်ခွင့်ဗီဇာ တစ်နှစ်နှင့်နှစ်လခန့်ကျော်လွန်နေထိုင်သူအား ထိန်းသိမ်းစစ်ဆေး

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက်(၃၃)လမ်းအထက်ဘလောက်ရှိ အိမ်အမှတ်(၁၉၈) Scott Hostel တွင် နေထိုင်ခဲ့သော သီရိလင်္ကာနိုင်ငံသားဖြစ်သူမှာ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းအောက်ဘလောက်ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ နိုင်ငံခြားသားများရေးရာဌာန၊ ပြည်ဝင်၊ ပြည်ပြန်ဝင်ခွင့်နှင့် နေခွင့်ပြုခြင်းဆိုင်ရာဌာနခွဲသို့ နေထိုင်ခွင့်ဗီဇာသက်တမ်းတိုးရာ ပြည်ဝင်ခွင့်ဗီဇာမှာ ရက်ပေါင်း ၇၀ သာ ရရှိသည့်အတွက် တစ်နှစ်၊ နှစ်လခန့် ကျော်လွန်နေသောကြောင့် မြန်မာနိုင်ငံအတွင်း ဆက်လက်နေထိုင်မှုအပေါ် ထိန်းသိမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Scott Hostel တွင် နောက်ဆုံးနေထိုင်ခဲ့သော သီရိလင်္ကာနိုင်ငံသား Mr.Abdul Salam Irshad Mohmood (PPNO- N5467645) (၃၉နှစ်)အား နေထိုင်ခွင့်ဗီဇာသက်တမ်း တစ်နှစ်နှင့်နှစ်လခန့် ကျော်လွန်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်ဇော်နှင့်တပ်ဖွဲ့ဝင်များက သတင်းအရ သွားရောက်၍ ယင်းတို့၏ တပ်ဖွဲ့စုမှူးရုံးတွင် ထိန်းသိမ်းခဲ့ပြီး သတင်းရဲတပ်ဖွဲ့မှ ဆက်လက် ထိန်းသိမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

"မနေ့ညနေက ကျောက်တံတားမှာ ဗီဇာသက်တမ်းတိုးဖို့လာတဲ့အခါ သက်တမ်းလွန်နေတဲ့အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့က စစ်မေးပြီးတော့ သတင်းတပ်ဖွဲ့က ဆက်ပြီးစစ်ဆေးနေတယ်လို့ သိရတယ်။ ကျွန်တော်တို့လည်း ဘာမှမသိရသေးဘူး"ဟု ကျောက်တံတားမြို့နယ်မှူး ရဲမှူး မျိုးသက်က ယနေ့ညနေပိုင်းတွင် ပြောသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၊ နီဂမ်ဘိုမြို့နှင့် ဘက်တီကာလေမြို့တို့တွင် ဧပြီ ၂၁ ရက်က အသေခံဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးတရားခံကိုးဦး၊ ဖမ်းဆီးရမိသော ပထမအဆင့်သံသယရှိသူ ၁၈ ဦးနှင့် ဒုတိယအဆင့် သံသယရှိသူ ၃၅ ဦး စုစုပေါင်း ၆၂ ဦးအား ရန်ကုန်လေဆိပ်ဝင်ပေါက်၊ ထွက်ပေါက်များမှ စိစစ်ခဲ့ရာ ဒုတိယအဆင့် သံသယရှိ ၃၅ဦး စာရင်းတွင်ပါရှိသော သီရိလင်္ကာနိုင်ငံသား Mr. Abdul Salam Irshad Mohmood (PPNO-N 5467645)အား ပြည်ဝင်ခွင့်ဗီဇာ နေထိုင်ခွင့် သက်တမ်းတစ်နှစ်၊ နှစ်လခန့် ကျော်လွန်သည့်အတွက် မြန်မာနိုင်ငံအတွင်း ဆက်လက်နေထိုင်မှုအပေါ် စုံစမ်းစစ်ဆေးခြင်းဖြစ်သည်။

**၁၆၄**

# အမေရိကန်တရားရေးဌာနက ဂျူလီယန်အက်ဆန်ကို သူလျှိုဥပဒေချိုးဖောက်မှုဖြင့် တရားစွဲ


ဂျူလီယန်အက်ဆန်

**ဝါရှင်တန် မေ ၂၄**

အမေရိကန်၏တရားရေးဌာနက ဝီကီလိခ်ဝက်ဘ်ဆိုက်တည်ထောင်သူ ဂျူလီယန်အက်ဆန်ကို အမေရိကန်၏သူလျှိုအက်ဥပဒေချိုးဖောက်မှုဖြင့် ကြာသပတေးနေ့တွင် တရားစွဲဆိုခဲ့ကြောင်း သိရသည်။ ဂျူလီယန်အက်ဆန်ကမူ ၎င်းသည် ဂျာနယ်လစ်တစ်ဦးဖြစ်သည်ဟု ပြောဆိုကာ ငြင်းဆိုခဲ့သည်။

အမေရိကန်တရားရေးဌာနက အက်ဆန်ကို စွဲချက်အသစ် ၁၇ ခုဖြင့် တရားစွဲဆိုခဲ့ပြီး ထောက်လှမ်းရေးသုတေသီ ချယ်ဆီလာမန်းနီးက အမေရိကန်၏ လျှို့ဝှက်ချက်များကို ခိုးယူရာတွင် အက်ဆန်က တိုက်ရိုက်ပါဝင်မှု သို့မဟုတ် အားပေးကူညီမှုဖြင့် တရားစွဲဆိုခဲ့သည်။ ယခုအခါ အက်ဆန်ကို တရားစွဲဆိုချက်မှာ ၁၈ ခု ဖြစ်လာပြီး ၎င်းမှာ မန်းနီးထံမှ ရရှိလာသည့် သတင်းများကို ထုတ်ဝေခဲ့ခြင်းသာဖြစ်သည်ဟူသော ချေပချက်ကို အမေရိကန်ဘက်မှ လက်မခံခဲ့ပေ။ အက်ဆန်အပေါ် အသစ်စွဲချက်တင်ထားခြင်းမှာ အမေရိကန်မှ အချက်အလက်များကို ထောင်နှင့်ချီပြီး ခိုးယူရာတွင် မန်းနီးနှင့်အတူ ပူးပေါင်းကြံစည်မှု၊ ယင်းကဲ့သို့ အချက်အလက်များ ခိုးယူခံရခြင်းသည် အမေရိကန်ကို အထိနာစေပြီး အခြားနိုင်ငံကို အကျိုးအမြတ်များ ဖြစ်ထွန်းစေသည့်အတွက် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်တရားရေးဌာနက ပြောသည်။

အက်ဆန်သည် အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ အီရတ်၊ တရုတ်နိုင်ငံတို့မှ အမေရိကန်တပ်ဖွဲ့၏ သတင်းအရင်းအမြစ်များ၏ အမည်များကို တည်းဖြတ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတိပေးချက်ကို ငြင်းဆန်ခဲ့သည်။ သတင်းအရင်းအမြစ်များထဲတွင် ဂျာနယ်လစ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူ့အခွင့်အရေးရှေ့နေများနှင့် နိုင်ငံရေးအတိုက်ခံများ ပါဝင်သည်။

အက်ဆန်၏လုပ်ရပ်သည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးကို ဆိုးဆိုးဝါးဝါး ချိုးဖောက်ခဲ့ပြီး သတင်းအရင်းအမြစ်များ၏ အမည်များကို မတည်းဖြတ်ဘဲ ဖော်ပြခဲ့သည့်အတွက် ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်ဟု အမေရိကန် တရားရေးဌာနက ပြောသည်။

ဩစတြေးလျ ဇာတိဖွားအက်ဆန်သည် အသက် ၄၇ နှစ်ရှိပြီဖြစ်ပြီး လက်ရှိတွင် ဗြိတိန်နိုင်ငံ အကျဉ်းထောင်အတွင်း ဖမ်းဆီးခံထားရသည်။ ၁၁ လကြာဖမ်းဆီးခံရပြီး ၎င်းလွတ်မြောက်လာချိန်တွင် အမေရိကန်သို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခံထားရသူလည်း ဖြစ်သည်။

**အေအက်ဖ်ပီ**

# ဥရောပပါလီမန် ရွေးကောက်ပွဲကို ဗြိတိန်တစ်လွှားတွင် ကျင်းပလျက်ရှိ

**လန်ဒန် မေ ၂၄**

ဗြိတိန် တစ်လွှားရှိ မဲဆန္ဒရှင်များသည် ဥရောပပါလီမန် ရွေးကောက်ပွဲအတွက် မဲပေးမှုများကိုကြာသပတေးနေ့က ပြုလုပ်ခဲ့ကြပြီး ဘရီးဇစ်လိုလားသူများက ဦးဆောင်လိမ့်မည်ဟု ခန့်မှန်းထားသည်။

ရွေးကောက်ပွဲအတွက် ဒေသကြီး ၁၂ ခု ခွဲခြားထားပြီး ဗြိတိန်သည် ဥရောပနိုင်ငံများတွင်း ပထမဆုံး ဥရောပပါလီမန် ရွေးကောက်ပွဲကို ကျင်းပသည့် နိုင်ငံလည်း ဖြစ်သည်။

ဥရောပပါလီမန် အမတ်နေရာအတွက် လူပေါင်း ၇၃ ဦးအား ရွေးကောက်ရမည်ဖြစ်သည်။ ဗြိတိန်ရှိ မဲရုံများမှာ နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။

လာမည့် သုံးရက်အတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများတွင် မဲပေးမှုများ ပြုလုပ်အပြီးတွင် ရလဒ်များ ထွက်ပေါ်လာမည်ဖြစ်သည်။



မဲရုံသို့သွားနေသည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကို တွေ့ရစဉ်။

မဲပေးမှုသည် တနင်္ဂနွေနေ့ည ၁၀ နာရီတွင် ပြီးဆုံးမည်ဖြစ်သည်။ ဂျရယ်မီဟုခေါ်သည့် အမျိုးသားတစ်ဦးမှာ မဲပေးသင့် မပေးသင့်ကို မဆုံးဖြတ်ရသေးကြောင်း ဆင်ဟွာသို့ ပြောသည်။

"လူတွေက ဘရီးဇစ်ကို ထောက်ခံကြတဲ့အတွက် ဒီပွဲမှာ မဲပေးလည်း မထူးခြားပါဘူး"ဟုပြောသည်။ ဗြိတိန်သည် မတ် ၂၉ ရက်တွင် ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် စီစဉ်ခဲ့သည့်အတွက် ဥရောပပါလီမန် ရွေးကောက်ပွဲအတွက် ပြင်ဆင်မထားခဲ့ပေ။ သို့သော် ဧပြီလအတွင်းပြုလုပ်သည့် ဥရောပထိပ်သီးအစည်းအဝေးတွင် ဗြိတိန်အစိုးရနှင့် ဥရောပကောင်စီတို့သည် ဥရောပသမဂ္ဂမှ ဗြိတိန်အပြီးသတ် နုတ်ထွက်ရေးကို အောက်တိုဘာ ၃၁ အထိ ရွှေ့ဆိုင်းရန် သဘောတူခဲ့သည်။

ယခုရွေးကောက်ပွဲတွင် ဗြိတိန်မှ ဥရောပပါလီမန် အမတ်နေရာ ဘယ်လောက်များများ ရရှိမည်ကို ခန့်မှန်းရန် မသေချာပေ။ အဘယ်ကြောင့်ဆိုသော် မကြာမီအချိန်အတွင်း ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်တော့မည့်အတွက် ဖြစ်သည်။ ယခုတစ်ကြိမ် ရွေးကောက်ပွဲသည် ဥရောပပါလီမန်အတွက် ဗြိတိန်မှ ကိုးကြိမ်တိုင်တိုင် ပါဝင်ရွေး ကောက်ခံခြင်းလည်း ဖြစ်သည်။

**ဆင်ဟွာ**

# ပါကစ္စတန်ဝန်ကြီးချုပ်ကို အိန္ဒိယဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြော

**နယူးဒေလီ မေ ၂၄**

ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းသည် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့်အတွက် ဂုဏ်ပြုကြောင်း စာလွှာပေးပို့ခဲ့သည်ကို အိန္ဒိယဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်တုံ့ပြန်ခဲ့သည်။ "ကျေးဇူးတင်ပါတယ် ဝန်ကြီးချုပ် အင်မရန်ခန်း။ ဝန်ကြီးချုပ်ပို့သတဲ့ ဆုတောင်းစကားအတွက် ဝမ်းမြောက်မိပါတယ်"ဟု အိန္ဒိယဝန်ကြီးချုပ်မိုဒီက ပြောသည်။

ဒေသအတွင်း လုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို အလေးထားကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။ အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် မိုဒီ အနိုင်ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က အင်မရန်ခန်းက အစောပိုင်းတွင် ပြောကြားခဲ့သည်။ တောင်အာရှတွင် ငြိမ်းချမ်းရေး၊ တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် အတူတကွလုပ်ဆောင်ရန် မျှော်လင့်ကြောင်း အင်မရန်ခန်းက ပြောသည်။ လွန်ခဲ့သည့် ကာလအနည်းငယ်အတွင်း အိန္ဒိယနှင့် ပါကစ္စတန်တို့သည် အချင်းချင်း ရန်စောင်နေခဲ့ကြသည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေအနေမှာ ပိုမိုတင်းမာလာခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ကြာသပတေးနေ့အတွင်း ၎င်း၏ ဘီဂျေပီပါတီသည် (၁၇) ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲအတွင်း အနိုင်ရရှိခဲ့သည်ဟု ကြေညာခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတထရမ့် ဂျပန်သို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**ဝါရှင်တန် မေ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်နိုင်ငံသို့ လေးရက်ကြာချစ်ကြည်ရေးခရီး သွားရောက်ရန် သောကြာနေ့တွင် ဝါရှင်တန်မှ ထွက်ခွာသွားကြောင်းသိရသည်။

တနင်္ဂနွေနေ့တွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဂေါက်ရိုက်မည်ဖြစ်ပြီး တိုကျိုမြို့တွင် ကျင်းပမည့် နွေရာသီ ဆူမိုအားကစားပွဲနောက်ဆုံးနေ့ကို ကြည့်ရှုမည်ဖြစ်သည်။ သမ္မတထရမ့်သည် ဆူမိုပွဲတွင် အနိုင်ရသည့် ချန်ပီယံအား ဆုချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် ထရမ့်သည် ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် မိဖုရားမာဆာကိုတို့နှင့် တနင်္လာနေ့တွင် တွေ့ဆုံမည်ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံစဉ် ထရမ့်သည် ဂျပန်နိုင်ငံနှင့် ကုန်သွယ်ရေးလိုငွေပြမှုကို ဆွေးနွေးသွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတက လယ်သမားများကို ထောက်ပံ့ငွေပေးအပ်

**ဝါရှင်တန် မေ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံနှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် ထိခိုက်နစ်နာနေသည့် အမေရိကန်လယ်သမားများကို နောက်ထပ်ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။

သမ္မတအိမ်ဖြူတော်တွင် လယ်သမားများ ခြံရံထားသည့် အမေရိကန်သမ္မတက ယခုထောက်ပံ့လိုက်သည့် ငွေကြေးသည် အမေရိကန်လယ်သမားများကို ကြီးပွားစေမည်ဖြစ်ကြောင်း မည်သည့်နိုင်ငံကမှ အမေရိကန်စီးပွားရေးနှင့် အမျိုးသားလုံခြုံရေးအပေါ် ဗီတိုအာဏာမသုံးနိုင်ဆိုသည်ကို ရှင်းရှင်းလင်းလင်းသိစေရမည်ဟု ပြောကြားခဲ့သည်။

ယခုတစ်ကြိမ် အမေရိကန်လယ်သမားများကို ထောက်ပံ့ကြေးပေးခြင်းသည် ဒုတိယအကြိမ်မြောက် ထောက်ပံ့ကြေးပေးခြင်းဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့်နှစ်ကလည်း တရုတ်နိုင်ငံက အခွန်စည်းကြပ်လိုက်သည့်အတွက် ထိခိုက်နစ်နာသွားသည့် လယ်သမားများကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ ထောက်ပံ့ကြေးပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ကြေးငွေအများစုသည် ပဲပိစပ်၊ ပြောင်း၊ မြေပဲနှင့် ဂျုံစိုက်လယ်သမားများထံသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန် စိုက်ပျိုးရေးဝန်ကြီး ဆွန်နီပါဒူက လယ်သမားများအတွက် သက်သာချောင်ချိရေး ဆောင်ကြဉ်း ပေးခဲ့သည့် အမေရိကန်သမ္မတထရမ့်ကို ကျေးဇူးတင်ကြောင်းနှင့် ထရမ့်အနေဖြင့် ယခုလိုမျိုး စိုးရိမ်ပူပန်သည်ကို မမြင်ဖူးခဲ့ကြောင်း ပြောခဲ့သည်။

သမ္မတထရမ့်က မိမိအနေဖြင့် မှန်ကန်သည့်လုပ်ရပ်များကို လုပ်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကုန်သွယ်ရေးကျွမ်းကျင်သူများက ယခုလိုလုပ်ခြင်းသည် နိုင်ငံရေးကစားခြင်းဖြစ်ပြီး လယ်သမားများအနေဖြင့် တရုတ်ဈေးကွက် ပြန်လည်မရရှိမည်ကို စိုးရိမ်နေကြောင်း ပြောသည်။

**အေအက်ဖ်ပီ**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်အလယ်ပိုင်းတွင် လေပြင်းတိုက်မှုများကြောင့် သေဆုံးသူ လေးဦးထက်မနည်းရှိ

**ဝါရှင်တန် မေ ၂၄**

အမေရိကန်နိုင်ငံ အလယ်ပိုင်းတွင် လေပြင်းမုန်တိုင်းများ ရက်ဆက်တိုက်ခတ်မှုကြောင့် မြစ်ရေကြီးခြင်း၊ နေအိမ်ပြိုလဲပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သလို အချို့နေရာများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ မေ ၂၂ ရက်အထိ သေဆုံးသူ လေးဦးထက်မနည်းရှိကြောင်း သတင်းရရှိသည်။

အိုကလာဟိုးမားပြည်နယ်၊ အိုင်အိုဝါပြည်နယ်၊ ကန်ဆက်စ်ပြည်နယ်၊ မစ်ဆောရီပြည်နယ်တို့တွင် ယခုရက်သတ္တပတ်အတွင်း လေဆင်နှာမောင်း အကြိမ် ၆၀ ခန့်တိုက်ခတ်ခဲ့ကြောင်းနှင့် လေပြင်းမုန်တိုင်းများလည်း တိုက်ခတ်ခဲ့ကြောင်း၊ လူလေးဦးသေဆုံးခဲ့ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။ အိုကလာဟိုးမားတွင် မေ ၂၀ ရက် က တိုက်ခတ်ခဲ့သော လေပြင်းများကြောင့် နေအိမ်အချို့နှင့် သစ်ပင်များ ပြိုလဲခဲ့သလို အမြန်လမ်းအချို့လည်း ယာယီပိတ်ထားခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် ကယ်ဆယ်ရေးသမားများသည် ရေနစ်မြုပ်ရာ ဒေသများတွင် ပိတ်မိနေသူများကို ကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

ပြင်းထန်သည့် ရာသီဥတုကြောင့် အိုကလာဟိုးမားပြည်နယ် နေရာအများအပြားတွင် သဘာဝဘေးဒဏ်သင့်နေကြောင်း၊ မိုးဇလကြိုတင်ခန့်မှန်းချက်အရ လာမည့်ရက်ပိုင်းများတွင် လေပြင်းမုန်တိုင်းများ အိုကလာဟိုးမားပြည်နယ်ကို တိုက်ခတ်နိုင်ဖွယ်ရှိရာ ပြည်နယ်အရှေ့မြောက်ပိုင်းတွင် ရေကြီးရေလျှံ သတိပေးမှုများကိုလည်း ယခုရက်သတ္တပတ် စနေ၊ တနင်္ဂနွေနေ့များအထိ ထုတ်ပြန်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဇွန်လလယ်အတွင်း အီရန်သို့ သွားရောက်ရန် ဂျပန်ဝန်ကြီးချုပ် စဉ်းစားမည်

**တိုကျို မေ ၂၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများကို ဖြေလျှော့ပေးရန်အတွက် အီရန်သို့ သွားရောက်ရန် စဉ်းစားနေကြောင်း သိရသည်။ ၁၉၇၈ ခုနှစ်နောက်ပိုင်း ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အီရန်သို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းလည်း ဖြစ်လာမည်ဖြစ်သည်။

အစောပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်သည် ဇွန်လလယ်အတွင်း အီရန်သို့ သွားရောက်ရန် စဉ်းစားနေကြောင်း၊ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် တွေ့ဆုံရန် သွားရောက်မည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။ တနင်္လာနေ့တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံမှုအပြီး နောက်ဆုံးဆုံးဖြတ်ချက်ကို ချသွားမည်ဟု မျှော်လင့်ရသည်။ ဂျပန်နိုင်ငံသည် အီရန်နှင့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားသည်။ နယူးယောက်မြို့တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၂၀၁၃ ခုနှစ်မှစ၍ အီရန်သမ္မတရိုဟာနီနှင့် နှစ်စဉ်တွေ့ဆုံခဲ့သည်။

**အန်အိတ်ချ်ကေ**

# ၂၀၃၀ တွင် အာရှနှင့် အာဆီယံတစ်လွှား ပင်လယ်ကမ်းရိုးတန်းဒေသများ ရေဘေးဒုက္ခခံစားရနိုင်ဖွယ်ရှိ

**ထွန်းသစ်စ**

ကမ္ဘာတစ်ဝန်းတွင် အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်သောနိုင်ငံများတွင် ရေဘေးဒုက္ခကို နှစ်စဉ်ခံစားကြရသည်။ ရေကြီးမှုဖြစ်စဉ်ကြောင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅၆ ဘီလီယံဒေါ်လာ ဆုံးရှုံးလျက်ရှိသည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် အဆိုပါနိုင်ငံများတွင် ရေဘေးကြောင့် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅၂၀ ဘီလီယံ ဆုံးရှုံးမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာတွင် ရေကြီးနေသော မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

### လာမည့်နှစ်များအတွင်း အာဆီယံနိုင်ငံများ ရေကြီးနိုင်

သဘာဝဘေးအန္တရာယ် များစွာရှိသည့်အနက် ရေဘေးဒုက္ခကို လူများပိုမိုခံစားကြရသည်။ မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုတွင် ထိပ်ဆုံးမှ ပါဝင်သည့် ၁၅ နိုင်ငံမှ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော် ရေဘေးဒုက္ခကို နှစ်စဉ်ခံစားကြရသည်။ ယင်းနိုင်ငံများသည် ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ကြသည်။

ကမ္ဘာတစ်ဝန်း ရေလွှမ်းမိုးမှု အများဆုံးခံစားရသော ၁၅ နိုင်ငံမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ အီဂျစ်၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ဘရာဇီး၊ ထိုင်း၊ ကွန်ဂို၊ အီရတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြသည်။

လာမည့် ၁၅ နှစ်အတွင်း အာဆီယံနိုင်ငံများသည် မြစ်ချောင်းများတစ်လျှောက် ရေကြီးမှုများ မြင့်တက်လာမည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကမ္ဘာ့သဘာဝရင်းမြစ်များဆိုင်ရာ အင်စတီကျု၏ လေ့လာမှု စစ်တမ်းအသစ်အရ သိရသည်။

### ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်

လူဦးရေထူထပ်သောနိုင်ငံ ၂၀ ရှိသည့်အနက် အာရှရှိ ၁၂ နိုင်ငံမှာ ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်ဖွယ် အများဆုံးဖြစ်သည်။ ၎င်းနိုင်ငံများသည် ကမ္ဘာ့လူဦးရေ ထူထပ်များပြားသောနိုင်ငံများဖြစ်ကြပြီး အဆိုပါနိုင်ငံများထဲတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့ ပါဝင်သည်။ ထို့ပြင် အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းဒေသများရှိ နိုင်ငံအချို့သည် ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်သည်။

အာဆီယံနိုင်ငံအများစုသည် ကမ္ဘာ့ပထဝီဝင်သဘောအရ ရေကြီးပြီး ရေလွှမ်းမိုးသောနေရာအများစုတွင် တည်ရှိနေသောကြောင့် ရေဘေးဒုက္ခနှင့် အများဆုံး ကြုံတွေ့နိုင်သည်။ ရေကြီးခြင်းဖြစ်ပွားရသည့် အကြောင်းအရင်းများအနက် အရေးကြီးသော အကြောင်းရင်းတစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပြီး အခြားတစ်ချက်မှာ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့်ဖြစ်သည်။ ယင်းအချက်များကြောင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။

### ရေဘေးဒုက္ခကို အကြီးအကျယ်ခံစား

ကမ္ဘာအနှံ့အပြားရှိ မြစ်ချောင်းအင်းအိုင်များနှင့် နီးသောနေရာများရှိ နိုင်ငံများတွင် နေထိုင်ကြသော လူဦးရေ ၅၄ သန်းမှာ နှစ်စဉ်ရေဘေး ဒုက္ခကို ခံစားနေရသည်။ ဆိုင်ကလုန်းမုန်တိုင်းကိုမန် တိုက်ခတ်ခဲ့ပြီးနောက်ပိုင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အာဆီယံတောင်ပိုင်းပြည်နယ်များတွင် လူရာပေါင်းများစွာ သေဆုံးပြီး သန်းပေါင်းများစွာသောလူများကို ပြောင်းရွှေ့ပေးခဲ့ရသည်။

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များသည် အများအားဖြင့် အနောက်ဘင်္ဂလားပြည်နယ်၊ ဩရိဿ၊ မဏိပူရ၊ ရာဂျက်စ်တန်နှင့် ဂူဂျာရတ်မြို့များ အပါအဝင် အခြားပြည်နယ်ငါးခုရှိကျေးရွာပေါင်း ၂၈၂ ရွာတွင် ပုံမှန်ဖြစ်ပွားလေ့ရှိသောကြောင့် ယင်းဒေသရှိ လူများသည် များသောအားဖြင့် ရေဘေးဒုက္ခကို အကြီးအကျယ်ခံစားခဲ့ရသည်။

ဆိုင်ကလုန်းကိုမန် အနောက်ဘင်္ဂလားနှင့် ဩရဿပြည်နယ်တို့သို့ ဝင်ရောက်ခဲ့သည့်ဖြစ်စဉ်တွင် လူ ၅၀ သေဆုံးခဲ့ပြီး ရေဘေးနှင့် သက်ဆိုင်သော ဒုက္ခများကို ခံစားခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။ အနောက်ဘင်္ဂလားအစိုးရ၏ကြေညာချက်အရ ကျေးရွာပေါင်း ၁၀၀၀၀ တွင် လူပေါင်းလေးသန်း ရေဘေးဒုက္ခကို အကြီးအကျယ်ခံစားခဲ့ရသည်။

### စိုးရိမ်ပူပန်လျက်ရှိ

အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထားအရ ဂူဂျာရတ်နှင့် ရာဂျက်စ်တန်ဒေသများတွင် ရေကြီးမှုဒဏ်ကို အလူးအလဲ ခံစားရသည်။ အိန္ဒိယနိုင်ငံ၏ အတော်များများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများ၊ ဆည်များ၊ မြစ်ချောင်းများ ရေလျှံမှု ဖြစ်ပွားသောကြောင့် အနီးအနားရှိကျေးရွာများမှ လူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဆော်ဩခဲ့ရသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ မိုးလေဝသ သတင်းထုတ်ပြန်ချက်များကို သုံးသပ်ရမည်ဆိုပါက များသောအားဖြင့် လေဖိအားနည်းရပ်ဝန်းသည် ရာဂျက်စ်စတန်၊ ဂူဂျာရတ်နှင့် ထိစပ်လျက်ရှိသော ပက်တရာပရာဒေ့ရှ်တွင် ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ထို့အပြင် ပါကစ္စတန်နိုင်ငံတွင်လည်း အဓိကအားဖြင့် ပန်ဂျပ်၊ ခိုင်ဘာပက်တွန်ခါဝ၊ ဘလူချီစတန်၊ ဂယ်ဂစ်ဘယ်တစ္စတန်နှင့် ဆင့်ဒ်တို့တွင် ရေကြီးမှု အဆိုးရွားဆုံး ဖြစ်လေ့ရှိကြောင်း သိရသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်း၊ ဘရစ္စဆပ်နှင့် ခူနာ ဒေသများတွင် နှစ်စဉ်ရေဘေးဒုက္ခ ခံစားလျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင်လည်း ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရပြီး နှစ်စဉ်ဘေးဒုက္ခခံစားရသူများရှိကြောင်း သိရသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဟာလောင်းပင်လယ်ကွေ့ဒေသကို ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

### ဖေးမကူညီစောင့်ရှောက်ရမည်

ထိုင်းနိုင်ငံတွင်လည်း ရေကြီးမှုများကြောင့် နှစ်စဉ်ချိုင်ဆန်နှင့် မယ်ဆိုင်ဒေသများတွင် ရေလွှမ်းမိုးမှုအများဆုံးဖြစ်ကြောင်း သိရပြီး နန်ခုန်ဖာနွန်ဒေသသည် ရေဘေးဒုက္ခခံစားရသော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် ရေကြီးခြင်းများသည် ရာသီဥတုဖောက်ပြန်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ များပြားခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုများပြားခြင်းနှင့် ကမ္ဘာကြီးပူနွေးလာခြင်းတို့ကြောင့်ဖြစ်သည်။ လာမည့် ၂၀၃၀ တွင် ပင်လယ်ကမ်းရိုးတန်းနှင့် နီးသောတိုင်းပြည်များတွင် လူပေါင်း နှစ်သန်းကျော် ရေလွှမ်းမိုးမှု ဒဏ်ကို ပိုမိုခံစားရမည်ဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းနှင့်နီးသော ပါကစ္စတန်နိုင်ငံတွင် လူဦးရေ ၇၁၅၀၀၀ ယနေ့တွင် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

ယနေ့ခေတ်တွင် သဘာဝနှင့် သက်ဆိုင်သောဘေးအန္တရာယ်များမှာ တစ်နေ့တခြား ပိုမိုထူထပ်များပြားလာသောကြောင့် ကမ္ဘာ့ပြည်သူ တစ်ရပ်လုံးက ပေါင်းစည်း၍ သဘာဝဘေးအန္တရာယ် မကျရောက်မီ ကြိုတင်ကာကွယ်မှုများကို အကောင်းဆုံး ပြုလုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ အကယ်၍ ကျရောက်ခဲ့ပါကလည်း တစ်ဦးနှင့်တစ်ဦး လက်တွဲကူကာ ကရုဏာတရားမုဒိတာပွား၍ ဖေးမကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။

**ကိုးကား-သည်ဝယ်သာချန်နယ်၊ ဘလွန်းဘာ့ဂ်**

> “အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များသည် အများအားဖြင့် အနောက်ဘင်္ဂလားပြည်နယ်၊ ဩရိဿ၊ မဏိပူရ၊ ရာဂျက်စ်တန်နှင့် ဂူဂျာရတ်မြို့များ အပါအဝင် အခြားပြည်နယ်ငါးခုရှိ ကျေးရွာပေါင်း ၂၈၂ ရွာတွင် ပုံမှန်ဖြစ်ပွားလေ့ရှိသောကြောင့် ယင်းဒေသရှိလူများသည် များသောအားဖြင့် ရေဘေးဒုက္ခကို အကြီးအကျယ်ခံစားခဲ့ရသည်”

# စွမ်းဆောင်ရည်ပြည့်ဝသည့် မြို့နယ်ဦးစီးမှူးရုံးများအား ဆုချီးမြှင့်

**မုံရွာ မေ ၂၄**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်း ၂၅၈၇၆ ကတ်၊ သာသနာဝင်၊ သာသနာ့နွယ်ဝင်စိစစ်ရေးကတ် စုစုပေါင်း ၂၂၈၂ ကတ်၊ အိမ်ထောင်စု စုစုပေါင်း ၅၉၄၇၉ စုတို့ကို ပြည်သူ့လက်ဝယ်သို့ ထုတ်ပေးနိုင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် မြို့နယ်ဦးစီးမှူးရုံးများ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က "စစ်ကိုင်းတိုင်းဒေသကြီးမှာ အခုလို ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးတဲ့ ဌာနအနေနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးက ပထမဆုံးဆောင်ရွက်ပြတာဖြစ်ပါတယ်။ အခုဆိုရင် လဝကရုံးတွေမှာ ပြည်သူတွေသိလိုတဲ့ အချက်အလက်တွေကို မေးမြန်းနိုင်ဖို့ စုံစမ်းရန် ဌာနတွေ၊ ပြည်သူတွေ သက်သောင့်သက်သာဖြစ်အောင် နားနေဆောင်တွေ တိုးမြှင့် ဆောင်ရွက်ပေးလာတာကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုဆိုပါတယ်၊ ကျန်တဲ့ဌာနတွေလည်း ပြည်သူကိုဗဟိုပြုဆောင်ရွက်ပေးဖို့နဲ့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါ"ဟု ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က မြို့နယ်အကောင်းဆုံးစံပြဆုရ၊ မြို့နယ်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယနှင့် မြို့နယ်အကောင်းဆုံး အထူးဆု (၁)နှင့် အထူးဆု(၂)ရရှိသော မုံရွာ၊ ဗန်းမောက်၊ ကျွန်းလှ၊ စစ်ကိုင်း၊ ကလေး၊ ဘုတလင် စသည့်မြို့နယ်ရုံးများကို ဆုချီးမြှင့်ပေးခြင်းနှင့် သစ္စာစီမံချက်အတွင်း ဌာနနှင့်ပူးပေါင်း၍ ပြည်သူများသိရှိစေရန် သတင်းဖော်ပြပေးခြင်း၊ ပြည်သူများ၏ တုံ့ပြန်ချက်များကို အကြံပြုဆွေးနွေးပေးခဲ့ကြသော သတင်းမီဒီယာများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ် ချီးမြှင့်ခဲ့သည်။

ယင်းနောက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ဂိတ်ဖွင့်ပွဲ မှတ်တမ်းပုံများ၊ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းမှတ်တမ်းဓာတ်ပုံများ၊ Electronic Identification (e-ID) Population Registry စနစ်နှင့် လှုပ်လှုပ်ရှားရှားလဝကဝန်ထမ်းများ၊ သစ္စာစီမံချက်နှင့် လဝကဝန်ထမ်း၊ လဝကဝန်ထမ်းများနှင့် ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်း၊ ပြည်သူတို့အတွက် လဝကဝန်ထမ်းများ ကြိုးပမ်းအားထုတ်ခဲ့သည့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြဘုတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**


တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မြိတ် မေ ၂၄**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၂၂ ရက်က မြိတ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထားဝယ်-မြိတ်လမ်းပိုင်း ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ဆောက်လျက်ရှိသော သမုတ်-လွတ်လွတ် တံတား တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးခဲ့ရာ တံတားတည်ဆောက်ရေးရှင်းလင်းဆောင်၌ တံတားဆိုင်ရာအချက်အလက်များကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းက သမုတ်-လွတ်လွတ် တံတားချဉ်းကပ်လမ်းပိုင်းနှင့် ဘုတ်-သမုတ်-လွတ်လွတ်-ကဘင်း လမ်းပိုင်းအခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတား တည်ဆောက်ရာတွင် သတ်မှတ်ကာလနှင့် စံချိန်စံညွှန်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

သမုတ်-လွတ်လွတ် တံတားသည် ၁၂၈၇ ပေရှည်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ တံတားကို Bored Pile အုတ်မြစ်၊ R.C Concrete ကိုယ်ထည်၊ P.C Girder, Steel Box Girder & R.C Decking အပေါ်ထည်အမျိုးအစားဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ တံတားကို တိုင်းဒေသကြီးရန်ပုံငွေ စုစုပေါင်းငွေကျပ်သန်း ၁၁၈၀၀ ဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ယခုလက်ရှိအချိန်တွင် တံတားတည်ဆောက်မှုလုပ်ငန်း ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာများကို မိမိဌာနအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီဆောင်ရွက်ပေးပြီး ဥပဒေနှင့်မညီသည်များကို သက်ဆိုင်ရာသို့ တင်ပြ၍ အရေးယူဆောင်ရွက်စေလိုကြောင်း၊ အဓိက အနေဖြင့် တာဝန်ယူခွင့်ရသည့် ကာလတွင် ဌာနဆိုင်ရာများကဒေသ၏တိုးတက်ရာတိုးတက်ကြောင်းနှင့် ပြည်သူ လူထု၏ တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

**ခိုင်ထူး ( ပြန်/ဆက် )**


တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

# ကျိုက်ထီးရိုးရင်ပြင် အမှိုက်ကင်းစင်သန့်ရှင်းသာယာ

**ကျိုက်ထို မေ ၂၄**
ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကို အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများပြားခြင်းကြောင့် ရင်ပြင်တော်နှင့် အနီးပတ်ဝန်းကျင်များတွင် အမှိုက်သရိုက်များနှင့် အစားအသောက်အကြွင်းအကျန်များကြောင့် ဘုရားဖူးပြည်သူများ ကျန်းမာရေးကို ထိခိုက်နိုင်သည့်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဆံတော်ရှင်ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ညှိနှိုင်းကာ အမှိုက်သန့်စင်ခွဲခြားစက်ကို TMA ကုမ္ပဏီနှင့် ပူးပေါင်းတည်ဆောက်၍ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်မှ စတင်ကာ ဝန်ထမ်း ၁၅ ဦးဖြင့် စတင်လည်ပတ်ခဲ့သည်။

အဆိုပါ အမှိုက်သန့်စင်စက်မှာ အဆင့်ခြောက်ဆင့် ခွဲခြားသန့်စင်နိုင်ပြီး တစ်နေ့ လျှင် အမှိုက်တန်ချိန် လေးတန်မှ ခြောက်တန်အထိ ခွဲခြားသန့်စင်ပေးရာ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများထဲမှ မြေသြဇာအဖြစ်အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများကို ကျိုက်ထီးရိုးတောင်တော် စိမ်းလန်းသာယာလှပရေးအတွက် အသုံးပြု၍ ကျန်ရှိရေသန့်ဘူးခွံများကို ဝန်ထမ်းများ အထောက်အပံ့ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အမှိုက်စက်ကြီးကြပ်ရေးကော်မတီများဖြစ်သည့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဦးစိုးလှိုင်နှင့် ဦးအေးမြင့်သိန်းတို့က ကြီးကြပ်၍ အပတ်စဉ် လုပ်အားဒါနအဖြစ် တနင်္လာနေ့တွင် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ အင်္ဂါနေ့တွင် ရိုးရိုးလေးကုမ္ပဏီဝန်ထမ်းများ၊ ဗုဒ္ဓဟူးနေ့တွင် တောင်ပေါ်ရှိ ဈေးသူဈေးသားများ၊ ကြာသပတေးနေ့တွင် AOK ကုမ္ပဏီဝန်ထမ်းများ၊ သောကြာနေ့တွင် အမှတ်(၉၆)တပ်ရင်းမိသားစုမှ လုပ်အားဒါနပြုလုပ်ပေးလျက်ရှိ၍ ရင်ပြင်တော်၌ သန့်ရှင်းသာယာလျက်ရှိကြောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးအေးမြင့်သိန်းက ပြောသည်။


အမှိုက်ခွဲခြားစက်၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၄၄၈၀ ခန့်ရှိ၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းအဖွဲ့က ပူးပေါင်းတည်ဆောက်ထားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့်သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ဘားအံ မေ ၂၄**
ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြည်သူ့အတွက်တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်အနေဖြင့် စီးပွားရေးတိုးတက်လာသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ယခင်ကထက် လေးဆခန့် တိုးတက်လာကြောင်း၊ တစ်ဦးချင်းဝင်ငွေမှာ လွန်ခဲ့သောသုံးနှစ်က ရှစ်သိန်းသုံးသောင်းခန့်သာ ရှိခဲ့ရာမှ ယခုအခါ ဆယ့်တစ်သိန်းရှစ်သောင်းခန့် တိုးတက်လာကြောင်း၊ ဒေသ၏ စီးပွားရေးတိုးတက်မှုမှာ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းနိုင်သည့် ဆည်မြောင်းတာတမံများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ချေးငွေကို လက်လုပ်လက်စားဆင်းရဲသားများအတွက် ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ ချေးငွေမှ အရင်းအနှီးတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးနေကြောင်း၊ သဘာဝတောတောင် သယံဇာတများကို မှီခိုပြီး ခရီးသွားလုပ်ငန်းကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ဘားအံစက်မှုဇုန်တွင် 5MWလျှပ်စစ်ဓာတ်အားရရှိမည့် ဆိုလာ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘားအံမြို့ ကမ်းနားလမ်းစီမံကိန်းကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အစိုးရအဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍတွင် ပြည်နယ်အတွင်း ထူးခြားမှုအနေဖြင့် ရိုးရာဂျပ်ခုတ်လက်မှုပညာ သင် ဆရာ/မ ၃၀ ကို ခန့်ထားပေးရန် အစီအစဉ်ရှိကြောင်း၊ ယခုအစိုးရလက်ထက် လူထု၏လိုအပ်ချက်ဖြစ်သော နွေရာသီသောက်သုံးရေရှားပါးမှု ပြဿနာကို ရေတွင်းရေကန်များ တူးဖော်ပေးခြင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဖြေရှင်းကူညီပေးနိုင်ခဲ့ပြီး ပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် စက်ရေတွင်း ၁၀၀ နီးပါးနှင့် လက်ရေတွင်းများ၊ မြစ်ရေတင်များကို ဆောင်ရွက်ပေး နိုင်ခဲ့ကြောင်း၊ မြေယာကိစ္စရပ်များနှင့် ပတ်သက်၍လည်း အမှုတွဲပေါင်းများစွာကိုဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းများကိုလည်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။



ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော သတင်းမီဒီယာများက ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်းကိစ္စ၊ လျှပ်စစ်မီးကဏ္ဍ၊ မြေယာပြဿနာဖြေရှင်းမှုအခြေအနေများ၊ စိုက်ပျိုးမြေရရှိရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုအခြေအနေ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအခြေအနေတို့ကို မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှော်ကားငါးသားဖောက်စခန်းက ငါးတောင်သူတို့အတွက် မျိုးစိတ် ၁၈ မျိုးကို ထုတ်လုပ်ဖြန့်ချိပေး

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီးတွင် ငါးသားဖောက်စခန်းသုံးခုနှင့် ပုစွန်သားဖောက်စခန်းတစ်ခုရှိရာ ထိုသားဖောက်စခန်းတို့မှ ငါးမွေးတောင်သူတို့အတွက် နှစ်စဉ်ပြည်ပဈေးကွက်ဝင် ငါးသားပေါက်များကို ဖြန့်ဝေပေးလျက်ရှိပြီး လှော်ကားငါးသားဖောက်စခန်းမှ မျိုးစိတ် ၁၈ မျိုးကို ထုတ်လုပ်ပေးလျက်ရှိသည်။

လှော်ကားစခန်းသည် မြန်မာနိုင်ငံတွင် ငါးသားဖောက်လုပ်ငန်းအကြီးဆုံးစခန်းဖြစ်သောကြောင့် ပြည်ပဈေးကွက်ဝင် ငါးတန်၊ ငါးမြစ်ချင်း၊ ရေချိုငါးမုန့်၊ ငါးခုံးမ၊ မျိုးစိတ်ငါးခူ၊ ငါးပြေမ၊ ငါးခေါင်းပွနှင့်မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်းအပါအဝင် မျိုးစိတ် ၁၈ မျိုးကို သားဖောက်ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ငါးသားဖောက်လုပ်ငန်းကို ၁၉၅၈ ခုနှစ်တွင် မြစ်ချောင်းများမှသားပေါက်များကို ဖမ်းဆီး၍သားဖောက်လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ဆေးထိုးသားဖောက်နည်းပညာမရရှိ၍ ငါးတောင်သူများ ပြည်ပမှ ငါးသားပေါက်များကို ဝယ်ယူမွေးမြူခဲ့ရပြီး ၁၉၆၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ပညာရှင်ဒေါက်တာဂျွန်ထရီနှင့် မြန်မာနိုင်ငံမှပညာရှင်တို့ ပူးပေါင်းကာ ငါးဆေးထိုးသားဖောက်ခြင်းလုပ်ငန်း ကို လှော်ကားစခန်းမှ စတင်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ယခုလပိုင်းတွင် ငါးမြစ်ချင်းအကောင်ပေါက်သိန်း ၂၀ ဖြန့်ချိပေးပြီးဖြစ်၍ ငါးမွေးတောင်သူတို့ လိုအပ်ချက်အတိုင်း မွေးမြူလိုသော ငါးအမျိုးအစားနှင့် အရွယ်အစားအလိုက်ထုတ်လုပ်လျက်ရှိသည်။

“ငါးမွေးတောင်သူတွေ လိုအပ်ချက်အတိုင်း ရောင်းချပေးပါတယ်။ သားပေါက်တစ်လက်မအရွယ်၊ ဒါမှမဟုတ်ငါးမှုန်သားပေါက်ပဲ လိုတယ်ဆိုရင် လိုအပ်သလိုဝန်ဆောင်မှုပေးပါတယ်။ တစ်လက်မအရွယ်ကိုတစ်ကောင် လေးကျပ်ရောင်းပါတယ်။ ငါးအမျိုးအစားအလိုက်ဈေးကွာဟပါတယ်။ မြက်စားနဲ့ ငါးခေါင်းပွကဈေးမြင့်ပါတယ်။ မနှစ်က မန္တလေးဈေးကွက်ကို သားပေါက်တစ်ကောင် ငါးကျပ်နဲ့ ပို့ရပါတယ်။ ငါးသိပ္ပံကျောင်းလည်းဖွင့်ထားပြီဖြစ်တဲ့အတွက် ကျောင်းဆင်းတဲ့အခါမှာ တိုးတက်အောင်မြင်မှုတွေကို တွေ့မြင်ရမှာပါ။ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်တွေရှိပေမယ့် ဌာနအနေနဲ့အကောင်းဆုံးဆောင်ရွက်နေပါတယ်” ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လှော်ကားနှင့် တွံတေးငါးသားဖောက်စခန်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် သလုပ်လုစခန်းတို့တွင် ပြည်ပမှ ပညာရှင်များနှင့် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လှော်ကားငါးဖောက်စခန်း၊ လေးထောင့်ကန်ငါးသားဖောက်စခန်း၊ တွံတေးငါးသားဖောက်စခန်းနှင့် ကျောက်တန်းပုစွန်သားဖောက်စခန်း(ရေချို)ဟူ၍ သားဖောက်စခန်းလေးခုရှိပြီး ၁၉၅၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လှော်ကားငါးသားဖောက်စခန်းကို စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၈၀ ပြည့်နှစ်တွင် လေးထောင့်ကန်ငါးသားဖောက်စခန်း၊ ကျောက်တန်းပုစွန် သားဖောက်စခန်းနှင့် ဧက ၁၃၀၀ ကျော်ရှိသော တွံတေးငါးသားဖောက်လုပ်ငန်းကို ၁၉၈၀ နောက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်**

# လူငယ်များမူးယစ်ဆေးဝါး၏ သားကောင်ဘဝသို့ မကျရောက်စေရန် အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ပေးနေ

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသည် လူငယ်များ မူးယစ်ဆေးဝါး၏ သားကောင်ဘဝသို့ မကျရောက်စေရန် အသိပညာပေး ဟောပြောမှုများကို အဓိက ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောကြားသည်။

“ကျွန်တော်တို့အသင်းရဲ့ အဓိကပန်းတိုင်ကတော့ မူးယစ်ဆေးဝါးကင်းစင်ပြီး ကျန်းမာကြံ့ခိုင်တဲ့ မြန်မာ့လူ့ဘောင်အသိုက်အဝန်းထူထောင်ရေး ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံ့သားကောင်းလူငယ်လေးတွေ၊ ကျောင်းသားလူငယ်လေးတွေကို မူးယစ်ဆေးဝါးရဲ့ သားကောင်ဘဝ မကျရောက်အောင်၊ မူးယစ်ဆေးဝါးရဲ့ဘေးအန္တရာယ်ဆိုးကျိုးတွေကို အသိပညာပေး ဟောပြောမှုတွေ အဓိကထား ဆောင်ရွက်ပေးနေပါတယ်။ အသင်းရဲ့အားနည်းချက်တွေကို သုံးသပ်ပြီး အကောင်းဆုံး ဆောင်ရွက်သွားနိုင်ဖို့လည်း နှစ်ပတ်လည် အစည်းအဝေးတွေကို ကျင်းပလာတာ အခုဆိုရင် အကြိမ် ၂၀ မြောက်ရှိပါပြီ” ဟု ယမန်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ အကြိမ် ၂၀ မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌက ပြောကြားသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကျင်းပသော အကြိမ် (၂၀) မြောက်အစည်းအဝေးတွင် အသင်းကြီးသို့ စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်ခြင်း၊ အသင်း(ဗဟို)မှ အစီရင်ခံစာ တင်သွင်းခြင်းနှင့် ငွေကြယ်ပွင့်လူငယ်အသင်း၊ လူငယ့်အားမာန်အသင်း၊ တံလျှပ်သုတရသ သတင်းဂျာနယ်တို့မှ လူငယ်ထုအကြား မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းတင်းတင်ပြကြသည်။



မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) (၂၀) ကြိမ်မြောက် နှစ်ပတ်လည်ဗဟိုကော်မတီအစည်းအဝေးကျင်းပစဉ်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ကို ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင်အဆင့် ၃၁ သင်း၊ မြို့နယ်အဆင့် ၁၅၄ သင်းဖွဲ့စည်းထားပြီး အသင်းဝင်ပေါင်း ၃၆၀၀၀ ကျော်ရှိကြောင်း သိရသည်။ အသင်းအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးလုပ်ငန်းများ၊ ဟောပြောမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ် တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊
(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊
(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊
(၈) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မင်းတပ်မြို့နယ်၌ မြေသားလမ်းများဖောက်လုပ်နေ

**မင်းတပ် မေ ၂၄**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်ကျေးရွာများတွင် မြေသားလမ်းတာချဲ့ခြင်းနှင့် မြေသားလမ်းများဖောက်လုပ်လျက်ရှိသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၂ မိုင်-ဘောင်-ပြုံး-ရိုရွာတို့အကြား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အကျယ် ၂၉ ပေ ၅ မိုင်မြေသားလမ်းတာချဲ့နေမှုကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် မကြိုင်-ဒိုယိုး-ဟုန်းသာရွာ အကြား အကျယ် ၂၁ ပေရှိသည့် မြေသားလမ်းသစ် လေးမိုင် ဖောက်လုပ်နေမှုကိုလည်းကောင်း၊ ပြည်နယ်ငွေလုံး ငွေရင်းရန်ပုံငွေဖြင့် မိုင်လေးဆယ်-ပလိပ်ထို့-မနာတာ-ရွှေအောင်သာလမ်း ပြုပြင်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခိုးရှိန်း(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၆၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၉၀ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၁၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၉ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၄ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၄ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၄၃ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၈ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ・ ၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၁၂၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုရီးယားသရုပ်ဆောင် Mah Won Woo က မြန်မာ့ယဉ်ကျေးမှုများကို မြတ်နိုးကြောင်း ပြောကြား

ဒါရိုက်တာအောင်ကိုလတ်နှင့် သမီးဖြစ်သူ ဒါရိုက်တာမီရှဲလ်တို့နှစ်ဦး ရိုက်ကူးမည့် ရင်ဝှက်အက္ခရာ(Silent Love)ဇာတ်ကားတွင် မြန်မာသရုပ်ဆောင် ထွန်းကိုကို၊ နန်းဆုဦးတို့နှင့်အတူ ကိုရီးယားအနုပညာရှင် သရုပ်ဆောင် Mah Won Woo လည်း အဓိကနေရာမှ ပါဝင်သွားမည်ဖြစ်သည်ဟု သိရသည်။ Mah Won Woo သည် မြန်မာနိုင်ငံသို့ ယခင်က ငါးကြိမ်ရောက်ဖူးသလို မြန်မာ့ယဉ်ကျေးမှုများကို မြတ်နိုးကြောင်းလည်း ပြောကြားသည်။

ရင်ဝှက်အက္ခရာရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ခြင်းနှင့်ပတ်သက်၍ Mah Won Woo က "ဒီ production က စကမ်းလှမ်းတယ်၊ ပြီးတော့ ဒါရိုက်တာတွေ၊ အနုပညာရှင်တွေနဲ့ ပေးတွေ့တယ်၊ မြန်မာနိုင်ငံမှာ ပထမဆုံး ရိုက်ရမယ့်အချိန်မှာ သရုပ်ဆောင်ကောင်းတွေနဲ့ တွေ့ရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်၊ ဒီကားကို အကောင်းဆုံး ကြိုးစားသွားပါ့မယ်၊ ဒီကားမရိုက်ခင်မှာ ဒီထဲမှာပါမယ့်သူတွေနဲ့ တွေ့ခဲ့တော့ တွေ့တဲ့အချိန်မှာ တစ်ယောက်ကိုတစ်ယောက်ကူညီကြတဲ့အတွက် ဒီရုပ်ရှင်ကို ရိုက်ကူးဖို့ လက်ခံဖြစ်ခဲ့တယ်၊ ဒုတိယအချက်ကတော့ ကိုယ်ပါဝင်သရုပ်ဆောင်ရမယ့် ကာရိုက်တာကိုဖတ်ကြည့်တဲ့အချိန်မှာလည်း စိတ်ဝင်စားသွားတယ်၊ တကယ် attraction ရှိတဲ့အတွက် လက်ခံဖြစ်ခဲ့တာ"ဟု ပြောသည်။

Mah Won Woo အနေဖြင့် ယခင်က စင်ကာပူနိုင်ငံတွင် ကျောင်းတက်ခဲ့ပြီး ကျောင်းတက်စဉ် မြန်မာလူမျိုးများနှင့် သူငယ်ချင်းဖြစ်ခဲ့၍ မြန်မာနိုင်ငံသို့ ငါးကြိမ်တိုင် အလည်အပတ် လာရောက်ခဲ့ဖူးကြောင်း သိရသည်။

"ရုပ်ရှင်ထဲမှာပါမယ့်နေရာ ပူတာအိုကိုတော့ မရောက်ဖူးသေးဘူး၊ ရောက်ဖူးတာက မန္တလေးနဲ့ ပြင်ဦးလွင်ပါ၊ ကိုရီးယားမှာ အနုပညာအလုပ်တွေ လုပ်ဖြစ်တာတော့ ငါးနှစ်လောက်ရှိပြီ၊ ကြော်ငြာနဲ့ ရုပ်ရှင်အတိုလေးတွေပဲ ရိုက်ဖြစ်တာများပါတယ်၊ ရုပ်ရှင်ကြီးကတော့ ဒါပထမဆုံးပါပဲ၊ အခက်အခဲတော့ မရှိလောက်ပါဘူး၊ အကုန်လုံးနဲ့ စကားပြောတော့လည်း အင်္ဂလိပ်လို ပြောလို့ရတဲ့အတွက် communication လည်း ကောင်းပါတယ်၊ ကိုရီးယားမှာသွားရိုက်မယ့်ဟာတွေလည်း ပါတယ်ဆိုတော့ အဆင်ပြေတယ်၊ ပြီးတော့ ဒီကားက world wide အနေနဲ့ သွားမှာပေါ့၊ ကိုရီးယားလည်း ရောက်မယ်ဆိုတော့ ပိုပျော်ရတယ်၊ အရင်တုန်းကလည်း ဦးအောင်ကိုလတ်တို့နဲ့ တွေ့ဖူးပါတယ်၊ ညစာအတူစား၊ အတူ စကားပြောဖူးလိုက်တဲ့အခါမှာ ဒီရုပ်ရှင်အတွက် ပိုပြီး ယုံကြည်မှုရှိသွားပါတယ်၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတာမှာ ပထမဆုံးအရာကတော့ မြန်မာနိုင်ငံကလူတွေပေါ့၊ လူတွေက kind ဖြစ်ကြတယ်၊ ဒုတိယကတော့ ဘုရားတွေပေါ့၊ ဒီက ယဉ်ကျေးမှု ဓလေ့ထုံးစံတွေက အလွန် စိတ်ဝင်စားဖို့ကောင်းပြီး



သဘောကျပါတယ်"ဟု Mah Won Woo က ဆက်ပြောသည်။

ရင်ဝှက်အက္ခရာ ရုပ်ရှင်ကားကြီးကို မေ ၂၀ ရက်မှစ၍ ပူတာအိုမြို့နယ်၌ စတင် ရိုက်ကူးလျက်ရှိပြီး ဇာတ်လမ်းမှ အချို့သော ဇာတ်ဝင်ခန်းများကို ထိုင်းနိုင်ငံနှင့် ကိုရီးယား နိုင်ငံတို့တွင် သွားရောက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# လေးပွင့်ဆိုင်အချစ်ကို ဖော်ညွှန်းသည့် ညှော်သည် ရုပ်ရှင်ဇာတ်ကား မေ ၃၀ ရက်တွင် ရုံတင်ပြသတော့မည်

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး မိုးနီလွင်၏ ဇာတ်ညွှန်းကို ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးသည့် ညှော်သည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူးက ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ထားပြီး နေခြည်ဦး၊ ရွှေမှုံရတီနှင့် အနုပညာရှင်များစွာလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဒရာမာ အမျိုးအစား ဇာတ်ကားတစ်ကားဖြစ်ပြီး အချစ်ကြောင့် ခံစားရသည့် ပူလောင်မှုများကို ပညာပေးပုံစံ ရိုက်ကူးထားကာ မေ ၃၀ ရက်တွင် စတင် ရုံတင်ပြသတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီကားလေးက အပြင်မှာ လက်တွေ့ဖြစ်ပျက်နေတာလေးတွေကို အခြေခံ ရိုက်ကူးထားတာပါ၊ လူငယ်တွေ သဘာဝအရ အချစ်အပေါ် စိတ်ခံစားမှုပိုင်းကို ပြသထားတဲ့ ကားတစ်ကားဆိုလည်း မမှားပါဘူး၊ ဒီကားလေးရိုက်ဖြစ်တာကတော့ ကိုရွှေထူးက ဇာတ်လမ်းလေးတစ်ပုဒ် ရေးခိုင်းတယ်၊ အချစ်ဇာတ်လမ်းပုံစံလေး လိုချင်တယ်ဆိုတာကြောင့် ကျွန်တော်လည်း သေချာစဉ်းစားပြီး လူငယ်တွေ ကြားမှာ ဖြစ်တတ်ပျက်တတ်တဲ့ အချစ်ရဲ့ ဆန်းကြယ်မှု၊ ခံစားမှုလေးတွေကို ရောယှက်ထားတဲ့ ညှော်သည် ဇာတ်ကားလေးကို ရေးဖြစ်ခဲ့တာပါ၊ ပြီးတော့ ရွှေထူးနဲ့ မိုးစက်ဝိုင်တို့ ပထမဆုံးရိုက်တဲ့ ပက်ပက်စက်စက်ညို့ ဇာတ်ကားမှာလည်း ကျွန်တော် ဇာတ်ညွှန်းရေးပေးဖြစ်ခဲ့ပါတယ်၊ အဲဒီမှာကတည်းက ရွှေထူးရဲ့သရုပ်ဆောင်မှုတွေကို ကြိုက်ခဲ့တာဆိုတော့ အခု ဒုတိယကားအတွက်လည်း ရေးတဲ့အခါ သူ့ရဲ့သရုပ်ဆောင်မှုကို ယုံကြည်တယ်၊ ဒီကားရဲ့ ဒါရိုက်တာဆိုတာကလည်း ကျွန်တော်တို့လေးစားရတဲ့ ဆရာဖြစ်တယ်၊ အားလုံးက ဒီကားအပေါ် အကောင်းဆုံး စိတ်နှစ်ပေးထားခဲ့ကြတာကို တွေ့ရတာမို့ ကျေနပ်မိပါတယ်"ဟု ညှော်သည် ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးသူ မိုးနီလွင်က ပြောသည်။



အဆိုပါဇာတ်ကားတွင် ငယ်ရွယ်လှပ သွက်လက်ခေတ်ဆန်သည့် မြူမိုးအဖြစ် ရွှေမှုံရတီ၊ မြူမိုး၏ချစ်သူ ဦးမြတ်မင်းနိုင်အဖြစ် ဖြိုးငွေစိုး၊ တက်သစ်စ ကြိုးစားနေဆဲ ဂီတသမားလေး နေလအဖြစ် ရွှေထူးနှင့် နေလ၏ချစ်သူ နှင်းနုအဖြစ် နေခြည်ဦးတို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြကာ ၎င်းတို့ လေးဦးကြားမှ အချစ်ဇာတ်လမ်းကို ခံစားကြည့်ရှုရမည်ဖြစ်သည်။ **ကိုလင်း**

# မြန်မာ့ရုပ်ရှင် အရည်အသွေးကို မြှင့်တင်ဖို့လိုအပ်သေးကြောင်း လွင်မိုး ပြောကြား

"ဆန်ရေ"ရုပ်ရှင်ဇာတ်ကားကြီးဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို ဆွတ်ခူးရရှိခဲ့ဖူးသည့် သရုပ်ဆောင် အကယ်ဒမီလွင်မိုးသည် မကြာမီကပြုလုပ်ခဲ့သည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်ပွဲတော်အတွက် ပထမအကြိမ် အကြံဉာဏ်ရယူခြင်း



အခမ်းအနားတွင် ရုံပိုင်ရှင်များဘက်မှ ဆွေးနွေးခဲ့ရာ မြန်မာ့ရုပ်ရှင်များ၏ အရည်အသွေးကို ယခုထက်မြှင့်တင်ရန် လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်တက်စေရန် ရုံ ၁၀၀ စီမံကိန်းကို ဆောင်ရွက်နေသည့် လွင်မိုးက မြန်မာ့ရုပ်ရှင်လောကအတွင်း ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ပြည်ပပညာရှင်များ၏ အကြံပြုဆွေးနွေးချက်များနှင့် ပတ်သက်၍ ယခုလို ပြန်လည် ပြောပြခဲ့သည်။

"၂၀၁၆ လောက်တုန်းက ကိုရီးယားနိုင်ငံက ပညာရှင်တွေက မြန်မာနိုင်ငံကို လာပြီးတော့ မီကာဆာဟိုတယ်မှာ ရုပ်ရှင် ဆင်ပိုဆီယမ်ဆိုပြီး လာလုပ်ခဲ့ကြတယ်၊ အဆင့်မြင့်ပညာရှင်တွေ လာလုပ်တဲ့ပွဲပါ၊ အဲဒီပွဲမှာ ကိုရီယားပညာရှင်က ရုပ်ရှင်မှာ Entertainment နဲ့ Art ဆိုပြီး နှစ်မျိုးရှိပါတယ်တဲ့၊ Entertainment ကတော့ ဖျော်ဖြေရေးသီးသန့်သွားတာ၊ Art ဆိုတာကတော့ အနုပညာပေါ့၊ အဲဒီနှစ်မျိုးကို ယှဉ်လိုက်ရင် Entertainment ဆန်တဲ့ကားတွေက မမီပါဘူးတဲ့၊ အဲဒါကိုပဲ အမြဲတမ်း ရိုက်သွားမယ်ဆိုပြန်တော့လည်း သရုပ်ဆောင်၊ ဒါရိုက်တာတွေဟာ အနုပညာ အရည်အသွေးတွေ ကျသွားလိမ့်မယ်တဲ့၊ ဒါကြောင့် သူတို့နိုင်ငံတွေမှာက အနုပညာဆန်တဲ့ ကားတွေကို အစိုးရက ပံ့ပိုးပေးပါတယ်၊ ဘယ်လိုမျိုးလဲဆိုရင် အစိုးရနဲ့ဆိုင်တဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေ၊ အသင်းအဖွဲ့တွေ၊ NGO တွေမှာ အဲဒီ ဇာတ်ကားတွေကို ပြပြီးတော့ ပိုက်ဆံပြန်ရှာတယ်တဲ့၊ Entertainment ဆန်တဲ့ ကားတွေကတော့ ပိုက်ဆံပြန်ရပါတယ်တဲ့၊ ဒီသဘောလေးတွေ ရှိတယ်၊ ဒီတော့ အနုပညာ အောင်မြင်ဖို့လုပ်မလား၊ ပိုက်ဆံရဖို့လုပ်မလား ဆိုတဲ့ဟာတွေက ကျွန်တော်တို့ဆီမှာ ဝိဝါဒကွဲပြားမှုလေးတွေ ရှိပါတယ်"ဟုလည်း လွင်မိုးက ပြောသည်။ **ကိုလင်း**

# အပေးအယူ ရုပ်ရှင်ကို ရန်ကုန်၊ နေပြည်တော်၊ ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရိုက်ကူးသွားမည်

ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ) ရိုက်ကူး၍ Life + ရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် အပေးအယူ ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေး သရုပ်ဆောင် နန်းထိပ်ထားနှင့် အခြား ဇာတ်ပို့သရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးမည်ဖြစ်ပြီး ရုပ်ရှင်ကို ရန်ကုန်၊ နေပြည်တော်နှင့် ပြင်ဦးလွင်တို့အပြင် ပြည်ပ ဗီယက်နမ်နိုင်ငံတွင်ပါ သွားရောက်ရိုက်ကူးမည်ဟု သိရသည်။

"အပေးအယူ ရုပ်ရှင်ဇာတ်ကားကို ကျွန်တော်တို့က ရန်ကုန်၊ နေပြည်တော်၊ ပြင်ဦးလွင်နဲ့ ဗီယက်နမ်နိုင်ငံတွေမှာ ရိုက်ကူးသွားမှာပါ၊ ဇာတ်ဝင်ခန်းအရ အပြောင်းအလဲဖြစ်အောင်ရယ်၊ နောက်တစ်ခုက သွားလို့လာလို့ အဆင်ပြေလို့ ရိုက်ဖြစ်တာပါ၊ ဒီဇာတ်ကားက ချစ်ခြင်းမေတ္တာတရားတစ်ခုရဲ့အကြောင်းကို ဖန်တီးထားတာပေါ့၊ ချစ်သူနှစ်ဦးက တစ်ယောက်တစ်နယ်စီမှာ ရှိနေကြတယ်ဆိုပေမယ့် အချစ်ဆိုတဲ့အရာတစ်ခုရှိနေရင် ဘယ်မှာနေတယ်၊ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်ဆိုတာ မရှိဘူး၊ ယုံကြည်မှုတစ်ခုနဲ့ ချစ်တာမျိုးပေါ့၊ ဒါပေမယ့် အဲဒီယုံကြည်မှုကို အလွဲသုံးစားလုပ်ခံရတဲ့အချိန်မှာ လူတစ်ယောက်ဟာ ဘဝကြီး တစ်ခုလုံး ပျက်စီးသွားနိုင်တယ်ဆိုတဲ့ ပုံစံမျိုးကို မီးမောင်းထိုးပြချင်တာ ဖြစ်ပါတယ်၊ အချစ်စစ်မဟုတ်ဘဲ အခွင့်အရေးကို တလွဲအသုံးချခံရတာနဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝ ပျက်စီးသွားရတဲ့ ပုံစံကို Crime Story ပုံစံလေးဖြစ်အောင် ဖန်တီးသွားမယ့် ဇာတ်ကားဖြစ်ပါတယ်"ဟု အပေးအယူ ဇာတ်ကားကို ရိုက်ကူးပုံဖော်မည့် ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)က ပြောသည်။

အဆိုပါဇာတ်ကားတွင် အကယ်ဒမီ အေးမြတ်သူအား အကျဉ်းထောင်အတွင်း နှစ်ကြီးထောင်ဒဏ်ကျနေသူ အမျိုးသမီးတစ်ဦးအဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး သရုပ်ဆောင် ရွှေသမီးအား နှင်းဆီဖြူဆိုသည့် မိန်းကလေးအဖြစ် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



အပေးအယူ ရုပ်ရှင်တွင် ပါဝင်ကြမည့် သရုပ်ဆောင်များ

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### Bond 25 ဇာတ်ကားရိုက်စဉ် ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီရယ်ခရိတ်ချ် ဒဏ်ရာရ

ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီရယ်ခရိတ်ချ်ဟာ Bond 25 ဇာတ်ကားရိုက်ကူးစဉ် ဒဏ်ရာရရှိခဲ့ပြီးနောက် ခြေချင်းဝတ်ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရတယ်လို့ သိရပါတယ်။

Bond 25 ရုပ်ရှင်ရဲ့ ဖေ့စ်ဘုတ်ပေ့ချ်ကနေ တရားဝင်ကြေညာခဲ့ပါတယ်။ အသက် ၅၁ နှစ်အရွယ်မင်းသား ဒန်နီရယ်ဟာ ကုသမှုအပြီး နှစ်ပတ်ကြာ အနားယူရမယ်လို့လည်း သိရပါတယ်။ ခွဲစိတ်ကုသမှုအပြီး ဒန်နီရယ်ဟာ နှစ်ပတ်ကြာအနားယူရမှာဖြစ်လို့ အဲဒီကာလပြီးမှပဲ ဇာတ်ကားရိုက်ကူးရေးကို ပြန်စမယ်လို့ သိရပါတယ်။ Bond 25 ဇာတ်ကားကို ၂၀၂၀ ဧပြီလအတွင်းမှာ ရုံတင်ပြသမယ်လို့ အရင်သတ်မှတ်ထားတာကိုတော့ ပြောင်းလဲခြင်းမရှိပါဘူး။ အရင်သတ်မှတ်ထားတဲ့အတိုင်း ပြသမယ်လို့ သိရပါတယ်။

ဒီရုပ်ရှင်ကို ကာရီဖူကူနေ့ချ်ကရိုက်ကူးပြီး ဒန်နီရယ်နဲ့အတူ ရာမီမာလစ်ခ်၊ ဘေလီမက်ခ်နူဆန်နဲ့ လာရှာနာလင့်ရှ်တို့လည်း အတူပါဝင်သရုပ်ဆောင်ထားကြပါတယ်။ Bond 25 ရုပ်ရှင်ဇာတ်ကားဟာ ဂျိမ်းစ်ဘွန်းဇာတ်ကားရဲ့ ၂၅ ကားမြောက်လည်း ဖြစ်ပါတယ်။

**စီအင်န်အင်န်**



ဂျိမ်းစ်ဘွန်းမင်းသား ဒန်နီရယ်ခရိတ်ချ်။

### စွမ်းအားရှိတဲ့ အမျိုးသမီးဇာတ်ရုပ်နေရာက သရုပ်ဆောင်ရတာကို နှစ်သက်တယ်ဟု ဆိုဖီယာတန်နာပြော

မကြာသေးမီက ဇာတ်သိမ်းသွားခဲ့တဲ့ Game of Thrones ဇာတ်လမ်းတွဲမှာ ဆန်ဆာအဖြစ် သရုပ်ဆောင်ခဲ့တဲ့ သရုပ်ဆောင် ဆိုဖီယာတန်နာကတော့ သူနောက်ရိုက်မယ့် ဇာတ်ကားဟာ စွမ်းအားရှိတဲ့ အမျိုးသမီးဇာတ်ရုပ်ပေါ်မှာ အခြေခံထားတဲ့ သရုပ်ဆောင်မှုလို့ ပြောပါတယ်။

ဆိုဖီယာဟာ X- Men Dark Phoenix ဇာတ်ကားမှာ အဓိကသရုပ်ဆောင်နေရာကနေ ပါဝင်မှာပဲဖြစ်ပါတယ်။ စွမ်းအားကြီးတဲ့အမျိုးသမီးအဖြစ် သရုပ်ဆောင်ရတာဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်လို့ ပြောပါတယ်။ X-Men Dark Phoenix ဇာတ်ကားမှာ ဆိုဖီယာဟာ Jean Grey အဖြစ် သရုပ်ဆောင်မှာ ဖြစ်ပါတယ်။ ကြံ့ခိုင်ပြီး စွမ်းအားရှိတဲ့ အမျိုးသမီးဇာတ်ရုပ်ကို ရှာဖွေနေတာလို့ ဆိုဖီယာက ပြောပါတယ်။ ဒါဟာလည်း အမျိုးသမီးသရုပ်ဆောင်တိုင်း လိုချင်ကြတဲ့ ဇာတ်ရုပ်ပဲမဟုတ်လားလို့ သူက ဆက်ပြောပါတယ်။

X -Men ဇာတ်ကားတွေရဲ့နောက်ဆက်တွဲဇာတ်ကားဖြစ်တဲ့ X -Men Dark Phoenix ဇာတ်ကားဟာ X-Men ဇာတ်ကားတွေအထဲမှာ ဇာတ်လမ်းအထွတ်အထိပ်ရောက်မယ့်ကားလို့လည်း ပြောကြပါတယ်။ ဆိုဖီယာဟာ မကြာသေးခင်ကမှ ဇာတ်သိမ်းသွားတဲ့ Game of Thrones ဇာတ်ကားမှာလည်း ဆန်ဆာစတာ့ခ်အဖြစ် သရုပ်ဆောင်ရင်း လူကြိုက်များလာသူလည်း ဖြစ်ပါတယ်။ X-Men Dark Phoenix ဇာတ်ကားကို အမေရိကန်ပြည်ထောင်စုမှာ ၂၀၁၉ ဇွန် ၇ ရက်နေ့မှာ ရုံတင်ပြသမှာ ဖြစ်ပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်း**



သရုပ်ဆောင် ဆိုဖီယာတန်နာ။

ဖြိုး



# ‘ လွှတ် ’ လား၊ ‘ စေလွှတ် ’ လား၊ နှစ်လုံးတွဲပြဿနာ

**မောင်ခင်မင် (ဓနုဖြူ)**

“ဆရာ ဟိုတလောက အကျဉ်းသားတွေလွှတ်တဲ့ သတင်း ဖတ်ရမယ်ထင်ပါတယ်”

“အေး... ဖတ်ရပါတယ်။ ထောင်တွေမှာ ထောင်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားတော်တော်များများကို လွှတ်လိုက်တာလေ။ ဘာဖြစ်လို့လဲ”

“ဒီလိုပါ ဆရာ။ အဲဒီသတင်းကို တချို့သတင်းစာတွေထဲမှာ ရေးပုံမှားနေတယ်ထင်လို့ပါ”

“ပြောစမ်းပါဦးကွာ”

“အကျဉ်းသားအရေအတွက် ဘယ်လောက်ကို ‘လွှတ်လိုက်သည်’ လို့ တော်တော်များများ ရေးကြပါတယ်။ တချို့သတင်းစာတွေမှာတော့ အကျဉ်းသားအရေအတွက်ဘယ်လောက်ကို ‘စေလွှတ်လိုက်သည်’ လို့ရေးတာ တွေ့ရလို့ပါ ဆရာ။ အဲဒီ ‘စေလွှတ်’ ဆိုတဲ့ အသုံးမှားနေတယ်ထင်ပါတယ် ”

“အေး... ဆရာလည်း အဲဒီအသုံးအကြောင်းကို အရင်ကပြောဖူးပါတယ်။ ဒါထက် မင်းက ဘာဖြစ်လို့ အဲဒီအသုံး မှားတယ်ထင်တာလဲ”

“ဆရာ ‘စေလွှတ်’ ဆိုတာ တစ်နေရာကို တစ်ခုခုလုပ်ဖို့ ခိုင်းလိုက်တာကိုဆိုလိုတာ မဟုတ်လား ဆရာ။ ကျွန်တော်ဖတ်ရတဲ့ စာတစ်ပုဒ်မှာ ‘စောယွမ်းကို လုပ်ကြံချေဟု မင်းချင်းတစ်ယောက်ကို စေလွှတ်လိုက်၏’ လို့ တွေ့ပါတယ် ဆရာ”

“ဟုတ်ပါတယ်။ မင်းပြောတဲ့အတိုင်းပါပဲ။ ရှေးက စာတွေထဲမှာ မင်းသားကလေးက သူ့ချစ်သူမင်းသမီးကလေးကို အကြောင်းစုံလျှောက်ထားဖို့ ကျေးသားကလေးကို စေလွှတ်တယ်ဆိုတာမျိုး သုံးတာပဲ။ အခု အကျဉ်းသားတွေကိုလွှတ်တာက ထောင်ထဲထည့်ထားရာကနေပြီး သွားလိုရာသွားတော့လို့ လွှတ်လိုက်တာလေ။ တာဝန်တစ်ခုခုဆောင်ရွက်ဖို့ တစ်နေရာကို စေလွှတ်တာမှမဟုတ်တာ။ ဒီတော့ စေလွှတ်ဆိုတဲ့ အသုံးက မမှန်ဘူးဆိုတာ သေချာတာပေါ့ကွာ”

“ဘယ်လိုကြောင့် အဲဒီလိုမှားသုံးကြတာပါလဲ ဆရာ”

“ကဲ... ဘယ်လိုကြောင့် မှားသုံးတယ်ဆိုတာ သဲကွဲအောင် အဓိကစကားဖြစ်တဲ့ ‘လွှတ်’ ရဲ့အဓိပ္ပာယ်ကို စဉ်းစားကြည့်ရအောင်။ အခုဆရာတို့ပြောနေကြတဲ့ ‘လွှတ်’ နဲ့ ဆိုင်တဲ့အနက် နှစ်ခုရှိတယ်။ ပထမအနက်တစ်ခုက ‘လွှတ်’ ဆိုတာ လွတ်အောင်လုပ်တာပဲ။ အကျဉ်းသားတွေကို ထောင်ထဲကလွတ်အောင် လွှတ်တယ်။ ငှက်ကို လှောင်အိမ်ထဲက လွှတ်တယ်။ ဖမ်းထားတဲ့လူတွေကို လွှတ်တယ်ဆိုတာမျိုး သုံးတယ်။ အခုအကျဉ်းသားတွေကိုလွှတ်တာ အဲဒီအဓိပ္ပာယ်ပေါ့”

“ဟုတ်ကဲ့ပါ”

“နောက်အနက်တစ်ခုက မင်းပြောသလို တစ်ယောက်ယောက်ကို တစ်ခုခုလုပ်ဖို့ တစ်နေရာရာကို သွားခိုင်းတဲ့အနက်ပေါ့။ ‘လူလွှတ်ပြီး စုံစမ်းတယ်’ ဆိုတာမျိုး၊ ‘အိမ်ကကောင်မလေးကို ဟင်းစားဝယ်ဖို့ ဈေးလွှတ်လိုက်တယ်’ ဆိုတာမျိုး သုံးတာလေ။ ဒီတော့ ထောင်ထဲကလူတွေကို လွှတ်တယ်ဆိုတာ ပထမအနက်နဲ့ သုံးတာကွဲ့။ ဒုတိယအနက်မဟုတ်ဘူး...”

“ဟုတ်ကဲ့ပါ။ ဒါဆိုရင် ‘စေလွှတ်’ လို့ သုံးတာကရော ဆရာ”

“ ‘စေလွှတ်’ လို့ သုံးတာက ‘စေ’ နဲ့ ‘လွှတ်’ အဓိပ္ပာယ်တူတွဲသုံးတာလေ။ ဒီနေရာမှာ ‘စေ’ ရဲ့ အဓိပ္ပာယ်က တစ်ခုခုလုပ်ဖို့ တစ်နေရာရာကို လွှတ်တဲ့ အဓိပ္ပာယ်ပဲ။ ‘ကျေးစေ’ တယ်ဆိုတာ ကျေးသားလေးကို ချစ်သူဆီလွှတ်တဲ့အဓိပ္ပာယ်ပေါ့။ ရှေးက ‘သံစေသည်၊ သဝဏ်စေသည်’ ဆိုတာမျိုး သုံးတယ်လေ။ တစ်နေရာကို လွှတ်လိုက်တာပေါ့။ မင်းဖတ်လာတဲ့ စာလိုပဲ ‘ပုဂံသို့သွားနေသူကိုလုပ်ကြံချေဟု စေလိုက်၏’ ဆိုတဲ့ အသုံးလည်းရှိတယ်။ စွယ်စုံကျော်ထင်ကျမ်းထဲမှာလေ ဒီမှာကြည့် ”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ရှေးက ‘စေလိုက်၏’ လို့ သုံးတာမျိုး ခုခေတ်မှာ ‘လွှတ်လိုက်ပြီ’ လို့ သုံးတယ်။ စာဆန်ဆန် ခံ့ခံ့ညားညားဖြစ်အောင် ‘စေလွှတ်လိုက်၏’ လို့လည်း သုံးလို့ရတယ်။ အဓိပ္ပာယ်က ခုပြောသလို တစ်ခုလုပ်ဖို့ တစ်နေရာရာကို သွားခိုင်းလိုက်တာလေ။ အဲဒါကို အသုံးမှားပြီး အကျဉ်းသားတွေကို စေလွှတ်သည်လို့ သုံးလိုက်တော့ သူတို့ကို လွတ်လွတ်လပ်လပ် အိမ်ပြန်ခိုင်းတာမဟုတ်တော့ဘဲ တစ်ခုခုတာဝန်ပေးပြီး တစ်နေရာရာကို လွှတ်လိုက်တဲ့အဓိပ္ပာယ် ဖြစ်သွားတာပေါ့ကွာ”

“ဟုတ်ကဲ့၊ နားလည်ပါပြီဆရာ။ ဒါဆိုရင် တစ်ခု သိချင်ပါသေးတယ် ဆရာ”

“ပြောလေ”

“ ‘အကျဉ်းသားများကို လွှတ်လိုက်သည်’၊ ‘အကျဉ်းသားခြောက်ထောင်ကျော်လွှတ်သည်’လို့ ရေးရင် အဓိပ္ပာယ်ပြည့်စုံနေရက်သားနဲ့ ဘာဖြစ်လို့ ‘အကျဉ်းသားများကို စေလွှတ်သည်’ လို့ သုံးကြတာပါလဲ ဆရာ”

“ဒါက တို့မှာရှိနေတဲ့ အစွဲကလေးတစ်ခုကြောင့် ဖြစ်နိုင်ပါတယ်။ ဒါက ဘာလဲဆိုတော့ တစ်လုံးတည်း သုံးရင် အဓိပ္ပာယ်မပြည့်စုံသလိုလို တစ်ခုခုလိုနေသလို ထင်ပြီး နှစ်လုံးတွဲသုံးမှ အဓိပ္ပာယ်ပြည့်စုံတယ်လို့ ထင်တတ်ကြတဲ့အစွဲပဲကွဲ့”

“သြော်... ဟုတ်ကဲ့ပါ”

“ဆရာတို့ နေ့တိုင်းသုံးနေတဲ့ စကားလုံးတွေကို ကြည့်ရင် စေလွှတ်လို နှစ်လုံးတွဲတွေ အများကြီး တွေ့နိုင်ပါတယ်။ မြန်မာစကားထဲမှာ အသံတစ်သံပဲပါတဲ့ စကားလုံးတွေက အများစုပါ။ ကြိယာတွေကိုပဲ ကြည့်လေ။ ‘သွား၊ လာ၊ စားသောက်၊ ပြေး၊ ငို၊ နီ၊ ဖြူ၊

> **“ရှေးက စာတွေထဲမှာ မင်းသားကလေးက သူ့ချစ်သူမင်းသမီးကလေးကို အကြောင်းစုံလျှောက်ထားဖို့ ကျေးသားကလေးကို စေလွှတ်တယ်ဆိုတာမျိုး သုံးတာပဲ။ အခု အကျဉ်းသားတွေကိုလွှတ်တာက ထောင်ထဲထည့်ထားရာကနေပြီး သွားလိုရာသွားတော့လို့ လွှတ်လိုက်တာလေ။ တာဝန်တစ်ခုခုဆောင်ရွက်ဖို့ တစ်နေရာကို စေလွှတ်တာမှမဟုတ်တာ။ ဒီတော့ စေလွှတ်ဆိုတဲ့ အသုံးက မမှန်ဘူးဆိုတာ သေချာတာပေါ့ကွာ”**

ကျဉ်းကျယ်၊ ချစ်၊ မုန်း၊ ကြောက်၊ ပျင်း’ ဆိုတဲ့ စကားမျိုးတွေ အများကြီးပဲ မဟုတ်လား။ အဓိပ္ပာယ်လည်း ရှိတယ်”

“ဟုတ်ကဲ့ပါ”

“ဒါပေမယ့် အဲဒီစကားလုံးတွေထဲက အဓိပ္ပာယ်ချင်းတူတဲ့ စကားလုံးတွေ ဒါမှမဟုတ် အဓိပ္ပာယ်ချင်းဆက်စပ်တဲ့ စကားလုံးတွေကို နှစ်လုံးတွဲပြီး သုံးတဲ့ အလေ့က တော်တော်တွင်ကျယ်ခဲ့တာလေ”

“ဟုတ်ကဲ့ပါ”

“ဒါဆို မင်းသဘောပေါက်အောင် လေ့ကျင့်ခန်းလုပ်ကြည့်မယ်။ ဆရာက စကားလုံးတစ်လုံးပြောရင် မင်းက အဲဒီစကားလုံးနဲ့ တွဲသုံးလေ့ရှိတဲ့ စကားလုံးပါ တွဲပြီးပြောရမယ်။ အခုပြောတာ သဘောပေါက်ရဲ့လား”

“သဘောပေါက်ပါတယ် ဆရာ”

“ကဲ... ဒါဆိုရင် စမယ်၊ ‘ပြော’ ”

“ ‘ပြော’ နဲ့ တွဲသုံးတာဆိုရင် ‘ပြောဆို’ ပါ ဆရာ”

“ကြိယာတွေချည်းပြောမယ်နော်။ ‘ငို’ ”

“ငိုကြွေး”

“ကျဉ်း”

“ကျဉ်းမြောင်း”

“မေး”

“မေးမြန်း”

“ပျင်း”

“ပျင်းရိ”

“ကြောက်”

“ကြောက်လန့်”

“သတ်”

“သတ်ဖြတ်”

“ဟုတ်ပါပြီ။ ခုမင်းကိုယ်တွေ့ပဲလေ။ တစ်လုံးတည်းသုံးရင်လည်း ဒီအဓိပ္ပာယ်ပဲ။ အဲ... နှစ်လုံးတွဲသုံးတော့ ပိုပြီးခံ့ညားသလိုလို၊ ပိုပြီးလေးနက်သလိုလို ထင်တတ်ကြတာလေ။ ဒါကြောင့် ‘လွှတ်’ တစ်လုံးတည်းမသုံးဘဲ ‘စေလွှတ်’ လို့ သုံးကြတာပေါ့”

“မင်း ဆရာကြီးရွှေဥဒေါင်းရဲ့ စာတွေ ဖတ်ဖူးမှာပေါ့”

“ဖတ်ဖူးပါတယ် ဆရာ”

“ဆရာကြီးက ‘တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ’ ဆိုတဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှတ်တမ်းထဲမှာ မြန်မာစာပေအရေးအသားအကြောင်း ကဏ္ဍတစ်ခုထည့်ရေးထားတယ်ကွဲ့။ အဲဒီမှာ မှတ်သားစရာတွေ့ပါတယ်”

“ဟုတ်ကဲ့ပါ”

“ဆရာကြီးက မြန်မာစကားမှာ အတွဲလိုက်ကလေးသုံးတတ်တဲ့ ထုံးစံရှိတဲ့အကြောင်း ‘သွားရောက်၊ ဖမ်းဆီး၊ ပြောဆို၊ လုပ်ကိုင်၊ တုန်လှုပ်၊ ဖြည့်စွက်’ စတဲ့ စကားလုံးတွေကို သာဓကပြတယ်”

“ဟုတ်ကဲ့”

“ဆရာကြီးက အထူးသဖြင့် ကြိယာတွေမှာ အဲဒီလို တွဲသုံးတဲ့အလေ့ရှိကြောင်းပြောပြီး အဲဒီလို တွဲသုံးတဲ့အတွက် တချို့နေရာမှာ အဓိပ္ပာယ်လေးနက်ပေမယ့် တချို့နေရာကျတော့ မလေးနက်တဲ့အပြင် မမှန်မကန်အဓိပ္ပာယ်မျိုးတောင် ပေါ်လာတတ်တယ်-တဲ့”

“သြော်... ဟုတ်ကဲ့”

“ဆရာကြီးက ဘာကိုသာဓကပြသလဲဆိုတော့ ‘သွား’ ကို ‘သွားရောက်’ လို့ နှစ်လုံးတွဲသုံးတာကို ပြတယ်။ ‘သွားလိမ့်မယ်’ လို့သုံးရင် အဓိပ္ပာယ်ပြည့်စုံနေတာကို ‘သွားရောက်လိမ့်မည်’ လို့ သုံးလိုက်တဲ့အခါကျတော့ ‘ရောက်’ က အပိုဖြစ်နေတဲ့အကြောင်း၊ သွားတောင်မသွားသေးဘဲ ‘သွားရောက်’ လို့ သုံးရင် ‘ရောက်’ ဟာ အပိုဖြစ်နေကြောင်း၊ တကယ်လို့ မသွားဖြစ်ရင် ‘ရောက်’ ဟာ အပိုဖြစ်နေရုံမက မှားတောင်မှားနေကြောင်း ဆွေးနွေးထားတာက မှတ်သားစရာကောင်းပါတယ်”

“မှတ်ထားပါမယ် ဆရာ”

“အဲဒီလိုပဲ ‘ရောက်ရှိ’ တို့၊ ‘ကျေးဇူးတင်ရှိ’ တို့ ဆိုတဲ့ အသုံးတွေမှာလည်း ‘ရှိ’ က တွဲသုံးနေကျမို့ သုံးရတာမျိုးဖြစ်နေတယ်။ အဓိပ္ပာယ်အထူးမရှိဘူးလေ။ အမှုမဲ့၊ အမှတ်မဲ့ သုံးရင်းနဲ့ ‘စေလွှတ်’ လို့ မှားသုံးမိတာမျိုး ဖြစ်လာနိုင်တာပေါ့ကွယ်”

“အဲဒီနှစ်လုံးတွဲသုံးတဲ့အခါ ခုနပြောသလို အဓိပ္ပာယ်တူချင်းတွဲသုံးတာလည်း ရှိတယ်။ အဓိပ္ပာယ်ဆက်စပ်တာချင်း တွဲသုံးတာလည်း ရှိတာဟာ တွဲသုံးတဲ့ စကားလုံးတွေက အဓိပ္ပာယ်ထင်ထင်ရှားရှား မပေါ်တာလည်း ရှိတယ်။ ဆက်လေ့လာကြည့်ကြတာပေါ့”

“ဟုတ်ကဲ့ပါ”

# မကွေးခရိုင်အတွင်း ကျေးရွာ ၃၄ ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မှု ၆၅ ရာခိုင်နှုန်းပြီးစီး

**မကွေး မေ ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ်တွင် မကွေးခရိုင်အတွင်းရှိ ကျေးရွာ ၃၄ ရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ပိုင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"မကွေးခရိုင်အတွင်းမှာ မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ်စတဲ့ မြို့နယ် ခြောက်မြို့နယ် ရှိပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာတော့ သောက်သုံးရေအတွက် အခက်ခဲဆုံး ခရိုင်တစ်ခုလည်း ဖြစ်ပါတယ်။ နှစ်စဉ်လိုလို သောက်သုံးရေရှားပါးလို့ ရေပေးဝေခဲ့ရတာတွေလည်း ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနဲ့ ယခင်နှစ်ကရေပေးဝေခဲ့ရတဲ့ ကျေးရွာတွေနဲ့ အခြားရေရှားပါး ပြတ်လပ်နိုင်တဲ့ ကျေးရွာ ၃၄ ရွာကို ဦးစားပေးပြီး တွင်းနက်စက်ရေတွင်းသစ် ၂၉ တွင်း တူးဖော်ခြင်း၊ စက်ရေတွင်းပြုပြင်ခြင်းလုပ်ငန်းသုံးခု၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတစ်ခု၊ ဆည်ရေတင်ခြင်းလုပ်ငန်းတစ်ခုကို ငွေကျပ် ၈၅၄ သမ ၆၉၂ သန်းဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ရေရရှိရေးလုပ်ငန်း ၁၀ ခု ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီး ကျန်ရှိတဲ့ လုပ်ငန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးကျော်ဇောဟိန်းက ပြောသည်။



မြို့သစ်မြို့နယ် ထောက်ရှားတန်း(န) ကျေးရွာ စက်ရေတွင်းပြီးစီး၍ ရေထွက်နှုန်းတိုင်းတာနေစဉ်။

မိုးရာသီမတိုင်မီ ရေတွင်းရေကန်များ ခန်းခြောက်ပြီး သောက်သုံးရေရှားပါးမှုတွေ ကြုံတွေ့လာပါက ကျေးရွာတွေအနေနဲ့ ရေပြတ်လပ်မှုရှိပါက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးများကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မိုင်းဖြတ်-မိုင်းယောင်းကားလမ်း ရာသီမရွေးသွားလာနိုင်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)လမ်းဦးစီးက အဆင့်မြှင့်တင်

**ရန်ကုန် မေ ၂၄**

မိုင်းဖြတ်-မိုင်းယောင်းကားလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်တွင်တည်ရှိပြီး မိုင်းဖြတ်မြို့နှင့် မိုင်းယောင်းမြို့ကို ဆက်သွယ်သည့် ၇၂ ဒသမ ၈၂၃ ကီလိုမီတာ အရှည်ရှိသော လမ်းတစ်လမ်းဖြစ်သည်။ လမ်းအဆင့်အတန်းမှာ မြို့နယ်၊ ကျေးရွာများ ဆက်သွယ်သည့်လမ်းဖြစ်ပြီး စီမံခန့်ခွဲမှုအပိုင်းကို ပြည်နယ်အစိုးရကစီမံခန့်ခွဲသည်။

လမ်း၏နောက်ခံသမိုင်းမှာ ၁၉၉၁ ခုနှစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)လမ်းမကြီး ငါးလမ်းအား ရာသီမရွေးသွားလာနိုင်သည့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန် လမ်းညွှန်ထားရာ မိုင်းဖြတ်-မိုင်းယောင်းလမ်းလည်း ပါဝင်ခဲ့သည်။ ၂၃.၃.၂၀၀၀ ရက်တွင် မဟာဗျူဟာလမ်းဖောက်လုပ်ရေးကော်မတီက မိုင်းဖြတ်-မိုင်းယောင်းလမ်းအား Green Light Co.,Ltd. သို့ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ရေး တာဝန်ပေးအပ်ခဲ့သည်။



မိုင်းဖြတ်-မိုင်းယောင်းကားလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

သို့သော် ၁၀.၉.၂၀၁၄ ရက်တွင် Green Light Co., Ltd က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တာချီလိတ်ခရိုင်က တာဝန်ယူဆောင်ရွက်ခဲ့ရသည်။ ၁၇.၆.၂၀၁၁ ရက်နေ့တွင် တာချီလိတ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မိုင်းဖြတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုင်းဖြတ်ခရိုင်အား တာချီလိတ်ခရိုင်နှင့် ပူးပေါင်းပြီး တာချီလိတ်ခရိုင်မှ ဆက်လက် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုင်းဖြတ်-မိုင်းယောင်းလမ်းသည် အကျယ် ၃ ဒသမ ၆၆ မီတာ ကတ္တရာလမ်း ၆၅ ဒသမ ၈၆၃ မီတာရှိပြီး ကျောက်လမ်း ၆ ဒသမ ၉၆ မီတာကျန်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၆၆ မီတာ အကျယ်ကတ္တရာလမ်း ၆၉ ဒသမ ၂၇၃ ကီလိုမီတာရှိပြီး ၅ ဒသမ ၅ မီတာ အကျယ် ကတ္တရာလမ်း ၃ ဒသမ ၅၅ ကီလိုမီတာ ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ပြီးစီးပါက ၅ ဒသမ ၅ မီတာအကျယ် ကတ္တရာလမ်း ၈ ဒသမ ၂ ကီလိုမီတာနှင့် ၃ ဒသမ ၆၆ မီတာ အကျယ် ကတ္တရာလမ်း ၆၄ ဒသမ ၆၂၃ ကီလိုမီတာ တည်ရှိလာမည်ဖြစ်သည်။ ယခုသုံးနှစ်တာကာလအတွင်း ကတ္တရာလမ်း Paved Road မှာ ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၃ ဒသမ ၆၆ မီတာ အကျယ်၊ ၅ ဒသမ ၅ မီတာ အကျယ် ကတ္တရာလမ်း ၈ ဒသမ ၂ ကီလိုမီတာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ မိုင်းဖြတ်မြို့မှ မိုင်းယောင်းမြို့သို့ ယခင် ၃ နာရီကြာသွားခဲ့ရသော်လည်း ယခုအခါ ၂ နာရီသာကြာသဖြင့် ခရီးသွားကြာချိန်မှာ ၁ နာရီသက်သာသွားသည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူ ရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

- ❒ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊
- ❒ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊
- ❒ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်၊
- ❒ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
- ❒ သိုလှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
- ❒ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊
- ❒ မွေးမြူရေးကန်၏ ရေထွက် / ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊
- ❒ ထူးခြားသည့်အခြေအနေများ အချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
- ❒ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊
- ❒ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## သရက်မြို့နယ်တွင် လေပြင်းတိုက်ခတ်၍ ပျက်စီးမှုများအား ကွင်းဆင်းကူညီ

**သရက် မေ ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း မေ ၁၈ ရက်မှ ၂၂ ရက်တွင်း မိုးသက်လေပြင်းများကျရောက်ပြီး လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု တွေ့ကြုံခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

သရက်မြို့နယ်တွင် မေ ၁၈ ရက်တွင် ရွာပေါင်း ခြောက်ရွာ အိမ်ထောင်စု ၁၈ စု လူဦးရေ ၆၉ ဦး၊ မေ ၂၁ ရက်တွင် ကျေးရွာပေါင်း ၁၁ ရွာ အိမ်ထောင်စု ၇၅ စု လူဦးရေ ၂၄၉ ဦး မေ ၂၂ ရက်က ကျေးရွာပေါင်း ၁၁ ရွာနှင့် မြို့ပေါ်ရပ်ကွက် သုံးစု၊ အိမ်ထောင်စု ၅၁ စု လူဦးရေ ၁၆၆ ဦး ရှိခဲ့သည်။

သရက်မြို့နယ်အတွင်း မိုးသက်လေပြင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်မြေခံတပ်ရင်းမှ အရာရှိ အရာခံ အကြပ်တပ်သားများ၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရုံးအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက ကွင်းဆင်းကူညီပေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## ဆူနာမီဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာသောက်သုံးပါ။



၄။ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကိုသက်ဆိုင်ရာဌာနများသို့ တိုက်ရိုက်ဆက်သွယ်၍ ဖြစ်စေ၊ လူမှုအဖွဲ့အစည်းများမှ တစ်ဆင့်ဖြစ်စေ၊အကြောင်းကြား၍ အကူအညီရယူပါ။



၅။ ရေကြောင့်ဖြစ်ပွားသော နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင် ကျန်းမာရေးဌာန၏အသိပေးချက်များကို လိုက်နာပါ။



၆။ ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးသူနာပြုစုပါ ၊ ဒဏ်ရာပြင်းထန်ပါက ကျန်းမာရေးဝန်ထမ်းများ၏ အကူအညီရယူပါ။



၇။ ခိုလှုံရာနေရာမှ နေအိမ်သို့ပြန်လည်ရွှေ့ပြောင်းပါက နေအိမ်၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။



၈။ အဆိပ်ရှိသော တိရစ္ဆာန်များကို သတိပြုရှောင်ရှားပါ။



၉။ သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၁၀ ။ အပျက်အစီး၊ အကျိုးအပြတ်များ၊ ရေဝပ်သောနေရာများကို မဖြစ်မနေသွားရောက်ရန်လိုအပ်ပါက ဦးထုပ်၊ လည်ရှည်ဖိနပ်စသည့် အကာအကွယ်များ ဝတ်ဆင်ပြီး သွားပါ။



၁၁။ ဘေးအန္တရာယ်ကြောင့် စိတ်ထိခိုက်ခံစားနေရသော လူနာများအား စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုများလုပ်ဆောင်ရာတွင်တတ်စွမ်းသရွေ့ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။



# မြန်မာနိုင်ငံ ရွှေ ဗဟိုဈေးကွက်ကို ရန်ကုန်မြို့ Times City ခြောက်လွှာ၌ ဖော်ဆောင်သွားမည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံ၏ ရွှေ ဗဟိုဈေးကွက်ကို ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ Times City ခြောက်လွှာ၌ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ရွှေ ဗဟိုဈေးကွက် အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေ ဗဟိုဈေးကွက် ဖော်ဆောင်ရေးကော်မတီကို အသင်း၏ အမှုဆောင်၊ ဗဟို အမှုဆောင်များဖြင့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းက ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေ ဗဟိုဈေးကွက် ဖော်ဆောင်ရန် ၂၀၁၃ ခုနှစ်မှပင် စတင် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ပြီး ယခင်က ရွှေ ဗဟိုဈေးကွက်ကို မရမ်းကုန်းမြို့နယ်အတွင်းရှိ ခြောက်မိုင်နှင့် ခုနစ်မိုင် ဝန်းကျင်၌ ဖော်ဆောင်ရန် နိုင်ငံတော်က မြေနေရာ သတ်မှတ်ပေးခဲ့သော်လည်း ယခု ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ Times City ခြောက်လွှာ၌ ဖော်ဆောင်ရန် မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီက နေရာဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အခုလက်ရှိ သေချာတာကတော့ ကျွန်းတောလမ်းထောင့် Times City ခြောက်လွှာမှာ ရွှေ ဗဟိုဈေးကွက် ဖွင့်ဖို့ သေချာသွားပါပြီ၊ Square Feet တစ်သောင်းကျော်တယ်၊ နေရာက ဦးတို့ ကုမ္ပဏီ(မြန်မာ့ရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ) က ဝယ်လိုက်တာပေါ့၊ အဲဒီနေရာမှာ ဦးတို့ ဆက်ဖွင့်လှစ်ဖို့ အတွက် ဆက်လုပ်နေတယ်”ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်း အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောကြားသည်။

အဆိုပါ ရွှေ ဗဟိုဈေးကွက်ကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်နိုင်ရန် လုပ်ဆောင်လျက်ရှိပြီး လက်ရှိတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီမည့် အာရှနိုင်ငံများဖြစ်သော ဟောင်ကောင်နှင့် ရှန်ဟိုင်းတို့၏ ရွှေဥပဒေများကို ဘာသာပြန်ဆို လေ့လာမှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

“ပထမတော့ ဒီ ၂၀၁၉ အကုန်မှာ ဖွင့်နိုင်မယ်လို့ လုပ်ထားတာပဲ၊ အခုလောလောဆယ်တော့ ဟောင်ကောင်တို့၊ ရှန်ဟိုင်းတို့ ဈေးကွက်တွေရဲ့ ဥပဒေတွေကို ပြန်ပြီးတော့ ဘာသာပြန်တာတွေ လုပ်နေရတယ်၊ အဲဒီဟာကလည်း စာမျက်နှာပေါင်း ၃၀၀ ကျော်ကြီးမှာ ဦးတို့ မြန်မာ့ရေမြေနဲ့ ကိုက်ညီတဲ့ စာမျက်နှာ ၂၈၀ ကျော်ရှိတယ်၊ အခု ဘာသာပြန်တာတွေ လုပ်နေတုန်းပါ” ဟု ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်းက ရွှေ ဗဟိုဈေးကွက် ဖော်ဆောင်ရေးကော်မတီကို ဖွဲ့စည်းကာ ဆောင်ရွက်နေသကဲ့သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာနှင့် ရွှေဈေး ဖြစ်ထွန်းပေါ်ပေါက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျောက်မျက်ရတနာနှင့် ရွှေဈေး အကောင်အထည်ဖော်ရေး ကော်မတီကို သက်ဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများဖြင့် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အသစ်ပြန်လည်ဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ရွှေ ဗဟိုဈေးကွက် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန်မှာမူ အစိုးရအဖွဲ့၏ လုပ်ဆောင်မှု အပေါ်တွင်သာ မူတည်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထုံရွှေပန်းထိမ်ဆိုင်ရှင် ဦးကျော်ဝင်းက ပြောကြားသည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်းအနေဖြင့် ရွှေ ဗဟိုဈေးကွက်ကို Times City ခြောက်လွှာ၌ ဖော်ဆောင်သွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများအပြင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့လည်း တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# မြန်မာ-ယူကေ မော်တော်ဆိုင်ကယ်စီးပြီး ခရီးနှင်မည့် Motourlogue ခရီးစဉ်အတွက် MPRL E&P က Main Engergy Partner အဖြစ် ပံ့ပိုးသွားမည်

**ရန်ကုန် မေ ၂၄**

မြန်မာလူငယ်နှစ်ဦး၏ မြန်မာနိုင်ငံမှ United Kingdom သို့ မော်တော်ဆိုင်ကယ်စီးပြီး စွန့်စားသွားလာမည့် Motourlogue ခရီးစဉ်ကို မြန်မာအမျိုးသားများဦးဆောင်သည့် မြန်မာ စွမ်းအင်ကုမ္ပဏီ MPRL E&P Pte Ltd. က Main Engery Partner အဖြစ် ခရီးစဉ်တစ်ခုလုံးအတွက် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ယနေ့ ညနေပိုင်းတွင် တောင်ဥက္ကလာပ မြို့နယ်ရှိ Zayat Coworking Space တွင် ကျင်းပသည့် ခရီးစဉ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

Motourlogue Expedition 2019 ၏ Main Sponsor & Energy Partner ဖြစ်သည့် MPRL E&P ကုမ္ပဏီမှ Executive Director ဦးတင့်ဆွေ (Government & Public Affairs) က “ဒီမော်တော်ဆိုင်ကယ်နဲ့ ကမ္ဘာတစ်လွှား ခရီးကြမ်းနှင်ကြမယ့် မြန်မာလူငယ်နှစ်ဦးရဲ့ Motourlogue Expedition 2019 မှာ ကျွန်တော်တို့ MPRL E&P ဟာ အဓိကကူညီပံ့ပိုးသူနဲ့ စွမ်းအင်မိတ်ဖက်အဖြစ် အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ MPRL E&P အနေနဲ့ ဒီလိုနိုင်ငံပေါင်း ၃၀ နိုင်ငံကို နောက် လာမယ့် သုံးလကနေ ငါးလအတွင်း စွန့်စွန့်စားစား ဆိုင်ကယ်နဲ့ သွားရောက်ကြမယ့် ကိုအောင်ကျော်ဝင်းနဲ့ ကိုစိုင်းဇွန်ဖတို့ အတွက် အလွန်လိုအပ်တဲ့ စွမ်းအင်ရင်းမြစ်တွေကို ရှေ့တန်းက ဦးဆောင်ပြီး ရင်းနှီးမြှုပ်နှံခွင့် ရရှိနေခြင်းအတွက်လည်း များစွာ ဂုဏ်ယူမိပါတယ်”ဟု ပြောကြားသည်။

မြန်မာ-ယူကေ Motourlogue ခရီးစဉ်ကို BMW Rnine T အမျိုးအစား မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် မိုင်ပေါင်း ၃၀၀၀၀ ကျော် မောင်းနှင်ရမည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် နိုင်ငံပေါင်း ၃၀ ကျော် ဖြတ်သန်းသွားမည် ဖြစ်သည်။



ဆိုင်ကယ်စီး မြန်မာလူငယ်နှစ်ဦး၏ မြန်မာ-ယူကေ Motourlogue ခရီးစဉ်တစ်လျှောက်လုံးတွင် တွေ့ကြုံရသည့် အတွေ့အကြုံသစ်များကို Motourlogue နှင့် MPRL E&P ၏ လူမှုကွန်ရက်စာမျက်နှာများတွင် အချိန်နှင့် တစ်ပြေးညီ မျှဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်

**ပုဏ္ဏားကျွန်း မေ ၂၄**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာလမ်းများကို ကွန်ကရစ်လမ်းများ အဖြစ် အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း၏ နည်းပညာအကြံပေးအရာရှိ ဦးဝင်းမောင်က ပြောသည်။

မြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းကို အကောင်အထည်ဖော်ရာတွင် လူထုဆန္ဒ သဘောထားများအရ ကျေးရွာလမ်းများကို ကွန်ကရစ်လမ်းများ အဖြစ် အဆင့်မြှင့်တင်ပေးနေခြင်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုရှိမှသာ ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လာမည့် ဒုတိယ၊ တတိယ၊ စတုတ္ထနှစ် စက်ဝန်းများတွင်လည်း ကျေးလက်ဒေသများ၏ အခြေခံလိုအပ်ချက်များကို လူထု၏ သဘောဆန္ဒနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ ခန့်တွင် စီမံကိန်း လုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်း၏ စည်းရုံးရေးမှူးများနှင့် နည်းပညာမှူးများက ကျေးရွာလူထုနှင့် ပူးပေါင်းကာ ကွင်းဆင်းလုပ်ဆောင်လျက်ရှိကြောင်း၊ နယ်မြေ တည်ငြိမ်အေးချမ်းသည်နှင့်အမျှ မြို့နယ်အတွင်းရှိ ကျေးရွာတိုင်းနီးပါး၌ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ရေရရှိရေး စသည်တို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သဲတက်ကျေးရွာအုပ်စု စီမံကိန်းမှ လူထုစည်းရုံးရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**သူ(ပြန်/ဆက်)**

# ကျောင်းအပ်နှံရေး သီတင်းပတ်တွင် ကျောင်းကြိုကျောင်းပို့ယာဉ်များအား ဖြေလျှော့ပေးခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းစေရန် စီစဉ်ထား

**ရန်ကုန် မေ ၂၄**

မေ ၂၅ ရက်မှစ၍ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် နိုင်ငံအနှံ့ရှိ ကျောင်းသားမိဘများက သက်ဆိုင်ရာ အခြေခံပညာကျောင်းများသို့ မိမိတို့၏ ကလေးများကို ကျောင်းအပ်နှံကြတော့မည်ဖြစ်ရာ ရန်ကုန်မြို့၌ အဆိုပါ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်းနှင့် ကျောင်းဖွင့်စရက်များတွင် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ကျောင်းကြိုပို့ယာဉ်များကို စည်းကမ်းသတ်မှတ်ချက်များ သုံးလတာဖြေလျှော့၍ ပြေးဆွဲခွင့်ပြုထားကြောင်း သိရသည်။

မရမ်းကုန်း အထက(၂)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ဝသန့်မြတ်သင်းက “၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့(YRTA)က လမ်းညွှန်ချမှတ်ထားတဲ့ လုံခြုံစိတ်ချရမယ့် အချက် ၁၂ ချက်နဲ့ ညီညွတ်တဲ့ မီနီဘတ်စ်၊ မိုက်ခရိုဘတ်စ်တွေနဲ့သာ ကျောင်းဖွင့်စရက်ကစပြီး သုံးလအတွင်းမှာ ဖြေလျှော့ ပြေးဆွဲခွင့်ပြုထားပါတယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနဲ့အတူ ကျောင်းအကျိုးတော်ဆောင်များကိုလည်း အန္တရာယ်မဖြစ်အောင် ပူးပေါင်းစောင့်ကြပ် ကြည့်ရှုပေးဖို့လည်း မေတ္တာရပ်ခံထားပါတယ်”ဟု ပြောသည်။

ယင်းကျောင်း၏ ကျောင်းကားကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဝင်းကလည်း “ဒီကျောင်းအတွက် ကျောင်းကြိုပို့ လုပ်နေတာ ကား ၃၄ စီး ရှိပါတယ်၊ YRTA က ချမှတ်ထားတဲ့ လိုအပ်ချက်တွေကို ပြင်ဆင်ထားပြီးပေမယ့် ညာမောင်းကနေ ဘယ်မောင်းပြောင်းရမယ့် ကိစ္စကတော့ အခက်အခဲ ရှိနေပါတယ်၊ ဒါကိုပြောင်းဖို့ ကျွန်တော်တို့ကို သုံးလ အချိန်ပေးထားပါတယ်၊ သတ်မှတ်ချက်ကိုတော့ တိတိကျကျ လုပ်ကြမှာပါ၊ ပြင်ဆင်ချိန် မမီခဲ့ရင်တော့ ကသီလင်တဖြစ်မှာ စိုးရိမ်ရပါတယ်”ဟု ပြောသည်။

လက်ရှိ ကျောင်းကားအဖြစ် ပြေးဆွဲနေသော ကားများထဲမှ ညာမောင်းကားများကို ဘယ်မောင်းအဖြစ် ပြောင်းလဲရမည်ဆိုလျှင် ပိုင်ရှင်များအနေဖြင့် လက်ရှိကားကိုသာ ပြောင်းလဲပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ဘယ်မောင်းကားများ ဝယ်ယူမည်ဆိုလျှင် ဖြစ်နိုင်သော်လည်း တရုတ်နှင့် ကိုရီးယားကားများမှာ အင်ဂျင်နှင့် ဘော်ဒီမကောင်းခြင်း၊ ကောင်းပြန်လျှင်လည်း နယ်လိုင်စင်ဖြစ်နေခြင်း၊ လက်ရှိ ညာမောင်း ဂျပန်ကားကို ဘယ်မောင်း ကိုရီးယားနှင့် တရုတ်ကားများနှင့် လဲရန် ငွေမလိုက်နိုင်ခြင်းစသည့် အခက်အခဲများ ရှိနေကြောင်း၊ မရမ်းကုန်း အထက(၂)မှ ကျောင်းကားပြေးဆွဲနေသူများမှာ ယခု ကျောင်းမှ ကျောင်းသားမိဘများသာ အများစုဖြစ်ပြီး ကျောင်းအပေါ်လည်း သံယောဇဉ်ရှိကြောင်း ၎င်းကပြောသည်။

ယာဉ်ကြောပိတ်ဆို့မှုအဖြစ်များသော ရန်ကုန်မြို့တွင် ကျောင်းသားမိဘများ အနေဖြင့် ကျောင်းဖွင့်သည်နှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ မုန့်ဖိုး စသည့် ကုန်ကျစရိတ်များနှင့်အတူ ကျောင်းကားကိစ္စနှင့် ကုန်ကျစရိတ်ကိုလည်း စဉ်းစားပြင်ဆင်ကြရပြီး မရမ်းကုန်းမြို့နယ်တွင် အထက်တန်းကျောင်း ငါးကျောင်းရှိသည့် အနက် အထက(၂)ကျောင်းသည် ရန်ကုန်-အင်းစိန် လမ်းမပေါ်တွင်ရှိကာ နှစ်ချိန်ကျောင်းဖြစ်၍ မွန်းတည့် ကျောင်းတက်၊ ကျောင်းဆင်းချိန်တွင် ကျောင်းသားမိဘများအနေဖြင့် ယာဉ်အန္တရာယ်ကင်းစေရန် ပိုမိုသတိထားကြရကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တယ်လီနောနှင့် မိုဘိုင်းဗီဒီယိုအက်ပလီကေးရှင်း TikTok တို့ မြန်မာနိုင်ငံ၌ တရားဝင်မိတ်ဖက်အဖြစ် ပူးပေါင်း

**ရန်ကုန် မေ ၂၄**

မိုဘိုင်းဗီဒီယိုအတိုအထွာများ ဖန်တီးရိုက်ကူးနိုင်သည့် ကမ္ဘာ့ထိပ်တန်း အက်ပလီကေးရှင်းတစ်ခုဖြစ်သော TikTok နှင့် တယ်လီနောမြန်မာတို့ မေ ၂၄ ရက်မှစ၍ တရားဝင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီး ထိုပူးပေါင်းဆောင်ရွက်မှုအရ တယ်လီနောမြန်မာသည် မြန်မာနိုင်ငံ၌ TikTok ၏ ပထမဆုံး တရားဝင် မိတ်ဖက်ကုမ္ပဏီ ဖြစ်လာခဲ့သည့်အပြင် နိုင်ငံတစ်ဝန်းလုံးရှိ တယ်လီနော အသုံးပြုသူများအနေဖြင့် တယ်လီနော၏ စိတ်ကြိုက်ကြည့် ဒေတာအစီအစဉ်ကို ရယူရုံဖြင့် TikTok အက်ပလီကေးရှင်းကို ၁ မဂ္ဂါဘိုက်လျှင် တစ်ကျပ်နှုန်းထားဖြင့် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

TikTok သည် ယနေ့ ခေတ်စားလာသော မိုဘိုင်းဗီဒီယို အတိုအထွာများ ဖန်တီးရိုက်ကူးမှုနယ်ပယ်တွင် ကမ္ဘာ့ထိပ်တန်း အက်ပလီကေးရှင်းတစ်ခုဖြစ်ပြီး အသုံးပြုသူများသည် TikTok ကိုသုံး၍ ၎င်းတို့၏ ဖန်တီးနိုင်စွမ်းများ၊ အတတ်ပညာများနှင့် နေ့စဉ်ဘဝတွင် အရေးပါသည့်ဖြစ်ရပ်များကို ရိုက်ကူးပုံဖော်၍ အခြားသူများနှင့် မျှဝေနိုင်ကာ ၂၀၁၉ နှစ်ဆန်းအထိ TikTok ကို ဈေးကွက်ပေါင်း ၁၅၀ ကျော်၌ ဘာသာစကားပေါင်း ၇၅ မျိုးဖြင့် ရယူ အသုံးပြုနေကြပြီဖြစ်ကြောင်း၊ TikTok သည် ၂၀၁၈ ခုနှစ်အတွင်း ဒေါင်းလုပ်ရယူမှုအများဆုံး အက်ပလီကေးရှင်းများအနက် တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

“တယ်လီနောက မြန်မာနိုင်ငံမှာ TikTok ရဲ့ ပထမဆုံး တရားဝင် မိတ်ဖက်ကုမ္ပဏီတစ်ခု ဖြစ်လာတဲ့အတွက် အလွန် စိတ်လှုပ်ရှားမိပါတယ်၊ တယ်လီနောရဲ့ စိတ်ကြိုက်ကြည့် အစီအစဉ်ဟာ ကျွန်မတို့ တယ်လီနောနဲ့ ထိပ်တန်း ဗီဒီယိုအက်ပလီကေးရှင်းတွေဖြစ်ကြတဲ့ Viu၊ MyanFlix၊ WowPlay၊ PyonePlay နဲ့ YouTube တို့အကြား သဘောတူညီမှုကနေ ပေါ်ထွက်လာတဲ့ ရလဒ်တစ်ခုဖြစ်ပြီး ဒီလိုဆန်းသစ်တဲ့ အစီအစဉ်မှာ TikTok ပါ ပါဝင်လာတဲ့အတွက်လည်း ဝမ်းမြောက်ပါတယ်။ စိတ်ကြိုက်ကြည့် အစီအစဉ်ဟာ အသုံးပြုသူတွေအနေနဲ့ သူတို့ အကြိုက်နှစ်သက်ဆုံး ဖျော်ဖြေရေးဗီဒီယိုတွေကို အလွယ်တကူ ရယူကြည့်ရှုသွားနိုင်စေဖို့ ကူညီပေးနိုင်မယ့် ဒေတာအစီအစဉ်တစ်ခုဖြစ်ပါတယ်”ဟု တယ်လီနောမြန်မာ၏ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

TikTok ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးကလည်း “TikTok ဆိုတာ ဗီဒီယိုဖန်တီးသူ မျိုးဆက်သစ်တွေအတွက် သူတို့ရဲ့ဖန်တီးမှုတွေကို လွတ်လွတ်လပ်လပ် မျှဝေတာ၊ အသစ်ဖန်တီးတာနဲ့ ရှာဖွေဖော်ထုတ်တာတွေကို မိုဘိုင်းဖုန်းပေါ်မှာတင် လွယ်လွယ်ကူကူ ပြုလုပ်နိုင်ဖို့ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်၊ နိုင်ငံတစ်ဝန်းက TikTok အသုံးပြုသူတွေအတွက် TikTok က မြန်မာနိုင်ငံမှာ တယ်လီနောမြန်မာနဲ့ အခုလို ပထမဆုံး လက်တွဲနိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်”ဟု ပြောသည်။

TikTok သည် အသုံးပြုသူများ၏ အသိပညာ၊ အတတ်ပညာများ၊ အရေးပါသည့်ဖြစ်ရပ်များကို ဗီဒီယိုအဖြစ် ရိုက်ကူးပုံဖော်၍ အခြားသူများနှင့် မျှဝေနိုင်အောင် ဝန်ဆောင်မှုပေးထားသည့် အက်ပလီကေးရှင်းတစ်ခုဖြစ်ပြီး လူတိုင်းအား ၎င်းတို့၏ လက်ကိုင်ဖုန်းများမှတစ်ဆင့် တီထွင်ဖန်တီးသူများ ဖြစ်လာနိုင်စေရန်နှင့် မိမိတို့၏ ဖန်တီးပုံဖော်မှုများကို ဗီဒီယိုများမှတစ်ဆင့် အခြားသူများနှင့် မျှဝေနိုင်သည့် အသိုက်အဝန်းတစ်ခုကို တည်ထောင်ရန် ရည်ရွယ်ထားသည်။

TikTok ၏ ရုံးများကို ပေကျင်း၊ ဘာလင်၊ ဂျကာတာ၊ လန်ဒန်၊ လော့စ်အိန်ဂျလိစ်၊ မော်စကို၊ မွမ်ဘိုင်း၊ ဆာပိုလို၊ ဆိုးလ်၊ ရှန်ဟိုင်း၊ စင်ကာပူနှင့် တိုကျိုတို့တွင် ဖွင့်လှစ်ထားရှိပြီး TikTok ကို iOS နှင့် Android နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်သည်။ TikTok သည် ကမ္ဘာပေါ်တွင် ၂၀၁၈ ခုနှစ်အတွင်း ဒေါင်းလုပ်ရယူမှုအများဆုံး အက်ပလီကေးရှင်းများအနက် တစ်ခုအပါအဝင်ဖြစ်သလို မြန်မာနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ်အတွင်းမှစ၍ လက်ရှိအချိန်အထိ TikTok အသုံးပြုသူ အရေအတွက်မှာ နေ့စဉ် တိုးတက်လျက်ရှိသည်။

**သူရဖြိုး**

# မေတ္တာစိမ့်စမ်း တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ဘေးမဲ့ဥယျာဉ်၌ တိရစ္ဆာန်အစာ အခက်အခဲရှိနေ

**သတင်းဆောင်းပါး - မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ်ကြားရှိ ပန်းတိုင်းခြံကျေးရွာအနီးမှ မြေအကျယ် ၁၅ ဧကပေါ်၌ ၂၀၁၁ ခုနှစ်မှ စတင်တည်ထောင် ဖွင့်လှစ်ထားရှိခဲ့သော မေတ္တာစိမ့်စမ်း တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ဘေးမဲ့ဥယျာဉ်သို့ လာရောက် ဘေးမဲ့လွှတ်ပေးသည့် တိရစ္ဆာန်ကောင်ရေမှာ တစ်နေ့ထက်တစ်နေ့ များပြားလာခြင်းကြောင့် ကျွေးမွေးရသည့် မတူညီသည့် တိရစ္ဆာန် အစားအစာများအတွက် အခက်အခဲရှိလာနေကြောင်း မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်ကို တည်ထောင်သူ ဂေဟာမှူး ဒေါ်ဥမ္မာသန်း၏ ပြောကြားချက်အရ သိရသည်။

လက်ရှိအချိန်တွင် မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်၌ မြန်မာနိုင်ငံအရပ်ရပ်မှလာ၍ ဘေးမဲ့လွှတ်ထားသည့် တိရစ္ဆာန် ၁၃ မျိုး၊ ကောင်ရေ ၅၄၀ နီးပါးရှိနေကြောင်း သိရသည်။ နွားအရွယ်စုံ ၃၁၂ ကောင်၊ ကျွဲအရွယ်စုံ ၁၁ ကောင်၊ ခွေး ၅၇ ကောင်၊ ဆိတ် ၄၆ ကောင်၊ မျောက် ငါးကောင်၊ ယုန် အကောင် ၂၀၊ ဝက် ၂၈ ကောင်၊ ကြက် ၁၅ ကောင်၊ လိပ် နှစ်ကောင်၊ ကြောင် ၂၉ ကောင်၊ ကြောင်နံ့သာ တစ်ကောင်၊ ဘဲ ငါးကောင်၊ ငန်း ၁၀ ကောင်နှင့် ရွှေသမင်တစ်ကောင်တို့ကို နိုင်ငံအနှံ့မှလာ၍ဘေးမဲ့လွှတ်ထားကြောင်း သိရသည်။

အဆိုပါတိရစ္ဆာန်များကို ကျွေးမွေးရန်အတွက် မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ်သို့ ရန်ကုန်၊ မန္တလေးနှင့် မုံရွာမြို့တို့ရှိ အလှူရှင်များထံမှ လစဉ် အလှူငွေ ကျပ် ၂၈ သိန်း ရရှိနေသော်လည်း အစာဖိုးကုန်ကျစရိတ်မှာ တစ်လလျှင် ပျမ်းမျှ ကျပ်သိန်း ၇၀ ကျော် ရှိနေသဖြင့် တစ်လချင်း အလျဉ်မမီကြောင်း သိရသည်။ အစာလိုအပ်ချက်တွင် အဓိကအနေဖြင့် နွားစာလိုအပ်ချက်က အများဆုံးဖြစ်ပြီး တိရစ္ဆာန် အမျိုးအစား ၁၃ မျိုးအတွက် မတူညီသော အစာအာဟာရများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ် တည်ထောင်သူ ဒေါ်ဥမ္မာသန်းသည် ပခုက္ကူမြို့ အမှတ်(၁၂) ရပ်ကွက် ခံတောရပ်၌ ရွှေလဝန်းဆီစက်ကို တည်ထောင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး တိရစ္ဆာန်များကို စာနာသနားသဖြင့် ဘေးမဲ့ဥယျာဉ်တစ်ခုထူထောင်ကာ ကယ်တင်ချင်စိတ်ဖြစ်ပေါ်ခဲ့ရာမှ မိမိပိုင်ဆိုင်သော ဆီစက်နှင့် တိုက်တာအဆောက်အအုံတို့ကို ရောင်းချပြီး ထိုနေရာ၌ မြေ ၁၅ ဧကကို ကျပ်သိန်း ၇၀၀ ဖြင့် ဝယ်ယူ၍ ဘေးမဲ့ဥယျာဉ်ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် ဘေးမဲ့ဥယျာဉ်ကို တည်ထောင်ခဲ့သည်မှာ ရှစ်နှစ်ခန့် ရှိနေပြီဖြစ်သည်။

ဘေးမဲ့ဥယျာဉ်အတွင်း ဘေးမဲ့လွှတ်ထားသော တိရစ္ဆာန်မျိုးစုံအနေဖြင့် အေးချမ်းပြီး အစာလုံလောက်စွာ နေထိုင်နိုင်ရန်အတွက် မည်သူမဆို မတူညီသည့် တိရစ္ဆာန်အစားအစာများကို လှူဒါန်းနိုင်ကြောင်း၊ ပဲမှော်၊ နှမ်းမှော်၊ ပဲဖတ်၊ နှမ်းဖတ်၊ ပဲခွံ၊ ပဲရိုး၊ ဆန်၊ ပဲနှစ်၊ ကောက်ရိုး၊ ပြောင်းရိုး၊ ပြောင်းဖူးပင်၊ ထမင်း၊ သစ်သီးဝလံများ စသည့် အစာများကို လှူဒါန်းနိုင်ကြသလို ဘေးမဲ့ဥယျာဉ်တွင် တိရစ္ဆာန်အစားအစာများ သယ်ဆောင်ရန် အသုံးပြုနေသည့် ကားသုံးစီး၏ စက်ဆီဖိုးအတွက် အလှူငွေလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ဘေးမဲ့ဥယျာဉ်၌ တစ်ရက်လျှင် တိရစ္ဆာန် အစာဖိုးအတွက် ကျပ်နှစ်သိန်းခန့် ပုံမှန်ကုန်ကျကြောင်း သိရသည်။ ထို့အပြင် တိရစ္ဆာန်များကို စောင့်ရှောက်ရန် အမျိုးသားဝန်ထမ်း ခုနစ်ဦး၊ အမျိုးသမီးဝန်ထမ်း သုံးဦးနှင့် ယာဉ်မောင်း သုံးဦးလည်းရှိကြောင်း၊ ဘေးမဲ့ဥယျာဉ်တွင် တိရစ္ဆာန် အစားအစာသိုလှောင်ရုံ ရှိသော်လည်း များပြားလာသည့် တိရစ္ဆာန်များကြောင့် အစားအစာသိုလှောင်ရုံလည်း ထပ်မံလိုအပ်လျက်ရှိကြောင်း၊ ရွှေပါရမီတောရဆရာတော် ရှင်ဆန္ဒာဓိက လှူဒါန်းထားသည့်(၇၀×၁၅)ပေ အဆောက်အအုံထဲတွင် ကွန်ကရစ် နွားစာကျင်း ပေ ၇၀ နှစ်ခု ရှိသော်လည်း တိုးပွားများပြားလာသည့် နွားများအတွက် ပေ ၇၀ နွားစာကျင်းတစ်ခု ထပ်မံလိုအပ်နေကြောင်း၊ ဝန်ထမ်းများအိပ်သည့် အဆောင်မှာလည်း ထန်းရွက်မိုးနှင့် အကာမရှိဘဲ ပျက်စီးနေခြင်းကြောင့် ဆောက်လုပ်လှူဒါန်းလိုသည့် အလှူရှင်ရှိပါက လှူဒါန်းနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်၌ ဘေးမဲ့လွှတ်ထားသော တိရစ္ဆာန်မျိုးစုံကို အစာဝလင်အောင် ကျွေးမွေးစောင့်ရှောက်ထားသည့်အပြင် တိရစ္ဆာန်များကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဆရာဝန် ဒေါက်တာမြင့်စိုး(ရေစကြိုမြို့)နှင့် မုံရွာမြို့ မေခလာ တိရစ္ဆာန်ကုသရေးဆေးခန်းမှ ဒေါက်တာဖြူမြတ်ဆွေတို့က တာဝန်ယူ၍ ပြုစုကုသမှုများလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ။



ဘေးမဲ့ဥယျာဉ်အတွင်း စောင့်ရှောက်ထားသောနွားများနှင့် အစာကျွေးနေသည့် ဝန်ထမ်းတစ်ဦး



ဘေးမဲ့ဥယျာဉ်သို့ လာရောက်လွှတ်ထားသော ခွေးလေးများကို စောင့်ရှောက်နေစဉ်။

# ပေါ်ဦးပေါ်ဖျား နှမ်းနက်များ မန္တလေး၌ အဖွင့်ဈေးကောင်းဖြင့် အရောင်းသွက်နေ

**မန္တလေး မေ ၂၄**

မကွေးတိုင်းဒေသကြီးအတွင်းရှိ စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်တို့မှ ယခုနှစ် စတင်ထွက်ရှိလာသည့် နှမ်းနက်များ မန္တလေးဈေးကွက်တွင် အဖွင့်ဈေးကောင်းဖြင့် အရောင်းသွက်လျက်ရှိကြောင်း မန္တလေး နှမ်းကုန်သည်များထံမှ သိရသည်။

အဆိုပါ နှမ်းနက်များကို ယခုနှစ် နွေရာသီကာလအတွင်း ရေသွင်းစိုက်ပျိုးထားခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်ယခုလို ပေါ်ခါစအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ငွေကျပ် ၂၇၅၀၀၀ နှုန်းအထိ အဖွင့်ဈေး မြင့်တက်နေသည့်အပြင် အရောင်းလည်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို နှမ်းနက်တွေသာမက နှမ်းဖြူတွေပါ စဝင်လာပြီး အဖွင့်ဈေး ကောင်းနေကြတယ်၊ တရုတ်နိုင်ငံရဲ့လိုအပ်ချက်ကြောင့် အသစ်ပေါ်ချိန်မှာ ရသလောက် သိမ်းကျုံးဝယ်နေတဲ့အတွက် ဈေးကလည်း မြင့်တက်နေတာပါ၊ မနှစ်ကလည်း အခုလို နှမ်းရာသီအချိန်မှာ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရတဲ့အတွက် လက်ကျန်မချန်ထားပဲ ရောင်းချတော့ အခုပြန်လည်စိုက်ပျိုးချိန်မှာ မျိုးစေ့ရှားပါးတဲ့ အခက်အခဲတွေ ကြုံတွေ့ရတာကိုတော့ သတိပြုစေချင်တယ်"ဟု ၎င်းက ပြောသည်။

ယမန်နှစ် မိုးနှမ်းစိုက်ရာသီက သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်နှစ်သိန်းဝန်းကျင်သာ ရှိခဲ့သော နှမ်းနက်မျိုးစေ့ဈေးနှုန်းမှာ လက်ရှိအချိန်တွင် မျိုးစေ့လက်ကျန်ရှားပါးသည့်အတွက် ငွေကျပ်သုံးသိန်းနှုန်းအထိ အမြင့်ဆုံးဈေးသို့ ရောက်ရှိနေရာ တောင်သူများအနေဖြင့် စိုက်ပျိုးရန် ထိုဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူနေကြရကြောင်း သိရသည်။ နှမ်းနက်သည် သီးထပ်အဖြစ် ရာသီမရွေး စိုက်ပျိုးနိုင်သလို ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံ ဖြစ်သည့်အပြင် ရောင်းချရာတွင်လည်း ဈေးကွက်ကောင်းမွန်ပြီး အခက်အခဲမရှိသော မြန်မာ့ထွက်ကုန်တစ်ခုဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# မြင်းမူမြို့နယ် ရွှေစောလူးအင်းမကြီး ပြန်လည်တူးဖော်ပြီးစီး

**မြင်းမူ မေ ၂၄**

မြင်းမူမြို့ ရွှေစောလူးအင်းမကြီး ရေသောက်ရေိယာအတွင်းရှိ စပါးစိုက်တောင်သူများ ရေလုံလောက်စွာ ရရှိရေးအတွက် အင်းမကြီးရေလှောင်ကန်ကို ပြန်လည်တူးဖော်ခဲ့ရာ လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ တူးဖော်ပေးခဲ့သော ဆည်မြောင်းဦးစီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း ဒေသခံတောင်သူအချို့က ပြောကြားသည်။

ဒေသခံတောင်သူတစ်ဦးက "ပြီးခဲ့တဲ့နှစ်က ကျွန်မတို့ မြစ်ရေမတင်ရဘူး၊ စိုက်တဲ့ဧကနည်းပြီး ရာသီဥတုကလည်း ကောင်းမွန်တယ်၊ အင်းမထဲက ရေကျန်ကိုလည်း မျှယူသုံးစွဲရတယ်၊ ဒါကြောင့် မြစ်ရေ မတင်ရတာပါ၊ ဒီနှစ်တော့ သီးနှံ အဖုံးအလုံးထွက်ချိန်မှာ ရေပြတ်လပ်သွားလို့ မြစ်ရေတင် စိုက်ပျိုးခဲ့ရပါတယ်၊ သုံးဧကစိုက်ကွင်းမှာ သာမန်စိုက်ပျိုးရေအတွက် စက်ခနဲ့ ဒီဇယ်ဆီဖိုးတွေ ကုန်ကျခဲ့ပါတယ်၊ ဒီကုန်ကျစရိတ်က ရွှေစောလူးအင်းမကြီး ရေလှောင်အားနည်းတဲ့အတွက် ကုန်ကျရတာဖြစ်ပါတယ်၊ အခု ရွှေစောလူးအင်းမကြီး ရေလှောင်ကန် ပြန်လည်တူးဖော်ပြီးတဲ့အတွက် ရေလုံလောက်အောင် ရရှိတော့မှာမို့ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ရွှေစောလူးအင်းမကြီး ရေသောက်ရေိယာအတွင်းမှ တောင်သူများအနေဖြင့် နှစ်တိုင်း စပါးသီးနှံတစ်မျိုးတည်းကိုသာ အဓိကထား စိုက်ပျိုးခဲ့ကြသော်လည်း ယခုနှစ်တွင် အင်းမကြီးထဲ ရေရှိပြီဆိုပါက စပါးရိတ်သိမ်းပြီးသည်နှင့် နှမ်းထပ်စိုက်ရန်လည်း တောင်သူအချို့အနေဖြင့် စဉ်းစားထားကြကြောင်း သိရသည်။ **(၀၇၇)**

# မိတ္ထီလာမြို့နယ် မုန်တိုင်ချောင်းကူး နတ်စင်တံတား ပြုပြင်တည်ဆောက်မှုများ ပြီးစီး

**မိတ္ထီလာ မေ ၂၄**

မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာအုပ်စုနှင့် ဂဠုန်ကုန်းကျေးရွာအုပ်စုကြား ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မုန်တိုင်ချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသော နတ်စင်တံတားကို အလှူရှင်က ငွေကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံ၍ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် တံတားတည်ဆောက်မှုများ ပြီးစီးသွားပြီဖြစ်၍ ဒေသခံများ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နတ်စင်တံတားသည် ကျေးရွာရှစ်ရွာမှ ဒေသခံပြည်သူများ နေ့စဉ် ဖြတ်သန်းသွားလာနေရသည့် ဒေသအတွင်း အရေးပါသော တံတားတစ်စင်းဖြစ်ပြီး အရှည် ပေ ၈၀၊ အကျယ် ၁၅ ပေရှိ သစ်သားတံတားဖြစ်သည်။ တံတားမှာ နှစ်ကာလ ကြာမြင့်လာသဖြင့် ကြမ်းခင်းသစ်သားများ ကျိုးပဲ့ပျက်စီးခြင်း၊ တံတား၏ ဘေးဘယ်ညာ အကာအရံများ မရှိတော့ခြင်းတို့ကြောင့် အများပြည်သူ သွားလာရာတွင် အန္တရာယ်ရှိလာနိုင်သဖြင့် ဧပြီ ၂၁ ရက်မှစတင်၍ ပြန်လည်ပြုပြင်ခဲ့ပြီး တံတားကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရန် မူလထောက်တိုင်များနှင့်အတူ အမြင့် ၁၄ ပေရှိ နှစ်ပေပတ်လည် ထောက်တိုင်လေးတိုင် ထပ်မံထည့်သွင်းခဲ့သလို တံတားကြမ်းခင်းများ၊ အကာအရံများတွင်လည်း ယခင်အသုံးပြုထားသည့် သစ်သားများအစား ရေရှည်အသုံးပြုနိုင်ရန် သံထည်(Steel Structure)များဖြင့် ပြုပြင်တည်ဆောက်ခဲ့သည်။ ထို့အပြင် ဒေသခံများ ၂၄ နာရီ သွားလာရေး အဆင်ပြေစေရန်နှင့် တံတားပေါ်တွင် အလင်းရောင်ရရှိစေရန်အတွက် ၁၃ ပေအမြင့်ရှိ ဆိုလာမီးတိုင် လေးတိုင်ကို စိုက်ထူပေးသွားမည်ဖြစ်ကြောင်းလည်း တံတားအလှူရှင် ဗိုလ်ကြီးသောင်းမြင့်(ငြိမ်း)က ပြောကြားသည်။

ယခုအခါ တံတားပြုပြင်တည်ဆောက်မှုများ ပြီးစီးပြီဖြစ်၍ ကျောက်ဖြူကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဖြူကုန်း၊ အုတ်နဲ့ဘုတ်နှင့် အင်းပက်လက်ကျေးရွာများနှင့် ဂဠုန်ကုန်း ကျေးရွာအုပ်စုအတွင်းရှိ ရှင်မြို့ လက်ပံခါးကော့ရွာမ၊ ဂဠုန်ကုန်း၊ အုတ်မြေကန် ကျေးရွာများမှ ဒေသခံများအနေဖြင့် နေ့စဉ်အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ပြုပြင်တည်ဆောက်မှုများ ပြီးစီး၍ သွားလာရေးချောမွေ့နေပြီဖြစ်သော နတ်စင်တံတား

# ကျောင်းကုန်းမြို့နယ်မှ စနစ်တကျလယ်မြေ ဧက ၁၅၀ ကို တောင်သူများထံ လွှဲပြောင်းပေးအပ်

**ကျောင်းကုန်း မေ ၂၄**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူ၍ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော စနစ်တကျလယ်မြေ ဧက ၁၅၀ ကို တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

လယ်မြေများ လွှဲပြောင်းပေးအပ်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မွန်က ပြည်ထောင်စုရန်ပုံငွေဖြင့် စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ပေးခဲ့ပုံကို ရှင်းလင်းပြောကြားပြီး မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ရေသွင်းမြောင်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး စနစ်တကျလယ်ယာမြေ ဖော်ထုတ်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ လယ်ယာမြေများ၏ပိုင်ရှင် တောင်သူ ၂၃ ဦးကိုယ်စား တောင်သူတစ်ဦးထံ လယ်ယာမြေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။ **ဝင်းကြိူင်(ပြန်/ဆက်)**

# ကိုရီးယားနိုင်ငံ ခရီးသွားလုပ်ငန်းမှတစ်ဆင့်

နှင်းလဲ့ (ဟိုတယ်/ခရီး)



### စိတ်ကူးအိပ်မက်

ငယ်စဉ်က ည ၇ နာရီတွင် ပြသလေ့ရှိသော ကိုရီးယားဇာတ်လမ်းတွဲများ ကြည့်ရှုခဲ့ရသည်ကို သဘောကျနှစ်ခြိုက်ခဲ့ပြီး ကိုရီးယားဇာတ်လမ်းတွဲများကြောင့်ပင် ကိုရီးယားမင်းသား၊ မင်းသမီး၊ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အစားအစာ၊ လူနေမှုဓလေ့စရိုက်များကို သိရှိခဲ့ရသည်။ အနှစ်ခြိုက်ဆုံးဇာတ်လမ်းတွဲမှာ အွန်စောနှင့် ဂျွန်စောတို့ ပါဝင်သရုပ်ဆောင်ထားသည့် "ဆောင်းဦးရွက်ကြွေချစ်သက်သေ" ဇာတ်လမ်းတွဲဖြစ်သည်။ အဆိုပါဇာတ်လမ်းတွဲအပေါ် စွဲမက်မှုကြောင့်ပင် ကိုရီးယားနိုင်ငံသို့ တစ်နေ့တစ်ချိန် ရောက်အောင်သွားဦးမည်ဟု စိတ်ပိုင်းဖြတ်ခဲ့မိသော်လည်း နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ချိန်တွင် စိတ်ကူးအိပ်မက်တစ်ခုလို မှုန်ရီဝိုးတဝါးဖြစ်နေခဲ့သည်။

### ကံကြမ္မာ

သို့ရာတွင် ကိုရီးယားသမ္မတနိုင်ငံ၊ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆိုးလ်မြို့နှင့် ဘူဆန်မြို့တွင် ဖွင့်လှစ်ပို့ချမည့် "ခရီးသွားလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းတွင် တာဝန်ယူဆောင်ရွက်နေသော အရာရှိအဆင့်သင်တန်း" သို့ မြန်မာနိုင်ငံ၏ သင်တန်းသားကိုယ်စားလှယ်တစ်ဦးအနေဖြင့် မမျှော်လင့်စွာ ပါဝင်တက်ရောက်ခွင့်ရခဲ့၍ အိပ်မက်များ အသက်ဝင်လာခဲ့သည်။ အဆိုပါသင်တန်းမှာ ကိုရီးယားနိုင်ငံအစိုးရမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာရှိသော နိုင်ငံများတွင် ခရီးသွားလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်မှုအပိုင်း၌ တာဝန်ယူဆောင်ရွက်နေသော အရာရှိများကို ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ အသိပညာအရည်အသွေး မြှင့်တင်ပေးရန်အတွက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကာ မြန်မာ၊ မွန်ဂိုလီးယား၊ သီရိလင်္ကာနှင့် ပီရူးနိုင်ငံများမှ သင်တန်းသားစုစုပေါင်း ခုနစ်ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

### ကိုရီးယားမြေသို့

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားလေကြောင်းလိုင်းဖြင့် ၅ နာရီခွဲကြာ လေယာဉ်စီးပြီးနောက် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ် အင်ချွန်းသို့ ရောက်ရှိခဲ့သည်။ လေယာဉ်ပေါ်မှ ဆင်းလျှင်ဆင်းချင်း ကိုရီးယားလေယာဉ်မယ်နှင့် လေယာဉ်မောင်တို့၏ "အန်ညောဟာစယော" (မင်္ဂလာပါ) ဟု နှုတ်ဆက်သံက နားဝင်ပီယံ ချိုသာစွာရှိလှသည်။ လေဆိပ်ထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ခေတ်မီခမ်းနားကြီးကျယ်သော အဆောက်အအုံ အသွင်အပြင်၊ အခွန်လွတ်ဆိုင်များ၊ ခရီးသွားများအတွက် ဖျော်ဖြေတင်ဆက်ပေးနေသော တီးဝိုင်းများ၊ နိုင်ငံအရပ်ရပ်မှ လာရောက်ကြသူများ၊ ဝန်ထမ်းများဖြင့် လေဆိပ်ကြီးသည် ရှင်သန်လှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ရသည်။

မြန်မာအဖွဲ့ကို ကိုရီးယားနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ၎င်း၏အတွင်းရေးမှူးတို့က လာရောက်ကြိုဆိုကာ တည်းခိုမည့်နေရာသို့ ပို့ဆောင်ပေးသည်။ ညနေပိုင်းတွင် တည်းခိုရာဟိုတယ်၌ လေးနိုင်ငံမှ သင်တန်းသားများကို ကြိုဆိုမိတ်ဆက်သည့် အခမ်းအနားပြုလုပ်ကာ ကိုရီးယားနိုင်ငံ၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းသားများကလည်း နိုင်ငံအလိုက်အချင်းချင်း လိုက်လံမိတ်ဆက်ကြသည်။

### ကျောင်းသူဘဝ

နောက်ရက်များမှစ၍ စီစဉ်ပေးထားသော မော်တော်ယာဉ်ဖြင့် ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်များအနက် ခရီးသွားလုပ်ငန်းပညာရပ်တွင် နာမည်ကျော်ကြားသော ထိပ်တန်းတက္ကသိုလ်ဖြစ်သည့် Sejong University သို့ ရောက်ရှိသည်။ အဆိုပါတက္ကသိုလ်တွင် ကိုရီးယားနိုင်ငံသားများအပြင် နိုင်ငံတကာမှ ကျောင်းသားများလည်း တက်ရောက်လျက်ရှိသည်ကို တွေ့ရှိရသည်။ တက်ကြွလှုပ်ရှားစွာ သွားလာနေကြသော ကျောင်းသားများ၊ စာဆွေးနွေးနေကြသော ကျောင်းသူများကို တွေ့ရသည့်အခါ တစ်ချိန်က လွတ်လပ်ပေါ့ပါးစွာ အပူအပင်ကင်းကင်းဖြင့် တက်ရောက်ခဲ့သော တက္ကသိုလ်ကျောင်းသူဘဝကို ပြန်လည်သတိရမိသည်။ သင်တန်းသို့ တက္ကသိုလ်ပါမောက္ခများ၊ အခြားသောတက္ကသိုလ်များမှ ပါမောက္ခများ၊ သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနယ်ပယ်၊ အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များ၊ လုပ်ငန်းရှင်များအပြင် GSTC (Global Sustainable Tourism Council) နှင့် Millennium Destinations စသည့် အဖွဲ့အစည်းများမှ ပညာရှင်များ လာရောက်ပို့ချသည့်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများ နှီးနှောဖလှယ်ခွင့်ရရှိခဲ့သည်။ ထို့ပြင် သင်ခန်းစာအစီအစဉ်များပြီးတိုင်း စိတ်ဝင်စားစရာနေရာများသို့လည်း လက်တွေ့သွားရောက်လေ့လာခွင့်ရကြသည်။

### လေ့လာရေးခရီး

လေ့လာရေးခရီးစဉ်တိုင်းတွင် တက္ကသိုလ်မှ ပါမောက္ခတစ်ဦး၊ ဆက်ဆံရေးအရာရှိများ (Liaison Officer)၊ စကားပြန်များ၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်များပါရှိသဖြင့် သိရှိလိုသည်များအား မေးမြန်းခွင့်ရကြသည်။ ပထမဦးစွာ တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်မြို့ရှိ ထင်ရှားသော ခရီးသွားဧည့်သည်များ သွားရောက်မှုများသည့် နေရာများသို့ သွားရောက်ကြရသည်။ ဆိုးလ်မြို့သည် ကမ္ဘာပေါ်ရှိ စီးပွားရေးအဖွံ့ဖြိုးဆုံးမြို့တော်များထဲတွင် အဆင့် (၄) အဖြစ် သတ်မှတ်ထားသောမြို့ဖြစ်သည့်အပြင် ရှေးဟောင်းယဉ်ကျေးမှုနှင့် ခေတ်မီနည်းပညာများ ဆုံစည်းရာမြို့တစ်မြို့ဖြစ်သည်။ ပြည်နယ် ၂၅ ခုဖြင့် ဖွဲ့စည်းထားပြီး နည်းပညာ၊ စက်မှုလုပ်ငန်း၊ ရုပ်ရှင်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသော မြို့တော်တစ်ခုအဖြစ် ထင်ရှားသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်အလည်ပတ်ဆုံး မြို့တော်တစ်ခုလည်း ဖြစ်သည်။ ကိုရီးယားတွင် ယူနက်စကိုမှ အသိအမှတ်ပြုထားသောနေရာ ၁၃ ခုရှိပြီး ဆိုးလ်မြို့တွင် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ သွားရောက်အလည်ပတ်ဆုံးနေရာများမှာ Gyeongbokgung နန်းတော်၊ Bukchon Hanok Village၊ နမ့်ဆန်ဆိုးလ်မျှော်စင်၊ မြောင်ဒုံဈေးနှင့် နမ်ဒဲမွန်ဈေး စသည်တို့ဖြစ်သည်။

### Gyeongbokgung နန်းတော်

ဆိုးလ်မြို့ရှိ Gyeongbokgung နန်းတော်သို့ သွားရောက်လေ့လာခဲ့ရာတွင် လိုက်ပါလာသော စကားပြန်မှ အဆိုပါနန်းတော်မှာ ဂျိုဆွန်းခေတ်တွင် ပထမဆုံးတည်ဆောက်ခဲ့သော အကြီးဆုံးနန်းတော်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဂျပန်တို့၏ ကျူးကျော်သိမ်းပိုက်မှုကြောင့် နန်းတော်၏ အချို့အစိတ်အပိုင်းများ ပျက်စီးသွားခဲ့သဖြင့် ကိုရီးယားနိုင်ငံအစိုးရက နောင်မျိုးဆက်သစ်များ ကြည့်ရှုခံစားလေ့လာနိုင်ရန် ပြန်လည်ပြုပြင်ခြင်းနှင့် ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ ကိုရီးယားအစိုးရက နန်းတော်ကြီးသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရန်အတွက် အနီးနားရှိ ကိုရီးယားရိုးရာဝတ်စုံများ (Hanbok) ငှားရမ်းရောင်းချသောဆိုင်များသို့ ခရီးသွားများကိုယ်တိုင် သွားရောက်ငှားရမ်းဝတ်ဆင်ကာ နန်းတော်ကြီးအတွင်း လှည့်လည်သွားရောက်ခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းနှင့် ကိုရီးယားရှေးစစ်သည်များပုံစံ သရုပ်ပြစစ်ချီတက်ခြင်းတို့ကို ကြည့်ရှုခံစားနိုင်ရန် စီစဉ်ထားကြောင်း၊ ဤသို့ပြုလုပ်ထားသဖြင့် နန်းတော်ကြီးသည် တိတ်ဆိတ်ငြိမ်သက်မနေဘဲ နေ့စဉ်ခရီးသွားများဖြင့် စည်ကားနေသော နေရာတစ်ခုဖြစ်ကြောင်း ရှင်းပြပါသည်။ စကားပြန်က ရှင်းပြနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုဒေသများဖြစ်သည့် မန္တလေး၊ ပုဂံ၊ ပဲခူး၊ အင်းဝ၊ အမရပူရ၊ မြောက်ဦး စသည့် အမွေအနှစ်နေရာများတွင် ခရီးသွားဧည့်သည်များအတွက် အခြားသော ပိုမိုစိတ်ဝင်စားစေမည့်၊ ခရီးသွားများအတွက် အမြဲအမှတ်တရဖြစ်စေနိုင်သော အစီအစဉ်များ (ဥပမာ- နန်းတွင်းဝတ်စုံများ ငှားရမ်းဝတ်ဆင်ကာ အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ နန်းတွင်းသူ နန်းတွင်းသားတို့၏ လူနေမှုပုံစံ သရုပ်ပြမှုများ၊ အက၊ အလှ၊ တေးသီချင်းများဖျော်ဖြေခြင်း) ဖြင့် နိုင်ငံ၏ ခရီးသွားပုံရိပ်ကိုသော်လည်းကောင်း၊ ဒေသခံများအတွက် ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိစေနိုင်သည့် အစီအစဉ်များကိုသော်လည်းကောင်း ဖန်တီးဖော်ဆောင်နိုင်လျှင် ကောင်းမည်ဟု အတွေးဝင်မိသည်။

**"မြန်မာနိုင်ငံတွင် ယခုအခါ နိုင်ငံတွင်းသို့ Package Tour ခရီးသည်များ လာရောက်မှုများနေသော်လည်း နောင်တွင် FIT ခရီးသည်များ ပိုမိုဝင်ရောက်လာပါက ၎င်းတို့အတွက် ဦးတည်ကာ ဈေးကွက်ကြော်ငြာခြင်း၊ သတင်းအချက်အလက်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ ခရီးသွားဝန်ဆောင်မှုများ ပြည့်စုံစွာပေးနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်"**

### ကိုရီးယား၏နည်းပညာခရီးသွားလုပ်ငန်း (Smart Tourism)

ကိုရီးယားနိုင်ငံသည် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ခရီးသွားလုပ်ငန်းတွင် ခရီးသွားများအား သတင်းအချက်အလက်ပေးရာတွင် လွယ်ကူမြန်ဆန်ချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ အချိန်ကုန်၊ လူသက်သာစေရန်၊ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နည်းပညာကိုအသုံးပြု၍ ဆိုးလ်မြို့ရှိ ခရီးစဉ်ဒေသများတွင် Smart Tourism ကို ဖော်ဆောင်လျက်ရှိသည်။ Smart Tourism ဖော်ဆောင်ရာတွင် ခရီးသွားဧည့်သည်များအတွက် "Visit Korea" Mobile Application နှင့် Website များ လွှင့်တင်ထားခြင်း၊ ဆိုးလ်၊ ဂျောင်း ဂျူးနှင့် အခြားသောခရီးသွားများသည့် နေရာများ အကြောင်း ရှင်းလင်းပြောပြသည့် "Smart Tour Guide" နှင့် "Mobile Audio Guide" စနစ်ထားရှိခြင်း၊ ခရီးသွားများသည့် နေရာများတွင် ခရီးသွားများကို သဘာဝအတိုင်းခံစားနိုင်မည့် Augmented Reality (AR) နှင့် Virtual Reality (VR) ပစ္စည်းများ အသုံးပြုခြင်း၊ IoT (Internet of Things) များ အသုံးပြုခြင်းအပြင် City Bus Tour ပြေးဆွဲဆောင်ရွက်ရာတွင် ရောက်သည့်နေရာတိုင်း၏ သမိုင်းကြောင်းကို ကိုရီးယား၊ တရုတ်၊ အင်္ဂလိပ် ဘာသာစကား သုံးမျိုးဖြင့် ရှင်းလင်းပြောပြသည့် Smart Tour Guide စနစ်ဖြင့် ခရီးသွားဧည့်သည်များကို လွယ်ကူချောမွေ့စွာ ဝန်ဆောင်မှုပေးလျက်ရှိသည်ကို တွေ့ရသည်။

### တစ်ဦးချင်းလွတ်လပ်စွာသွားလာသော ခရီးသွားပုံစံ (FIT Tour)

၂၀၁၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည် ၁၅ သန်းကျော် ရောက်ရှိခဲ့ပါသည်။ ကိုရီးယားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို လေ့လာပါက အများဆုံးလာရောက်သော နိုင်ငံများမှာ အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပြီး အများဆုံးလာရောက်သော ခရီးသွားပုံစံမှာ တစ်ဦးချင်းလွတ်လပ်စွာသွားလာသော ခရီးသည် (FIT) များ ဖြစ်ကြသည်။ ဆိုးလ်မြို့ရှိ ခရီးသွားများသောနေရာများတွင် အဆိုပါ FIT ခရီးသည်များကို တွေ့မြင်နိုင်သည်။

ထို့ကြောင့် ကိုရီးယားအစိုးရက အဆိုပါ တစ်ဦးချင်းခရီးသွားများအတွက် ဈေးကွက်မြှင့်တင်ကြော်ငြာမှုအဖြစ် ပျော်ရွှင်ဖွယ်ခရီးစဉ်များရှာဖွေသူ၊ စွန့်စားခရီး သွားလာလိုစိတ်ပြင်းပြသူ၊ စတိုင်ကျကျ ခရီးသွားသူ၊ ကိုယ်တိုင်စူးစမ်းရှာဖွေသူ၊ အပန်းဖြေခရီးထွက်သူ၊ မိသားစုအဖွဲ့အစည်းနှင့် တွေ့ဆုံရန်လာရောက်သူ၊ အားလပ်ရက် ချိတ်ဆက်ဖန်တီးသူနှင့် အကောင်းစားဇိမ်ခံခရီးသွားခြင်းကို နှစ်သက်သူဟူသည့် ခရီးသွား အမျိုးအစားရှစ်မျိုးခွဲ၍ သုတေသနပြုလုပ်ကာ တစ်ဦးချင်းစီ၏ ခရီးသွားပုံစံအကြိုက်အလိုက် ခရီးစဉ်ဒေသများကို မြှင့်တင်ကြော်ငြာခြင်း၊ ၎င်းခရီးသွားများအတွက် လိုအပ်သော သတင်းအချက်အလက်များပေးခြင်း၊ ခရီးသွားဝန်ဆောင်မှုပေးခြင်း၊ ခရီးသွားများအား ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသသစ်များ ရှာဖွေဖော်ထုတ်ခြင်းများပြုလုပ်ကြသည်။ မြောင်ဒုံဈေးနှင့် နမ်ဒဲမွန်ဈေးကဲ့သို့ လူသွားများသောနေရာများတွင် FIT ခရီးသည်များ သွားရလွယ်ကူအဆင်ပြေစေရန် နေရာများကို လမ်းညွှန်ပြောပြပေးသည့် Volunteer Guide များကို ခန့်အပ်ကာ ခရီးသွားများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ယခုအခါ နိုင်ငံတွင်းသို့ Package Tour ခရီးသည်များ လာရောက်မှုများနေသော်လည်း နောင်တွင် FIT ခရီးသည်များ ပိုမိုဝင်ရောက်လာပါက ၎င်းတို့အတွက် ဦးတည်ကာ ဈေးကွက်ကြော်ငြာခြင်း၊ သတင်းအချက်အလက်များ ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ ခရီးသွားဝန်ဆောင်မှုများ ပြည့်စုံစွာပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော (ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း၊ ဒီဇယ်ဆီ၊ ပရီမီယံ(စက်ဆီ) လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၇-၆-၂၀၁၉ ရက် ၀၉:၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - ၁၂-၆-၂၀၁၉ ရက် ၁၆:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ** - ၁၄-၆-၂၀၁၉ ရက် ၁၀:၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့ ရုံးဖုန်း- ၀၉-၈၉၆၅၆၁၀၉၄ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ(H.S.D)၊ ပရီမီယမ်ဒီဇယ်ဆီ(P.H.S.D)နှင့် ဓာတ်ဆီ (Octane-92) (၂၀၁၉ ခုနှစ် ဇူလိုင်လအတွက်)တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၉ ရက် ၁၄:၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၄-၅-၂၀၁၉ရက်မှစ၍ ၂၄-၆-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သထုံမြို့၊ သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲ ကျင်းပမည့်ရက် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်းကြီးမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၉၃)ကြိမ်မြောက် သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကြီးကို လာမည့် ၁၃၈၁ ခုနှစ် နယုန်လပြည့်ကျော် (၈)ရက်မှ နယုန်လကွယ်နေ့အထိ (ဇွန် ၂၅ရက်မှ ဇူလိုင် ၁ရက်အထိ) ခုနစ်ရက်တိုင်တိုင် ပုံမှန်သတ်မှတ်ရက်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည် စာဖြေသံဃာ အရှင်သူမြတ်တို့ဘုရား။

**အမှုဆောင်အဖွဲ့**
**သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း**

## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍သတိပေးတားမြစ်ချက်

အောက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများသည် ဒေါ်ခင်ခင်သိန်း ၁၀/ကထန (နိုင်)၀၇၂၉၂၈၏ တစ်ဦးတည်းမူပိုင်တံဆိပ်အမှတ်အသားအဖြစ် မြဝတီမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅/၂၀၁၆)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်များဖြင့် သောက်ရေသန့်ဘူး ၂၀လီတာရေဘူးကြီး၊ ၀.၆လီတာရေဘူးနှင့် ၀.၂၂လီတာ ရေခွက်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။




အထက်ပါကုန်အမှတ်တံဆိပ်များကို အတုပြုလုပ်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုခုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူပြီးတုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှားတုပ၍ သံတူကြောင်းကွဲစာလုံးများသုံးစွဲ၍ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဆိုင်းဘုတ်အသုံးပြုခြင်း၊ Online Shopping တွင် အသုံးပြုခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဒေါ်ခင်ခင်သိန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမှုအတွက် ဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်သိန်း**
**၁၀/ကထန(နိုင်)၀၇၂၉၂၈**
**အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့**

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမြို့နယ်၊ လွယ်ကန်ကျေးရွာနေ ဦးအိုက်ဆိုင်-ဒေါ်ဆိုင်ကျင်၏ သမီးများဖြစ်သော မန္တမ်ဆိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၈-၂၀၀၃ နှင့် မအမ်စိန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၉-၂၀၀၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ အထက၊ ဆဋ္ဌမတန်းမှ မသီတာအေးနှင့် တတိယတန်းမှ မယုဇနတို့၏ ဖခင်အမည်မှန်မှာ ဦးဖျင်ကွေး ၁၃/ဟပတ(နိုင်)၀၀၂၂၄၄ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ အထက၊ ပဥ္စမတန်း(B)မှ မောင်သက်နိုင်ဝင်း၏ မိဘအမည်မှန်မှာ ဦးသန်းအေး ၁၃/နဆန(နိုင်) ၀၁၇၈၉၁၊ ဒေါ်အေးအေးခိုင် ၁၃/ဟပတ (နိုင်)၀၂၀၃၃၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ နောင်မွန်အုပ်စု၊ နားယာမကျေးရွာနေ (ဘ)ဦးစိုးမြင့် ၁၃/လရန(နိုင်) ၁၁၈၃၁၉ နှင့် (မိ)ဒေါ်ရန်လီးကျို ၁၃/လရန (နိုင်)၀၉၂၇၁၀ တို့၏သမီး ပြင်ဦးလွင်မြို့ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှ မယဉ်ယဉ်အေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၈-၂၀၀၅ ဖြစ်ပါကြောင်း။

## အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်

လှိုင်မြို့နယ်၊ သူရိန်ရိပ်မွန် (ပေ၅၀×ပေ၈၀)
အုတ်တံတိုင်းခတ်ပြီး၊ ဂရန်မြေ
ဈေးနှုန်း - ၄၉၅၀ သိန်း
ဝယ်မည့်သူများဆက်သွယ်ရန် -
ဖုန်း-၀၉-၉၆၀၀၆၇၆၆၆၊ ၀၉-၇၉၅၀၂၁၈၈၈

## တိုက်ကြီးမြို့၊ မိုးကုတ်ဝိပဿနာ စန္ဒာရာမတောစခန်းရိပ်သာ (၁၀)ရက် တရားစခန်းပွဲ အသိပေးနှိုးဆော်လွှာ

အရှင်စန္ဒသာရ(ကျောင်းကုန်း) သာသနာပြု သီတင်းသုံးတော်မူသော တိုက်ကြီးမြို့၊ မိုးကုတ်ဝိပဿနာ စန္ဒာရာမတောစခန်းရိပ်သာကြီးတွင် ဇွန် ၈ ရက်မှ ဇွန် ၁၇ ရက်အထိ (၁၀)ရက် တရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများသည် ဇွန် (၇)ရက် ညနေ (၄:၀၀)နာရီ အရောက် လာရောက်ရမည်ဖြစ်သည်။

ရန်ကုန်မြို့မှ တရားစခန်းဝင်လိုသော ယောဂီများအတွက် ဟိတ်ဆောက်လုပ်ရေးမိသားစုမှ (ယာဉ်ကြို/ပို့) စီစဉ်ပေးမည်ဖြစ်၍ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း (ဌဈေးအနီး) ဇေယျဝတီစာသင်တိုက်၊ ပုညဝတီကျောင်းသို့ မွန်းလွဲ(၁)နာရီ နောက်ဆုံးထားလာရောက်ရမည်။

**ကြိုတင်စာရင်းပေးသွင်းရန်**
**ဖုန်း-၀၉-၇၉၆၃၇၉၂၂၁၊ ၀၉-၄၂၀၁၃၈၁၈၇၊ ၀၉-၅၄၀၉၂၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန်းဦး ၈/သရန(နိုင်)၀၇၂၆၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၅၅၄၇၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၉၇၂၄၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဉမ္မာကြည် ၈/ရနခ(နိုင်)၀၀၁၀၀၄က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများနှင့် ပူးပေါင်းလုပ်ကိုင်လိုပါသည်

ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူများ ကျောင်းလုပ်ငန်းရောင်းချလိုသူများနှင့် မိမိ၏ကိုယ်ပိုင်ကျောင်းလုပ်ငန်းတိုးချဲ့ရန်နှင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် စိတ်ဝင်စားသူများနှင့် ပူးပေါင်းလုပ်ကိုင်လိုပါသည်။ Management ရော Investment ပါ ထည့်ဝင်နိုင်ပါသည်။ ကျေးဇူးပြု၍ အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပါရှင့်။

**မကေသီဝင်း ဖုန်း-၀၉-၆၉၆၆၇၆၈၉၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၈၄၉၈၇၊ ဂျာလင်းစူပါကပ်-90 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၉/ကပတ(နိုင်)၀၁၉၀၁၉က(ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**



## ဖခင်အမည်မှန်

လဲချားမြို့၊ အထက (၁)၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် နဝမတန်းမှ မနန်းကော်လှိုင်း၏ ဖခင်အမည်မှန်မှာ စိုင်းစိုးဖေ ၁၃/လခန(နိုင်)၀၂၃၄၈၃ ဖြစ်ပါကြောင်း။ **စိုင်းစိုးဖေ**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၇)၊ နဝမတန်း(ဂ)မှ မောင်စွမ်းထက်အား ယနေ့မှစ၍ မောင်ကောင်းစွမ်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းစွမ်းထက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်ခရိုင်၊ ပင်လုံမြို့၊ အမက (၁)မှ အလယ်တန်းပြဆရာမ ဒေါ်နန်းလှမြိုင်နှင့် မလှမြိုင် ၁၃/လလန(နိုင်) ၀၂၆၂၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်နန်းလှမြိုင်(ခ)မလှမြိုင်**

## အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်၊ ရပ်ကွက် (၇)၊ နောင်မိန်းကျေးရွာနေ (ဘ) ဦးစိုင်းဆိုင် ၁၃/လခန (နိုင်)၀၂၄၂၃၅၏သား စိုင်းဆိုင်ထွန်းမိန်း၏ အမည်မှန်မှာ စိုင်းနွံဟန်တိုင်း ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊ တက္ကသိုလ်ဝင်တန်းမှ မပြုံးကြည်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ရွှေ ၁၃/ညရန (နိုင်)၀၀၀၉၂၄ ဖြစ်ပါကြောင်း။ **ဒေါ်ခင်ရွှေ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ် အထက (၆) တောင်ဒဂုံမှ (ဘ)ဦးအေးကို၏သမီး မစံပယ်ဖူးအား ယနေ့မှစ၍ မစံပယ်ဖူးနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မစံပယ်ဖူးနွယ်**

## အိတ်ပိတ်တင်ဒါ (Close Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ်(၄) လမ်းမကြီးအနီး၊ Myanmar Distillery Co.,Ltdမှ အောက်ဖော်ပြပါ လုပ်ငန်းအတွက် အိတ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**သံတိုသံစ(ပုံပြတ်) ရောင်းချခြင်း**

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါတွင်တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်ပြည့်စုံစွာဖော်ပြရန်။ကုမ္ပဏီ/စက်ရုံမှ တင်ဒါဖွင့်မည့်ရက်အား သုံးရက်ကြိုတင်အကြောင်းကြားပါမည်။

တင်ဒါလျှောက်လွှာအား စက်ရုံတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၇၆၈၆၆၈၁၆၈**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့ အထက နဝမတန်း(အောင်)မှ (ဘ)ဦးသက်ဆွေ ၁၄/ဘကလ(နိုင်)၁၄၁၆၈၂၏သမီး မအေးငြိမ်းပြည့်စုံ၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မချမ်းချမ်းမော် ၁၂/ဒဂတ(နိုင်) ၁၂၂၈၃၂ ဖြစ်ပါကြောင်း။ **မချမ်းချမ်းမော်**

## အမည်ပြောင်း

ဦးဇော်မင်းဦး ၁၂/ဒဂရ(နိုင်)၀၁၆၉၉၀၏သား တာမွေမြို့နယ် ICEC ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းရှိ မောင်မင်းမောင်ဟိန်းအား လရောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

အမ်းမြို့ အမှတ်(၄)၊ ဈေးတောင်ရပ်နေ ဦးနေဝင်း၏သမီး အထက(၁) အဋ္ဌမတန်း တက်ရောက်မည့်သူ မမယ်ဒီ ၁၁/အမန(နိုင်)၁၀၀၁၁၅အား မိုင်ဂလိုရီယာမေရီဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မိုင်ဂလိုရီယာမေရီဝင်း**

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် အထက (၁) တက္ကသိုလ်ဝင်တန်းအောင် မမျိုးမမအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝေ ၁၂/ဥကမ(နိုင်)၁၀၅၈၉၈ ဖြစ်ပါကြောင်း။

# အထူးကျေးဇူးတင်မှတ်တမ်းလွှာ

ကျွန်တော် မြရတနာ ဦးကျော်တင့်အား အိန္ဒိယနိုင်ငံ ချားလ်နိုင်မြို့ ဂလိုဘယ်လ်ဆေးရုံကြီးတွင် နှလုံးသွေးကြောချဲ့ခြင်းနှင့် အသည်းအစားထိုးခြင်းကို ကုသပေးသောသမားတော်ကြီး ဒေါက်တာလှိုင်းနှင့် နှလုံးအထူးကုအဖွဲ့၊ အသည်းအထူးကုအဖွဲ့၊ မေ့ဆေးအထူးကုအဖွဲ့၊ ဓာတ်မှန် ဓာတ်ခွဲအထူးကုအဖွဲ့နှင့် အထူးသူနာပြုအဖွဲ့များကိုလည်းကောင်း၊ အထူးကူညီပေးသော ဘာသာပြန် မစ္စတာချားလ်ဂျွန်ဆင်နှင့် မစ္စစပ္ပနားကိုလည်းကောင်း၊ ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံကြီးမှ ကျွန်တော့်အား အချိန်မီ အမြန်ဆုံး အသည်းအစားထိုးရန် စစ်ဆေးတိုက်တွန်းပေးသော အသည်းနှင့်ဓာတ်မှန် ဓာတ်ခွဲအထူးကုသမားတော်များကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ အသည်းအစားထိုးကြသည့် မိတ်ဆွေများကိုလည်းကောင်း၊ ရန်ကုန်မြို့မှ ကိုတင့်ဇော်ခန့်မိသားစုနှင့် ဒေါ်မေသူအောင်တို့ကိုလည်းကောင်း၊ ကျိုင်းတုံ-တာချီလိတ်-မိုင်းဆတ်-မော်လမြိုင်-မန္တလေးမှဆရာတော် သံဃာတော်များ၊ သီလရှင်များကိုလည်းကောင်း၊ စိန်မေရီခရစ်ယာန်သီလရှင်များကိုလည်းကောင်း၊ ကျိုင်းတုံဘိုးဘွားရိပ်သာဘိုးဘွားများ၊ ကျိုင်းငမ်း မူ/ကြို ကျောင်းမှ ဆရာမများ-ကျောင်းကြီးကြပ်ကော်မတီဝင်များ၊ အဘက်ဘက်မှ ပံ့ပိုးပေးသည့်မိတ်ဆွေများ၊ အထူးမေတ္တာပို့သပေးသော ဦးသိန်းစိန် (နိုင်ငံတော်သမ္မတ-ငြိမ်း)နှင့် ဆွေမျိုးများ၊ မိတ်ဆွေများကိုလည်းကောင်း၊ အထူးကူညီပေးသောအစ်ကိုဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်(ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ ကျွန်တော့်အား အသည်းအစားထိုးပေးအပ်သော သမီးကြီး မချောနှင့် ပြုစုပြီး ဆေးဖိုးလှူဒါန်းပေးသော သမီး မီးငယ်နှင့် ကိုဟန်ထွန်း၊ အင်္ဂလန်မှ သမီးလေး လပြည့်စုံ၊ ရန်ကုန်မှ မေတ္တာပို့လျက် ဆေးဖိုးလှူဒါန်းပေးသော သားကြီး ကြွယ်သူဟန်၊ သားငယ် ပြည့်ဖြိုးကြွယ်တို့ကိုလည်းကောင်း၊ မန္တလေးမှ ညီငယ် ကိုစံသိန်းနှင့် ပြုစုပေးကြသော တာချီလိတ်မှ မဆွေ၊ ကလောမှ ဆရာကြီး ဦးရန်အောင်၊ ရန်ကုန်မှ ဆရာမ ဒေါ်နီနီသော်၊ ကျိုင်းတုံမှ မြရတနာမိသားစုနှင့် မန်နေဂျာ နန်းနောင့်နောင့်တို့အားလုံးကို **တစ်သက်မမေ့နိုင်မည့် ကျေးဇူး**ကို အထူးမှတ်တမ်းတင်လျက် အားလုံးကျန်းမာကြပါစေရန် မေတ္တာပို့သအပ်ပါသည်ခင်ဗျား။

**ကျော်တင့်**
**(သုဓမ္မမဏိဇောတိကဘွဲ့နှင့် လူမှုထူးချွန်ဂုဏ်ထူးဆောင်)**
**မြရတနာရွှေဆိုင်၊ ကျိုင်းတုံမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မြေနုသရက်ချောင်း မူလတန်းကျောင်းတွင် ပညာသင်ကြားနေသော တတိယတန်းအောင် (ဘ)ဦးစိန်ကျော်ဦး၏သား မောင်အောင်ဖိုလ်ဖိုလ်ကျော်(ခ) မောင်အောင်ဘိုဘိုကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်အောင်ဘိုဘိုကျော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လီကြည်ရွှေ ၁/မကန (ဧည့်)၀၀၁၈၁၀ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၃၃၆၆၉၄၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဂျာမူနာဒေဝီ ၁/မကန(နိုင်) ၂၆၄၅၈၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၀၁၉၁၈၄၁**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဂျီးပန် ၁/တနန(နိုင်) ၀၂၁၀၁၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၈၁၄၂၁၇**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ နယ်မြေ(၁၄)၊ အမှတ် (၅/၆၄)နေ မောင်ကျော်သက်အောင်နှင့် မြစ်ကြီးနားမြို့ အထက(၄)၊ အဋ္ဌမတန်း(ဂ)(အောင်)မှ မောင်တက်ထွန်းဦးတို့၏ဖခင် အမည်မှန်မှာ ဦးအမောင် ၁/မမန(နိုင်)၀၁၁၉၅၆ ဖြစ်ပါကြောင်း။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄) အဋ္ဌမတန်း(ဂ)(အောင်)မှ (ဘ)ဦးနေဝင်း၏ သမီး မရှင်းသန့်မေ၏ အမည်မှန်မှာ မသီရိရှင်းသန့်မေ ၁/မကန(နိုင်) ၂၃၅၈၀၇ ဖြစ်ပါကြောင်း။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (စီတာပူ)၊ စတုတ္ထတန်း(အောင်) မှ မဆန်ဂီသာ၏ အမည်မှန်မှာ မဘိစနူးမာယာ ဖြစ်ပါကြောင်း။


**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

**09-400940041**
**09-260664490**

**ဖာ SEVEN စံ**

မြေကွက်များရောင်း/ဝယ်ရေး

**ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊**

**(ရွှေပေါက်ကံမြို့သစ်)**

အိမ်အရောက် ငွေပေးချေသည်။

"ပွဲခလုံးဝမယူပါ"။

**09 - 33 333 511**
**09 - 33 333 514**
**09 - 33 333 644**

23 မဆလာ (ကင်းဝင်အရွေးဆိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ် (၁၇/၁)၊ ဦးပိုင်အမှတ် ၁၈/၃+၁၈/၅၊ မြေဧရိယာ ၀ ဒသမ ၄၆၂ ဧကရှိမြေကွက်ကို မူလပိုင်ရှင် ဦးဇော်ဝင်း(ခ)အီစာနှင့် ဒေါ်ကြည်ကြည်တို့နှစ်ဦးထံမှ ၈-၅-၂၀၁၃ ရက်တွင် ဦးလီယုံကွမ်း(ခ)ဝင်းအောင်က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးလီယုံကွမ်း(ခ)ဝင်းအောင် ၁/မကန(ဧည့်)၀၀၀၃၈၅ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၁၉-၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၉၉/၂၀၁၉ ကို ၂၀-၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၄၆၁/၂၀၁၉ အဖြစ် မှတ်ပုံတင်ပြုဆို တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-IV၊ ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၈၄-က)၊ မြေယာအမှတ် (179/321-A)၊ မြေဧရိယာ ၀ ဒသမ ၁၃ ဧကရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးသက်ထွန်း ၉/မမန(နိုင်)၀၂၃၇၈၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ အကွက်အမှတ် (၄၅/မြမာလာရပ်)၊ ဦးပိုင်အမှတ်(၇၃-က)၊ မြေယာအမှတ်(73-A)၊ မြေဧရိယာ ၀ ဒသမ ၀၈၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်စိုးမိုး ၁၃/ရငန (နိုင်)၀၂၉၀၀၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သာကေတ အထက (၂) နဝမတန်းအောင်မြင်ပြီးသူ မောင်နောင်ထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ကြိုင် ၇/အဖန(နိုင်)၀၆၇၇၉၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့မှ အဝေးသင်တက္ကသိုလ်အောင်မြင်ပြီးသူ မဆုမွန်သန္တာအောင်၏ ဖခင်အမည်မှန်မှာ ဦးဘိုးအောင် (ခ) ဦးသိန်းအောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ မောင်ဝင်းကျော်၊ မောင်သိန်းသန်းအောင်၊ မောင်ဇေယျာဖြိုးကို၊ မောင်ဇေယျာဖြိုးညီတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၁၂/သခန(ပြု) ၀၀၂၀၈၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက (၅) တက္ကသိုလ်ဝင်တန်းမှ မဖူးပွင့်သူနှင့် အလက (၁) သတ္တမတန်းမှ မကြယ်စင်သွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်လင်း ၁၂/မဂဒ(နိုင်)၁၇၆၃၆၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 40W/19010 ယာဉ်လက်ဝယ်ရှိသူ ဦးခွာချောက်စံ ၉/မကန(နိုင်)၀၅၄၃၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၃**

| | | |
|---|---|---|
| ဒေါ်နန်းခင်မေ | **နှင့်** | ဦးစိုးမောင် |
| **တရားလို** | | **တရားပြိုင်** |

ဦးစိုးမောင် (ဘ)ဦးချစ်ထွန်း ၂၈-၂၉လမ်း၊ ၆၃-၆၄ လမ်းကြား၊ အောင်တော်မူဘုရားမြောက်ဘက်ပေါက်၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက် (၁၃၈၁ ခုနှစ် နယုန်လပြည့်နေ့) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သောစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အေးအေးလင်း)**
**ဒုတိယခရိုင်တရားသူကြီး (၉)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ် (၃၂၅)၊ မြေကွက်တည်နေရာအမှတ် (၃၂၅)၊ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ပေါင်းကူညဏဂရန်စီမံချက်အတည်ပြုစာရင်းအမည်ပေါက် ဦးအောင်နိုင် ၁၂/မဂဒ(နိုင်)၀၀၂၆၅၉ ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ် ၅၉၄၊ မြေကွက်တည်နေရာအမှတ် ၅၉၄၊ ငုဝါလမ်း၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ပေါင်းကူညဏဂရန်စီမံချက်အတည်ပြုစာရင်းအမည်ပေါက် ဦးညဏ်ရွှေ ၁၂/မဂဒ(နိုင်)၀၆၂၅၅၁ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ် ၂၈၈၊ မြေကွက်တည်နေရာအမှတ် ၂၈၈၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ပေါင်းကူညဏဂရန်စီမံချက် အတည်ပြုစာရင်းအမည်ပေါက် ဒေါ်မေသက်ထား ၁၂/ပဘတ(နိုင်)၀၀၄၀၇၈ ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ် (၄၄၉)၊ မြေကွက်တည်နေရာအမှတ်(၄၄၉)၊ နွယ်သာကီလမ်း၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ဒေါ်မြင့်မြင့်သူ ၁၂/ပဘတ (နိုင်)၀၀၆၁၅၈ ငယ်စာရင်းအမည်ပေါက်ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညဏစီမံချက်)၊ မြေကွက်အမှတ်(၁၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀/ခ)၊ စပါယ်လမ်း၊ ပေါင်းကူညဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ပေါင်းကူညဏဂရန်စီမံချက်အတည်ပြုစာရင်းအမည်ပေါက် ဦးဘိုးလှ ၁၂/မဂဒ(နိုင်)၀၇၁၉၄၄ ကိုယ်တိုင်မှ ပေါင်းကူညဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကို တင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/9127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/5895 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8044 Toyota Mark x GRX 121 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတန်အိန်ဟို(ခ) ဦးစိုးဝင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၅ယ/၇၀၆၇၀ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်းထက်လင်း ၁၄/မအန(နိုင်)၂၆၈၃၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/8681 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/5169 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/6157 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Daw Theresa (ခ) ဒေါ်စန်းနု**

Nay Brothers Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးအောင်သူနှင့်ဇနီး ဒေါ်ဆိုဖီယာတို့၏ မိခင်ဖြစ်သူ Daw Theresa (ခ) ဒေါ်စန်းနု၊ အသက်(၈၃)နှစ်သည် ၂၂. ၅. ၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးဒေါက်တာလှမောင် မိသားစု**
**နှင့်**
**မြတ်မွန်ရတနာအထူးကုဆေးခန်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မင်း

### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)အကြံပေး(ငြိမ်း)

### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

### အသက်(၈၇)နှစ်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကြံပေး (ငြိမ်း) ဦးအောင်မင်းသည် ၂၂-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းခိုင်-ဒေါ်လှလှမူ**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးတင်မောင်၏သား ဦးဇော်လေး(ခ) ဦးဇော်မောင်မောင် ၁၂/ရပသ(နိုင်) ၀၂၆၆၂၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပန်းပင်တန်းအုပ်စု သဲဖြူကျေးရွာနေ မောင်ကျော်ကျော်အောင်ဇေ၊ မောင်ဇေယျာဝင်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်ငြိမ်းငြိမ်းအေး ၁၂/တကန(နိုင်) ၁၅၇၆၅၈ ဖြစ်ပါကြောင်း။

**ဒေါ်ငြိမ်းငြိမ်းအေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9878 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4797 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျားခေါင်းကျေးရွာ အလက (ခွဲ) အဋ္ဌမတန်းအောင်မှ မောင်ညီညီနိုင်၏ ဖခင်အမည်မှန်မှာ ဦးနုလှိုင် ၇/သနပ(နိုင်)၀၄၉၇၂၀ ဖြစ်ပါကြောင်း။

**ဦးနုလှိုင်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ နယ်မြေ (၃)(၂၇) လမ်းနေ ဦးစံမိုး -ဒေါ်ဖြူဖြူသင်းတို့၏သား မောင်စွမ်းရတု၏ အမည်မှန်မှာ မောင်အောင်ကောင်းမိုးဖြစ်ပါကြောင်း။

**မောင်အောင်ကောင်းမိုး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ ၀ဒသမ၀၃၆ဧက၊ ဘိုးဘွားပိုင်မြေ မောင်လှစိန်+မောင်တင်စိန်အမည်မှ ဦးသန်းစိုး (ခ)ဦးလှအောင် ၁၄/ပတန(နိုင်)၁၂၃၄၂၇ အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ပန်းတနော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပတ်သက်ဆက်စပ်သည့် စာရွက်စာတမ်းများ၊ ခိုင်လုံသော အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ ပန်းတနော်မြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၃၅ နှင့်ဆက်နွယ်သည့်**
**၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၅**

ဦးမြင့်ကြိုင် **နှင့်** ဦးကျော်မြင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးကျော်မြင့်၊ ဦးပိုင်အမှတ် ၂၊ အကွက် ၂၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၄၃၅တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမြင့်ကြိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် သင်ကိုယ်တိုင်ဖြစ်စေ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက် မွန်းမတည့်မီ ၉း၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ခုနှစ် မေ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အေးအေးလင်း)**
**ဒုတိယခရိုင်တရားသူကြီး (၉)**
**မန္တလေးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အမက(၁၈) စတုတ္ထတန်းမှ မသဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၁၂/လသယ(နိုင်)၀၈၂၃၄၇ ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင် မိုးညိုမြို့နယ်၊ ပတ္တော်အုပ်စု၊ ပတ္တော်ကျေးရွာနေ မငြိမ်ဝါလွင် ၇/မညန(နိုင်) ၁၁၄၁၁၆၏ဖခင် ဦးအောင်မြင့် (ခ) ဦးဝင်းမြင့်၇/မညန(နိုင်)၀၄၆၉၂၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်မြင့်(ခ)ဦးဝင်းမြင့်**

## ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ နံ့သာကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မမေမြတ်သူ၏ဖခင်အမည်မှန်မှာ ဦးကျော်စန်းဝင်း ၈/ပမန(နိုင်)၀၉၄၈၆၄ ဖြစ်ပါကြောင်း။

**ဦးကျော်စန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်မြို့၊ အထက(၁)နဝမတန်း(E)မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အောင်မြင်သူ မောင်ဖြိုးမင်းသန့်၏ ဖခင်အမည်မှာ ဦးရန်နိုင်(ခ)ဦးရန်လင်းထွန်း ၁၄/ပသန(နိုင်)၂၀၇၅၈၈သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းလမ်းနေ မထက်မာအောင် ၅/မရန(နိုင်)၁၉၀၆၆၇ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မထက်မာအောင်၏မိခင်သည် ဒေါ်ချိုချိုနုဖြစ်ပြီး ဒေါ်ချိုချိုနုမှာ မလေးရှားနိုင်ငံသို့သွားရောက်နေထိုင်ကာ စီးပွားရေးလုပ်ကိုင်ခဲ့ပြီးနောက်ပိုင်းတွင် 'ကောင်း' အမည်ဖြင့် မြန်မာအစားအသောက်များရောင်းချသည့် စားသောက်ဆိုင်တစ်ဆိုင်ကို ဖွင့်လှစ်ခဲ့ပါသည်။ ထိုစားသောက်ဆိုင်သည် မလေးရှားနိုင်ငံ ဆရာမ်ဘန်းမြို့၌ တည်ရှိပါသည်။

မထက်မာအောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းလမ်းတွင် သီးခြားအိုးအိမ်ခွဲ၍ နေထိုင်သူဖြစ်ပါသည်။ ထို့ကြောင့် မထက်မာအောင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းမှာ သီးခြားဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ချိုချိုနုလုပ်ကိုင်နေသော အသက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများမှာ မထက်မာအောင်နှင့် မည်သို့မျှ ဆက်စပ်ပတ်သက်ခြင်း မရှိကြောင်း သတိပေးအကြောင်းကြားလိုက်သည်။

မထက်မာအောင်နှင့်၎င်း၏မိခင်တို့မှာ မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာ ယဉ်ကျေးမှုတို့အရ မိဘနှင့်သားသမီးနွေးထွေးစွာ ဆက်ဆံသည့်အခြေအနေမှအပ တစ်ဦး၏လူမှုရေးကိစ္စ၊စီးပွားရေးကိစ္စ၊ မိသားစုကိစ္စအဝဝတို့ကို ကျန်တစ်ဦးက ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းမရှိဘဲ ကိုယ့်စည်းကမ်း၊ ကိုယ့်ကျင့်ဝတ်သိက္ခာ စံနှုန်းများနှင့်အညီ နေထိုင်ခြင်းဖြစ်သည်ကိုလည်းသိစေရန် သတိပေးကြေညာလိုက်သည်။

ထိုအခြေအနေများအရ မိခင်ဒေါ်ချိုချိုနုနှင့် ဆက်စပ်ပတ်သက်သည့် အကြောင်းအရာများအပေါ် အခြေခံ၍ မထက်မာအောင်၏ မိခင်နှင့်ဆက်စပ်ပတ်သက်သူအချို့က မထက်မာအောင်ကိုပါ ရောထွေးအသုံးချပြီး မထက်မာအောင်၏ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေသည့် စကားများသုံးနှုန်း၍ လည်းကောင်း၊ ဓာတ်ပုံများအသုံးပြု၍လည်းကောင်း လူမှုကွန်ရက်တွင် မမှန်မကန်ဖော်ပြထားသူများအား ဤကြေညာချက်ပြုသည့်ရက်မှစ၍ ဖျက်သိမ်းပေးရန် သတိပေးကြေညာလိုက်သည်။

အဆိုပါ လူမှုကွန်ရက်တွင် မထက်မာအောင်၏ ကိုယ်ကျင့်သိက္ခာ၊ ဂုဏ်သိက္ခာတို့ ထိခိုက်ပျက်ပြားစေသောအသုံးအနှုန်းများ၊ ဓာတ်ပုံများကို ဆက်လက်အသုံးပြုပြီး ဆက်လက်ဖော်ပြနေမည်ဆိုပါက မထက်မာအောင်က တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **မထက်မာအောင်** | **ဦးသန်းထွန်း** | **ဒေါ်အေးအေးဆွေ** |
| **၅/မရန(နိုင်)၁၉၀၆၆၇** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၇၆၀၉၀၂၁၇၁** | **(စဉ်-၃၈၆၄/၁၉၈၆)** | **(စဉ်-၈၇၅၁/၂၀၁၃)** |

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မင်း B.Sc.Engg

### (MD Ret;M.O.G.E)(Adviser Ret, စွမ်းအင်ဝန်ကြီးဌာန)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁) လမ်း၊ အမှတ်(၅၆)၊ လေးလွှာနေ(ဦးစက်ရွှင်-ဒေါ်မြကြည်)တို့၏သား၊ (ဒေါ်သင်းသင်းဆွေ Hedy Hla Pe)၏ခင်ပွန်း၊ ဦးယဉ်မင်း-ဒေါ်မိုးသီတာအောင်(UNHCR)၊ ဦးကျော်ကျော်မင်း(Tracy)-ဒေါ်ချောစုမောင်၊ ဦးသန်းဇော်မင်း(Steven)-ဒေါ်သဲဖြူအေး၊ ဦးမင်းမိုးဦး-ဒေါ်ခင်ချိုမင်း၊ ဦးကျော်သူ-ဒေါ်လွဲ့လွဲ့မင်းတို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၂-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ် နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား များနံနက် ၇နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၉ရက်(အင်္ဂါနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၈)၊ အကွက်အမှတ် ၃၆/ရှမ်းဈေးတန်းရပ်၊ ဦးပိုင် ၂၇၊ ဧရိယာ ၀ဒသမ၂၉၅ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၄၆၅-၅/၂၀၀၆-၂၀၀၇(အေ)ဖြင့် ဦးတူးနန် အမည်ပေါက်မြေဖြစ်ပြီး ၎င်းသည် ၈-၆-၂၀၀၈ရက်တွင် ကွယ်လွန်သွားပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ခွန်ရှောင်မှ ကျမ်းကျိန်ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၂၄I/၂၀၁၇ဖြင့် လွှဲပြောင်းပိုင်ဆိုင်ပြီး ဒေါ်ခွန်ရှောင် ၁၃/လရန(နိုင်)၀၈၉၄၀၇ မှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ (၃)၊ အကွက်အမှတ် ၃/ခ-ဘူတာအနောက်၊ ဦးပိုင်အမှတ် ၁၆၆၊ ဧရိယာ ၀ဒသမ၆၇၀ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၃၁၄-၅/၉၈-၉၉(အေ) ဒေါ်မီမီသန့် အမည်ပေါက်မြေဖြစ်ပြီး ၁၁-၂-၂၀၁၆ရက် အရောင်းအဝယ်စာချုပ်အမှတ် ၂၉၃I/၂၀၁၆ဖြင့် ဦးသန်းမြတ်ကျော်အား မြေကွက်၏တောင်ဘက်ခြမ်း ၀ဒသမ၁၂၉ဧကအား ခွဲစိတ်ရောင်းချပြီးဖြစ်၍ ဦးသန်းမြတ်ကျော် ၉/အမရ(နိုင်)၀၉၈၄၃၄မှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက် ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လားရှိုးမြို့**

## ဒေါ်အေးအေးမြင့်

### အလက(၃)တာမွေ၊ အလယ်တန်းပြ

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၂၆၇)၊ အခန်း(၉)နေ ဦးသိန်းဟန်-(ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးမောင်ပိုက်၏ဇနီး၊ ဦးကျော်မြင့်(TEMPERANCE TRADIG Co,Ltd)-ဒေါ်နှင်းနှင်းခိုင်၊ ဦးတိုးလွင်(M.T.M SHIP MANAGEMENT PTE,Ltd)-ဒေါ်ကေသီခိုင်၊ ဒေါက်တာမျိုးဇော်သိန်း-ဒေါ်မီမီနွယ်(USA)တို့၏အစ်မ၊ မောင်လွင်ကိုဦး၊ မောင်ဟန်ထူးဇော်၊ မောင်ထက်အောင်လှိုင်၊ မဂျူးစန္ဒီ၊ မောင်ဟန်ဝင်း(THOMAS)တို့၏ကြီးတော်သည် ၂၂-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၁၉ ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၉) တက္ကသိုလ်ဝင်တန်းမှ မောင်ဘရန်ဆန်အောင်၏ဖခင် ဦးအောင်နိုင်၏ အမည်မှန်မှာ ဦးအောင်နန်း ၁၃/လရန(နိုင်)၀၈၀၀၉၆ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာခြင်း

မြင်းမူမြို့၊ မင်းရဲကျော်စွာရပ်နေ ဦးကျော်စိန်(ခ)ဦးစိန်အောင်မင်း (ဘ)ဦးအေးသည် ၎င်းပိုင်ဆိုင်သည့် မြင်းမူမြို့၊ အမှတ်(၃)နယ်မြေ၊ မင်းရဲကျော်စွာရပ်၊ အကွက်အမှတ်(၁၁)၊ အရှေ့ရပ်၊ ဦးပိုင်အမှတ် (၁၀၃)၊ ဧရိယာ ၀ဒသမ၀၅၄ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်ဦးဃောသိတ၊ အင်းဝမြို့၊ အနောက်ရိပ်သာ၊ သာသနာ့ဗိမာန်ကျောင်းတိုက်သို့ လှူဒါန်းထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဃောသိတ**
**၅/မရန(နိုင်)၀၀၂၄၀၃**
**အနောက်ရိပ်သာ**
**သာသနာ့ဗိမာန်ကျောင်းတိုက်**
**အင်းဝမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၉၈၂၅ Honda C90 Custom GM ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မင်းမင်း ၉/ပသက(နိုင်)၁၉၀၅၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1193 Lifan Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဖြိုးဝေလျှံကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/8983 Nissan VanetteVN 200 VM 20 Delivery Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်မင်းခန့် ၉/ခမစ(နိုင်)၀၅၈၁၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/1167 Honda Fit GE6 H/B(4x2)R (ကမ-၃) အမည်ပေါက်သူ ဒေါ်အေးအေးဖြူ ၁၂/သကတ(နိုင်)၁၇၅၈၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား ရှင်းလင်းပြောကြား

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center-NRPC) ၌ ရန်ကုန်မြို့အခြေစိုက် သံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တွေ့ဆုံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ထိတွေ့ဆွေးနွေးမှုအခြေအနေ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပြန်လည်လက်ခံရေးစတင်ရန် မြန်မာဘက်မှ အသင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂ၊ အာဆီယံ၊ AHA Centre တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အကြံပြုချက်များအား ပြန်လည်သုံးသပ်မှု ပြုလုပ်နေသည့်အခြေအနေ၊ IDP စခန်းများ ပိတ်သိမ်းသွားနိုင်ရေးအတွက် အစိုးရမှ ဆောင်ရွက်နေသည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

# ၂၀၂၁ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာနှင့် ထိုင်း ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် လျှောက်ထား

**ရန်ကုန် မေ ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းဘောလုံးအဖွဲ့ချုပ်တို့ ပူးတွဲလက်ခံကျင်းပရန် ကြိုးပမ်းမည်ဖြစ်ပြီး ဖီဖာထံ တင်ပြလျှောက်ထားခဲ့သည်။

၂၀၂၁ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် နိုင်ငံငါးနိုင်ငံက လျှောက်ထားပြီး တောင်အမေရိကမှ ဘရာဇီးလ်နိုင်ငံ၊ ပီရူးနိုင်ငံ၊ အရှေ့တောင်အာရှမှ အင်ဒိုနီးရှားတို့က တစ်နိုင်ငံတည်း ကျင်းပမည်ဖြစ်ကာ ပူးတွဲအိမ်ရှင်အဖြစ် အရှေ့တောင်အာရှမှ မြန်မာနှင့် ထိုင်း၊ အာရှမှ ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့က လျှောက်ထားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ပထမဆုံးအကြိမ် ကြိုးပမ်းခြင်းဖြစ်ပြီး တစ်နိုင်ငံတည်းကျင်းပရန် မလွယ်ကူသောကြောင့် ထိုင်းနိုင်ငံနှင့်ပေါင်းကာ လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ●



၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည့် မြန်မာအသင်း။ ဓာတ်ပုံ-စိုးညွန့်

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံ သုဝဏ္ဏကွင်း၌ စတင်တည်ဆောက်နေ

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်အားကစားနည်း တိုးတက်လာစေရန်နှင့် ပြိုင်ပွဲများစဉ်ဆက်မပြတ် ကျင်းပနိုင်ရန် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံ စတင်တည်ဆောက်နေပြီဖြစ်သည်။

ဖူဆယ်အားကစားရုံတည်ဆောက်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ကလည်း FIFA Forward Program အစီအစဉ်ဖြင့် ဒေါ်လာနှစ်သန်း ထောက်ပံ့ထားပြီး ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းအပြီးတည်ဆောက်မည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ဖူဆယ်ကစားသည့် အားကစားရုံ သီးခြားမရှိသောကြောင့် ပြိုင်ပွဲများကျင်းပရာတွင် အခက်တွေ့မှုများရှိခဲ့သော်လည်း ၂၀၂၀ နှစ်လယ်ပိုင်းမှစ၍ ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်တော့မည်ဖြစ်သည်။ ပရိသတ် ၂၀၀၀ ကြည့်ရှုအားပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည်ဖြစ်သည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❖

မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လူကုန်ကူးမှု ၁၉ မှုရှိပြီး အမျိုးသမီးငယ် ၃၀ လူကုန်ကူးခံခဲ့ရ စာ ၁၂

ရွှေပြည်သာမြို့နယ်အတွင်း ရတနာပစ္စည်းများ ခိုးယူသွားသူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိ စာ ၁၃

